# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၀ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၁၆၂)


# COVID-19 ရောဂါဖြစ်ပွားမှု ဖြစ်စဉ်များသည် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးကဏ္ဍကို စိန်ခေါ်နေသည့် ကိစ္စတစ်ရပ်ဖြစ်သဖြင့် မိမိတို့နှင့် ပြည်သူများ၊ နီးနွယ်ဝန်ကြီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် တညီတညွတ်တည်းပူးပေါင်း၍ ကာကွယ်ထိန်းချုပ်ရမည်

**နေပြည်တော် မတ် ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၁/၂၀၂၀) မှတစ်ဆင့် ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများထံသို့ အသိပေးစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည်မှာ ဇန်နဝါရီ ၅ ရက်မှ ယခုအချိန်အထိ နှစ်လကျော်ကာလ ရှိပြီဖြစ်ပါကြောင်း၊ အစဦးတွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် အရေးကြီးသော်လည်း နှစ်လကြာပြီး ယခုအချိန်၌ ပြည်သူများ၏ သိရှိပါဝင်မှု အခန်းကဏ္ဍသည် ပိုမိုအရေးကြီးလာပြီ ဖြစ်ပါကြောင်း၊ ပြည်သူများ၏ COVID-19 ရောဂါအပေါ် ခံယူချက်၊ ရောဂါ၏ ကူးစက်ပျံ့နှံ့မှုနှင့် ကာကွယ်ထိန်းချုပ်မှုတို့ကို သိရှိနားလည်မှု အတိုင်းအတာ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများ မိမိတို့ကိုယ်တိုင် လိုက်နာဆောင်ရွက်ရမည့် အခန်းကဏ္ဍ၊ မိမိ၌လည်းကောင်း၊ မိမိ၏ပတ်ဝန်းကျင်၌လည်းကောင်း သံသယရောဂါလက္ခဏာ ဖြစ်ပွားမှုတွေ့ရှိပါက အနီးဆုံးကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးဌာနထံသို့ သတင်းပေးပို့ရန် တာဝန်ရှိမှု၊ မိမိတို့ ပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းပါက ရောဂါဖြစ်ပွားမှုနှင့် ကူးစက်မှုများ ကာကွယ်နိုင်မည်၊ ထိန်းချုပ်နိုင်မည်ဆိုသည့်အချက်၊

စာမျက်နှာ ၄ ကော်လံ ၁ ❏



COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၁/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

## အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်နှုန်း ကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေး လိုက်ပါကျဆင်း

**ရန်ကုန် မတ် ၉**

အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်နှုန်းကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေး လိုက်ပါကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

လက်ရှိ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၅ ရက်မှစ၍ ကျပ် ၁၅၀၀ အောက်သို့ ကျဆင်းလာခဲ့ပြီး မတ် ၉ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၃၅၀ အထိ ဖြစ်လာခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ရွှေဈေး တက်နေသော်လည်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ထပ်မံကျဆင်းပါက ပြည်တွင်းရွှေဈေး ဆက်လက်ကျဆင်းနိုင်ကြောင်း ၎င်းက ပြောကြားသည်။

"ငွေကြေးလဲလှယ်မှု ကျတဲ့နှုန်းက ပိုပြီးများနေတယ်။ ကမ္ဘာ့ရွှေဈေး တက်တဲ့အားက အဲဒီလောက်ထိ မရှိဘူး။ ငွေကြေးလဲလှယ်မှု ကျတဲ့အားက တအားများသွားတယ်"ဟု ဦးအုန်းမြိုင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

**မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များအသင်းမှ ဆီထွက်နှုန်းကောင်းမွန်သည့် အိန္ဒိယမျိုးမြေပဲများ စမ်းသပ်စိုက်ပျိုး**

စာ ၄

**မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သည့်ဒုံးကျည်များ ဂျပန်အထူးစီးပွားရေးဇုန်အပြင်ဘက်သို့ ကျရောက်ခဲ့ဖွယ်ရှိ**

စာ ၁၄




# ငြိမ်းချမ်းသည့် လောကကို ထူထောင်တည်ဆောက်နိုင်ကြစေ

ချမ်းသာသူက ချမ်းသာဂုဏ်မောက်ပြီဆိုလျှင် ချမ်းသာမာန်တက် မာနဖက်လာလေ့ရှိ၏။ ထိုသူသည် ဤလောကကြီး၌ ချမ်းသာမာန်မတက်ပါဘဲ သူ့ထက် များစွာချမ်းသာသောသူတွေ များစွာ များစွာရှိသည်ကို သတိမပြုမိချေ။ ဤသည်ကိုပင် အဝိဇ္ဇာဟုခေါ်၏။ အမှန်ကို မမြင်နိုင်။ မာန်မာနတက်လွန်းသည့်အခါ ဂုဏ်မောက်မာနေသည့်အခါ အမှန်ကို မမြင်တတ်တော့။ ငြင်းပယ်လို့မရနိုင်အောင် သိသာထင်ရှားလွန်းသော အမှန်တရားကိုပင် အဝိဇ္ဇာ အမိုက်မှောင်က ဖုံးကွယ်ထားတတ်သောကြောင့် ဖြစ်ပေသည်။

ချမ်းသာသူက ချမ်းသာဂုဏ်မောက်သကဲ့သို့ ပညာဂုဏ်မောက်ကာ မာန်တက်တတ်သူများလည်းရှိ၏။ ထို့အတူပင် ရုပ်ရည်ချောမောပြေပြစ်သူ၊ ဦးနှောက်ဉာဏ်ကောင်းသူ၊ ဝီရိယကောင်းသူ စသည့်စသည့် ကိုယ့်တွင်ရှိသည့် အားသာမှုကို အခြေခံကာ မာန်မာနတက်ကြလေ့ရှိ၏။ ဤကဲ့သို့သော မာန်မာနတက်မှုများကြောင့် မောက်မာတတ်ကြသည်လည်း ရှိ၏။ ထိုမာန်မာနတက်မှုများက ကုသိုလ်ရေးရာပြုကြသည့် လုပ်ငန်းများ၊ ပရဟိတလုပ်ငန်း လုပ်ဆောင်ရာတို့တွင်ပါ ရှိနေသည်ကို စိတ်ထိခိုက်ဖွယ် တွေ့မြင်ရတတ်လေ့ရှိ၏။ သူက ပို၍ ပရဟိတလုပ်နိုင်သည်၊ ငါက ပို၍ လှူနိုင်တန်းနိုင်သည်၊ ကိုယ်က ပို၍ ကုသိုလ်ဖြစ်သည် စသည်ဖြင့် ပြိုင်ကြဆိုင်ကြ မာန်တက်ကြခြင်းဖြင့် အကျိုးမဲ့ဖြစ်ရသည့် သာဓကများစွာရှိပေသည်။ အမှန်ကတော့ မည်သည့်မာန်မှုမတက်၊ မည်သည့်မာနမှုမထောင်လွှားပါဘဲ မိမိထက် ကုသိုလ်ပြုနိုင်သူ၊ မိမိထက် ပရဟိတလုပ်နိုင်သူ အများအပြား ကမ္ဘာပေါ်မှာ ရှိနေသည်ကို သတိချော်နေကြခြင်းမျှသာ။

ပညာရှိသူတို့၊ ပညာတတ်သူတို့က ပညာမာန်၊ ဥစ္စာပစ္စည်းကြွယ်ဝသူက ပစ္စည်းမာန်တို့ ရှိသကဲ့သို့ မိမိသန်ရာသန်ရာ၊ မိမိအားသာရာတို့ဖြင့် မာန်တက်သည်တို့ကလည်း လောကတစ်လွှား အများအပြား။ ကိုယ့်လောက် ဘယ်သူက လုပ်ရဲသလဲဟု အမြင်လွဲနေသည့် ရဲရင့်မာန်၊ ဘယ်သူ ကိုယ့်လောက်မိုက်သလဲဟူသော အမိုက်ဖုံးသည့် မိုက်မာန်၊ မိမိလောက် ဘယ်သူမှ မချစ်နိုင်ဟူသည့် အဝိဇ္ဇာဖုံးနေသော အချစ်မာန် စသည့် ငါမှငါဟု ထင်တစ်လုံးရောက်နေသော အသိအမှောင်ဖုံးသည့် မာန်တို့သည် သူတစ်ပါးကို အထင်သေးစိတ်ဖြစ်ပေါ်စေပြီး အကျိုးနည်းခြင်းသို့ ဦးတည်တော့သည်။

ထိုမာန်မာနနှင့် သူတစ်ပါးကို အထင်အမြင်သေးခြင်းတို့သည် ခက်ထန်မှုနှင့် အကုသိုလ်တရားကို ဖန်တီးထုတ်လုပ်ပြီး သူတစ်ပါး၏ အခန်းကဏ္ဍကို အသိအမှတ်ပြုနိုင်ခြင်း၊ မိမိကိုယ်ကိုယ် နှိမ့်ချတတ်ခြင်းတို့ကသာ လူကြီးလူကောင်းစိတ်ဓာတ်၊ ကုသိုလ်စိတ်တို့ကို ပွားများပေါ်ပေါက်စေမည်ဖြစ်ပေသည်။ လောကဓမ္မတာအရ လူမှုအသိုင်းအဝိုင်းအတွင်း၌ ရှိနေသည့် အတ္တပရ မိမိအကျိုး အများအကျိုးဟူသည့် လုပ်ငန်းဆောင်တာများကို မိမိတတ်စွမ်းသလောက် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ သူတစ်ပါး၏ စွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြုခြင်း စသည့် စိတ်နေသဘောထားတို့ဖြင့် လောကအကျိုးစီးပွားကို တိုးပွားခြင်းငှာ ဖြစ်စေအပ်ပါသည်။

လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် အနုတ်လက္ခဏာ သက်သက်သာဖြစ်သည့် မာန်မာနတက်ခြင်း၊ ထောင်လွှားမောက်မာခြင်း၊ ခက်ထန်ခြင်းတို့ လျှော့ပါးနိုင်ကြပါစေသတည်း။ မေတ္တာပွားများခြင်းဖြင့် လည်းကောင်း၊ မုဒိတာပွားများခြင်းဖြင့်လည်းကောင်း အဝိဇ္ဇာရှင်းသည့် လောကအမြင်တို့ ရကာ ငြိမ်းချမ်းသည့်လောကကို ထူထောင်တည်ဆောက်နိုင်ကြပါစေသတည်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာတွင် မြန်မာ့ရိုးရာဆံရစ်ဝိုင်း၊ ဆံတောက်ထားရှိခြင်းနှင့်အတူ ရိုးရာဖျင်တဘက်များ ထိန်းသိမ်းရက်လုပ်လျက်ရှိ

**နွားထိုးကြီး မတ် ၉**

**မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းရွာတွင် ယနေ့တိုင် မြန်မာမှု ဆံကေသာ ဆံရစ်ဝိုင်း၊ ဆံတောက်ထားရှိခြင်းများနှင့်အတူ ကိုယ်တိုင်စိုက်ပျိုးသော ဝါဖြင့် ရိုးရာဖျင်တဘက် ရက်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ထိန်းသိမ်း လုပ်ကိုင်လျက်ရှိကြောင်း မတ် ၈ ရက်က ဘူးကိုင်းကျေးရွာမှ မလှကြူခင်ထံမှ သိရသည်။**

ခံစပ်ကုန်းရွာမှ မိန်းကလေးများမှာ ငယ်ရွယ်စဉ်ကာလ ဆံရစ်ဝိုင်းထားရှိပြီး ပျိုဖော်ဝင်စအရွယ်တွင် ဆံတောက်များ ထားရှိကြသည်။ လက်ရှိကာလတွင် ခံစပ်ကုန်း အရှေ့ရွာနှင့် အနောက်ရွာရှိ ဆံတောက်နှမ အမျိုးသမီးများသည် ရိုးရာ ထန်းလျက်ချက်လုပ်ငန်း၊ ဖျင်တဘက် ရက်လုပ်သည့် လက်ရက်ကန်းလုပ်ငန်းနှင့် ဆေးလိပ် လိပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ပြီး တစ်နေ့လျှင် ငွေကျပ် ငါးထောင်မှ ခြောက်ထောင်ကျော်အထိ ပုံမှန်ဝင်ငွေ ဖော်ဆောင်နိုင်ကြောင်း သိရသည်။

ဆံရစ်ဝိုင်းတို့ရွာဟု တင်စားခေါ်ဝေါ်သော ခံစပ်ကုန်းရွာ၌ ရိုးရာလက်မှုလုပ်ငန်းတွင် ကိုယ်တိုင် ဝါစိုက်ပျိုးကာ စိုက်ခင်းမှ ထွက်သော ဝါများဖြင့် ကိုယ်တိုင်လက်ငင်ချည်များ ပြုလုပ်ကာ ဆေးဆိုးပြီး ရိုးရာဖျင်ကြမ်းတဘက်ရက်လုပ်၍ ပုံမှန်ဝင်ငွေ ရရှိအောင် ဆောင်ရွက်ကြသည်။ ကိုယ်တိုင်စိုက်ပျိုးရာမှ ရရှိလာသော ဝါများကို ရိုးရာဝါကြိတ်စက်ဖြင့် ကြိတ်ကာ ဝါစေ့နှင့် ဝါဂွမ်းကွဲသွားအောင် ပြုလုပ်ခြင်းမှ ရရှိလာသော ဝါဂွမ်းများကို ဝါဖတ်စက်ဖြင့် ဝါဖတ်ခြင်းမှအစ ရိုးရာနည်းအတိုင်း ပြုလုပ်ရသည်။

ဝါဖတ်ပြီးသည်နှင့် မိုင်းတောင့်ပြုလုပ်ကာ ချည်ရရှိအောင် ရစ်ခုံဖြင့် ချည်ငင်ပေးကြရသည်။ ချည်ခင်ဖြစ်သွားပါက ချည်ခင်ဆေးဆိုးခြင်းလုပ်ငန်းများ လုပ်ကိုင်ကာ ကိုယ်ပိုင်လက်ရက်ကန်းစင် ကလေးများဖြင့် ဖျင်ကြမ်းတဘက်များကို ရက်လုပ်ကြသည်။

ကိုယ်ပိုင်ဖျင်ကြမ်း တဘက်ရက်ကန်းစင်တွင် ချည်အမျိုးအစားအလိုက် အတောင်သုံးဆယ်တစ်စင်အဖြစ် စင်တင်ကာ ရက်လုပ်ကြသည်။ တဘက် ရက်လုပ်ရာတွင် တဘက် တစ်ထည်၏ အတိုင်းအတာမှာ အလျား နှစ်တောင်နှင့် တစ်ထွာ (နှစ်တောင့်ထွာ)၊ အနံမှာ တစ်တောင်တစ်ထွာ (တစ်တောင့်ထွာ) ရှိသည်။ တစ်နေ့ လူတစ်ဦးလျှင် တဘက်လေးထည်မှ ငါးထည် ပြီးစီးသည်။ တဘက်တစ်ထည် ရောင်းဈေးမှာ ငွေကျပ် နှစ်ထောင်ငါးရာနှုန်းဖြင့် ရောင်းချပေးသည်။ လက်ရှိကာလတွင် ဆံရစ်ဝိုင်းတို့၏ ခံစပ်ကုန်းရွာ၌ ရိုးရာထန်းလျက် ချက်လုပ်ငန်း၊ ဖျင်ကြမ်းတဘက် ရက်လုပ်သည့်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို လုပ်ကိုင်ကာ ပုံမှန်ဝင်ငွေ ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**



## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/၉လ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဝေါမြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ် လူနာဆောင်သစ်ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ် လူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ တိုးချဲ့နှစ်ထပ်လူနာဆောင်သစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝေါမြို့နယ်သာမက အနီးပတ်ဝန်းကျင်မြို့နယ်များကို အကျိုးရှိမည်ဖြစ်ကြောင်း၊ တိုးချဲ့နှစ်ထပ် လူနာဆောင်သစ် ဆောက်လုပ်ရေးအတွက် နိုင်ငံတော်မှ ငွေကျပ် ၅၆၇ ဒသမ ၃၂ သန်းနှင့် ပြည်သူများမှ ငွေကျပ် ၇၀၈ ဒသမ ၆ သိန်း တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများ ထောက်ပံ့ခဲ့ပါကြောင်း၊ ဒေသခံပြည်သူများက မိမိတို့၏ ကိုယ်ပိုင်ဆေးရုံသဖွယ် သဘောထားကာ ယခုကဲ့သို့ ပူးပေါင်းပါဝင် လှူဒါန်းထည့်ဝင်ကြခြင်းသည် ကောင်းမွန်သော လုပ်ရပ်ဖြစ်ပါကြောင်း၊ တိုးချဲ့နှစ်ထပ် လူနာဆောင် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် မွမ်းမံထိန်းသိမ်းရေး လုပ်ငန်းကို ဆေးရုံအထောက်အကူပြုအဖွဲ့က ဆက်လက်ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံအတွက် လိုအပ်ချက်များကို ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုးချဲ့နှစ်ထပ် လူနာဆောင်သစ်အတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသော အလှူရှင်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုးချဲ့နှစ်ထပ် လူနာဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လူနာဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ တိုးချဲ့နှစ်ထပ် လူနာဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးလှကျော် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၁၅၀ တောင်သူများထံလွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ရှိ ပက်တန်းကျေးရွာ၌ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် စက်မှုလယ်ယာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ် ပြည်ထောင်စုရန်ပုံငွေဖြင့် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၁၅၀ ဖော်ထုတ်ရေးလုပ်ငန်းနှင့် တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် လယ်ယာနှင့် သားငါးကဏ္ဍ၊ ကျေးလက်ကဏ္ဍတို့တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ ဆန်စပါးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲသက်ရောက်မှုကြောင့် သဘာဝဘေးဒဏ်ကို နှစ်စဉ်ခံစားရမှုများသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိနေ၍ ထုတ်လုပ်မှုပမာဏကို ထိခိုက်မှုမရှိအောင် ကြိုးပမ်းနေရပါကြောင်း၊ စိုက်ပျိုးရေအတွက် ဆည်တာတမံများ တည်ဆောက်ပေးခြင်း၊ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးလာရေးဆောင်ရွက်ခြင်းနှင့် ရှားပါးလာသည့် လယ်ယာလုပ်သားများနေရာတွင် အစားထိုးနိုင်ရန် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဒေသလိုအပ်ချက်နှင့် ကိုက်ညီ ဖြည့်ဆည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဇလွန်မြို့နယ်တွင် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၁၅၀ ဖော်ထုတ်ပြီးစီး၍ တောင်သူများထံ လွှဲပြောင်းပေးအပ်နိုင်ခြင်းမှာ ဇလွန်မြို့နယ် ပက်တန်းကျေးရွာအုပ်စုမှ တရုပ်ရိုးကျေးရွာနှင့် တင်းကုတ်စုကျေးရွာများရှိ ဒေသခံတောင်သူများ၏ အောင်မြင်မှုရလဒ် ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးမှုနှင့်အတူ ဒေသနေပြည်သူများအနေဖြင့် စက်မှု လယ်ယာစနစ်ကျလယ်မြေကို ရေရှည်တည်တံ့ရေး၊ သင့်လျော်ကိုက်ညီသည့် သီးနှံများ စဉ်ဆက်မပြတ် စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်နှင့်အဖွဲ့ စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၁၅၀ တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် ဇလွန်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းတို့က စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများနှင့် တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားကြပြီး စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၁၅၀ ဖော်ထုတ်ရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်မှုလယ်ယာစနစ်ကျ လယ်မြေဧက ၁၅၀ ဖော်ထုတ်ရေးလုပ်ငန်းခွင်နှင့် စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုလယ်ယာကဏ္ဍဆိုင်ရာ ပြခန်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများမှ ပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာပြခန်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၁၅၀ သည် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပက်တန်းကျေးရွာအုပ်စု ပျဉ်းမကုန်း – ရှမ်းစု ရွာချင်းဆက်လမ်းမှ ပျဉ်းမကုန်းအနောက်–ပက်တန်း–တံခွန်တိုင်–မဟာသာ–ဆင်မြေစားရွာသွားလမ်းဘေးတွင် တည်ရှိပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် စက်မှုလယ်ယာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လတွင် ဖော်ထုတ်ပြီးစီးသည့် စနစ်ကျလယ်မြေတွင် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် နွေသီးနှံတို့ကို စက်ကိရိယာများ အသုံးပြု၍ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇလွန်မြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ တစ်အိမ်သုံးဆိုလာစနစ် ICB – 3 ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးပြီး ဓနုဖြူမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စက်ဝန်းရန်ပုံငွေဖြင့် ကဇင်းတောကျွန်းကျေးရွာ KG ကျောင်းဆောင် ပေ (၄၀ x ၃၀ x ၁၂) တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ ကျေးရွာကော်မတီများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရွှေဖိုးမှ*

ပြည်တွင်းရွှေဈေး အတက်အကျသည် ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် မူတည်သော်လည်း ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းက ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာ ရှိခဲ့သည်။

လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၀ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့သော်လည်း ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၈၀၀၀၀ သာ ရှိကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ဈေးကွက်အတွင်း အရောင်းအဝယ်မှာလည်း ပွင့်လင်းရာသီဖြစ်သောကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်ခဲ့ရာ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း ကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ၁၂၀၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီးဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ ကျပ် ၁၃၀၀၀၀၀ ကျော်အထိ ဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

ပြီးခဲ့သည့် လေးလက ရွှေဈေးကို ပြန်ကြည့်မည်ဆိုလျှင် နိုဝင်ဘာတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၁၇၃၀၀၀ (နိုဝင်ဘာ ၂၈ ရက်) အမြင့်ဆုံးနှုန်း ကျပ် ၁၂၁၉၄၀၀ (နိုဝင်ဘာ ၂ ရက်)၊ ဒီဇင်ဘာတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၁၇၀၈၀၀ (ဒီဇင်ဘာ ၃ ရက်) အမြင့်ဆုံးနှုန်း ကျပ် ၁၁၉၇၈၀၀ (ဒီဇင်ဘာ ၂၈ ရက်)၊ ဇန်နဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၁၉၁၆၀၀ (ဇန်နဝါရီ ၂ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၂၃၂၇၀၀ (ဇန်နဝါရီ ၈ ရက်)နှင့် ဖေဖော်ဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၂၁၄၁၀၀ (ဖေဖော်ဝါရီ ၅ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၂၃၄၂၀၀ (ဖေဖော်ဝါရီ ၂၈ ရက်) တို့ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

**ငြိမ်းငြိမ်း**

❖ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်၊ အမေရိကန် CDC ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CDC နှင့် ရောဂါဖြစ်ပွားမှုများပြားသော နိုင်ငံများ၏ တရားဝင်အင်တာနက်စာမျက်နှာများရှိ သတင်းအချက်အလက်များကို အမြဲမပြတ် လေ့လာဆန်းစစ်သုံးသပ် ဆောင်ရွက်လျက်ရှိ

❖ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်နှင့် မိသားစုအားလုံး ရောဂါကူးစက်ခံရခြင်းမှ ကင်းဝေးစေရန် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ သံသယလူနာများတွေ့ရှိပါက သတင်းပေးပို့ခြင်းတို့ဖြင့် ပါဝင်ဆောင်ရွက်

❑ ရှေ့ဖုံးမှ

မိမိတို့ တစ်ဦးချင်းစီ၌ မြန်မာနိုင်ငံတွင် ရောဂါပျံ့နှံ့မှုမရှိရန် အသီးသီး တာဝန်ရှိသည်ဟူသော ခံယူချက်များရှိမှု စသည့်အချက်များသည် ယခုအချိန်၌ အလွန်အရေးတကြီး လိုအပ်ပါကြောင်း။

ယခုအချိန်၌ ပြည်သူများသည် စိုးရိမ်ထိတ်လန့်မှုလွန်ကဲစွာ (panic) ဖြစ်ပြီး လုပ်ဆောင်ရမည့်အချက်များကို မလုပ်ဆောင်မိခြင်းမျိုး မဖြစ်စေရန် လိုအပ်ပါကြောင်း၊ မဟုတ်မမှန်သော ကောလာဟလသတင်းတုများ၊ သတင်းမှားများကို ထပ်ဆင့်ဖြန့်ဝေခြင်းနှင့် ကိုယ်တိုင်ပြောကြားခြင်း၊ ဖန်တီးခြင်းများ မပြုလုပ်ကြစေလိုပါကြောင်း၊ ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရနိုင်သည် ဖြစ်ပါကြောင်း၊ မိမိ ထပ်မံအသိပေးပြောကြားလိုသည်မှာ လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းများဖြန့်ဖြူးနေသူများအနေဖြင့်လည်း ကျင့်ဝတ်နှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပ၊ အင်တာနက်စာမျက်နှာများ၊ လူမှုကွန်ရက်စာမျက်နှာများ၊ facebook စသည့် နေရာအနှံ့မှ သတင်းများကို ခိုင်မာတိကျမှုရှိသည့် သတင်းရင်းမြစ်နှင့် ချိန်ထိုးတိုက်ဆိုင် စစ်ဆေးပြီးမှသာ မှန်ကန်သည့် သတင်းများကိုသာ ယုံကြည်ကြရန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ချက်များကို ကြည့်ရှုစေလိုပါကြောင်း။

### ထိရောက်စွာဆောင်ရွက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း မတ် ၇ တွင် ယခုအခါ ကမ္ဘာတစ်ဝန်း၌ COVID-19 ဓာတ်ခွဲအတည်ပြု ရောဂါဖြစ်ပွားသူဦးရေ ၁၀၀၀၀၀ ကျော်သွားပြီဖြစ်ကြောင်း၊ ရောဂါပျံ့နှံ့မှုကို အတိုင်းအတာတစ်ခုအထိ နှေးကွေးသွားစေရန်နှင့် ဖြစ်ပွားမှုကျဆင်းသွားရန်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေး (containment) လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆက်လက် ဆောင်ရွက်သွားရန်၊ ပြည်သူများအတွင်း ဖျားနာသည့်လူနာများအား အမြန်ဆုံးရှာဖွေခြင်း၊ အသွားအလာကန့်သတ်ပိတ်ပင်ခြင်း (quarantine)၊ လူနာများအတွက် ဆေးရုံများနှင့် ဆေးခန်းများအား ပြင်ဆင်ထားရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးခြင်း စသည့် နည်းလမ်းများဖြင့် ထိရောက်စွာ ဆောင်ရွက်ရန်တို့ကို တိုက်တွန်းထားပါကြောင်း၊ အဆိုပါ တိုက်တွန်းချက်များအားလုံးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လုပ်ဆောင်လျက်ရှိပါကြောင်း။

### အမြန်ဆုံးစတင်ဆောင်ရွက်

ယခုကာလတွင် ဝန်ကြီးဌာန၏ ဆေးရုံများတွင် ရောဂါဖြစ်ပွားသူများအတွက် ကုသမှုပေးရန် ပြင်ဆင်ထားရှိမှု၊ အသင့်အနေအထားရှိမှုတို့သည် အရေးကြီးသဖြင့် မိမိတို့သည် သတ်မှတ်ဆေးရုံ (designated hospital) များတွင် အထူးဦးစားပေး သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလက်ရှိအချိန်၌ မိမိတို့နိုင်ငံအတွင်းသို့ ပြည်ပမှ ဝင်ရောက်လာသူ အရေအတွက်များနည်းပါးလာသည်နှင့်အမျှ ရောဂါဖြစ်ပွားကူးစက်ရန် အလားအလာရှိမှုသည် တိုက်ရိုက်အချိုးကျ နည်းပါးသွားမည် ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားကူးစက်မှုများပြားနေသော ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းလိုင်းများ မိမိတို့နိုင်ငံသို့ ဝင်ရောက်မှုကို ယခုလ ၉ ရက်မှ ဧပြီ ၂၄ ရက်အထိ ရပ်နားထားမည်ဟု သိရှိရပါကြောင်း၊ မိမိတို့နိုင်ငံရှိ မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းမှ ကိုရီးယားသမ္မတနိုင်ငံသို့ တစ်ပတ်လျှင် သုံးကြိမ်သွားလာမှုများကို လျှော့ချခြင်း (သို့မဟုတ်) လုံးဝပိတ်ခြင်းတို့ကို အမြန်ဆုံး စတင်ဆောင်ရွက်ရန် အတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနထံသို့ ယမန်နေ့က အကြံပြုမေတ္တာရပ်ခံထားပြီး ဖြစ်ပါကြောင်း၊ လက်ရှိအချိန် ကမ္ဘာ့နိုင်ငံများ၌ ကပ်ရောဂါဖြစ်ပွားမှု အခြေအနေ အရပ်ရပ်ကို သုံးသပ်ပါက COVID-19 ရောဂါကြောင့် အကြမ်းဖျင်းသေဆုံးနှုန်းမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိနေပါကြောင်း။

ပြည်သူများအနေဖြင့် မိမိတို့၏ ဆွေမျိုး၊ မိတ်ဆွေနှင့် ပတ်ဝန်းကျင်ရှိ အသက်အရွယ်ကြီးသူများ၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါရှိသူများ၊ ကျောက်ကပ် ဆေးနေရသူများ၊ ကင်ဆာ စသည့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါဖြစ်ပွားပါက ပြင်းထန်ပြီး သေဆုံးနိုင်ရန် အလားအလာများပါကြောင်း၊ အသက်အရွယ်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လူစုလူဝေးများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရန်၊ ကျန်းမာရေးအသိပေး နှိုးဆော်ချက်များကို အထူးအလေးပေးလိုက်နာကျင့်သုံးရန်အတွက် တစ်ဦးမှ တစ်ဦးသို့ ဆင့်ပွားအကြောင်းကြားပြောကြားကြစေလိုပါကြောင်း၊ မိမိအနေဖြင့်လည်း သက်ကြီးဘိုးဘွားရိပ်သာများ၊ သက်ကြီးရွယ်အိုစေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ ပရဟိတဂေဟာများ၊ လူငယ်စောင့်ရှောက်ရေးဂေဟာများ၊ အမျိုးသမီးသင်တန်းကျောင်း၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ မသန်စွမ်းကျောင်းများနှင့် လူငယ်သင်တန်းကျောင်းများတွင် ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပွားနိုင်သဖြင့် သတိပြု ဆောင်ရွက်ရန်ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြံပြုအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

### နေ့ မအား၊ ညမနား ဆောင်ရွက်နေ

မိမိတို့ သတိပြုရမည့်အချက်မှာ အမေရိကန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံ စသည်တို့တွင် ရောဂါဖြစ်ပွားမှု စတွေ့ပြီးနောက် မကြာခင်အချိန်အတွင်းမှာပင် လျင်မြန်စွာပျံ့နှံ့များပြားလာသည်ကို တွေ့ရှိရသည့်အချက်ဖြစ်ပါကြောင်း၊ အဆိုပါ နိုင်ငံများကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဤရောဂါ ဖြစ်ပွားရောက်ရှိကာ ပျံ့နှံ့မှုဖြစ်ပွားလာပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက်လည်း ကြီးစွာသော လုပ်ငန်းဖိအားဒဏ်များ အပါအဝင် ဘက်စုံဖိအားများ ဝင်လာမည်ဖြစ်သဖြင့် မိမိတို့၏ဝန်ထမ်းများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားစဉ် ဇန်နဝါရီ ၅ ရက်ကတည်းက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နေ့မအား၊ ညမနား ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

### တိကျစွာလိုက်နာ

ထို့ကြောင့် မိမိတို့နိုင်ငံ၌လည်း အလားတူပုံစံ ဖြစ်ပေါ်မလာစေရေးအတွက် လိုအပ်သော အစီအမံများကို စဉ်းစားဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားသူများကို ကိုင်တွယ်ကုသမှုပေးနေရသည့် ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံရနိုင်ခြေ ရှိသဖြင့် ဝန်ကြီးဌာနရှိ clinical management committee ၊ Infection prevention and control committee နှင့် အထူးကုဆရာဝန်ကြီးများမှ ပြုစုထုတ်ဝေထားရှိသော လူနာသတ်မှတ်မှု၊ လူနာကုသမှု၊ Infection prevention and control စသည့် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်ခံရနိုင်ခြေ မရှိစေရန်နှင့် ဘေးကင်းလုံခြုံစေရန် မိမိတို့တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအား ကျန်းမာရေး အသိပေးနှိုးဆော်မှုများ ပြုလုပ်သောအခါတွင်လည်း နားလည်ရန်လွယ်ကူသော၊ မှတ်သားရန် ရိုးရှင်းတိုတောင်းသော နှိုးဆော်ချက်များနှင့် မှန်ကန်တိကျပွင့်လင်းသော သတင်းပြန်ကြားချက်များကိုသာ ပေးအပ်ရမည်ဖြစ်ပါကြောင်း။

ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ချက်ချင်း တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒ၊ လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့် ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေးစဉ်းစားပြီးမှသာ ချမှတ်လျက်ရှိပါကြောင်း၊ သို့မှသာ မိမိတို့ ဆောင်ရွက်ချက် ငွေကြေးကုန်ကျမှု၊ အချိန်ပေးရခြင်း အတိုင်းအတာ အလေအလွင့်မရှိဘဲ အကျိုးရှိထိရောက်နိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပညာရှင်များအနေဖြင့်လည်း အဆိုပါအချက်ကို အမြဲသုံးသပ်စဉ်းစားရမည် ဖြစ်ပါကြောင်း၊ COVID-19 ရောဂါ၏ သဘောသဘာဝဖြစ်ပေါ်ပြောင်းလဲမှု (natural history of disease) ကို ယခုအချိန်အထိ အပြည့်အဝ သိရှိနိုင်ခြင်းမရှိသေးဆိုသည့် အချက်ကိုလည်း ဂရုပြု၍ မိမိတို့သည် ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၊ နိုင်ငံတကာကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်၊ အမေရိကန် CDC ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CDC နှင့် ရောဂါဖြစ်ပွားမှုများပြားသော နိုင်ငံများ၏ တရားဝင်အင်တာနက်စာမျက်နှာများရှိ သတင်းအချက်အလက်များကို အမြဲမပြတ် လေ့လာဆန်းစစ်သုံးသပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်နှင့် မိသားစုအားလုံး ရောဂါကူးစက်ခံရခြင်းမှ ကင်းဝေးစေရန် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ သံသယလူနာများတွေ့ရှိပါက သတင်းပေးပို့ခြင်းတို့ဖြင့် ပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားမှု ဖြစ်စဉ်များသည် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးကဏ္ဍကို စိန်ခေါ်နေသည့်ကိစ္စတစ်ရပ်ဖြစ်သဖြင့် မိမိတို့နှင့် ပြည်သူများ၊ နီးနွယ်ဝန်ကြီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် တညီတညွတ်တည်းပူးပေါင်း၍ ကာကွယ်ထိန်းချုပ်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ


အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID-19 ရောဂါနှင့် ပတ်သက်သည့် Daily Update Situation များနှင့် ထုတ်ပြန်ကြေညာချက်များ၊ အခြားနိုင်ငံများမှ ထူးခြားဖြစ်စဉ်များနှင့် သတင်းများ၊ အမေရိကန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ အီရန်နိုင်ငံတို့တွင် COVID-19 ရောဂါဖြစ်ပွားသူများ စတင်တွေ့ရှိခဲ့ပြီးနောက် မကြာခင် လျင်မြန်စွာ ဖြစ်ပွားပျံ့နှံ့မှုအပေါ် ဆန်းစစ်သုံးသပ်မှု၊ ဝန်ကြီးဌာနမှ ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ စောင့်ကြည့်လူနာများ၏ အခြေအနေများ၊ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုလုပ်ငန်းများ ဆောင်ရွက်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ဆေးရုံများ ပါမောက္ခများ၊ ဆေးပညာ အထူးကုဆရာဝန်များ၊ ကပ်ရောဂါဗေဒ ပညာရှင်များ အင်တာနက် ကွန်ရက်အသုံးပြု၍ video conferencing ပြုလုပ်ကာ ကုသရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ကုသရေးလုပ်ငန်းလမ်းညွှန်များ စသည်တို့ကို ဆွေးနွေးတိုင်ပင်ခဲ့မှု၊ ဗဟိုအဆင့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ video conferencing ပြုလုပ်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အားဖြည့်ဆောင်ရွက် ကိစ္စရပ်များ ဆွေးနွေးတိုင်ပင်ခဲ့မှု၊ ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူမှုနှင့် လှူဒါန်းလက်ခံရရှိမှု၊ ဖြန့်ဖြူးမှု စသည်တို့ကို ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

## မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များအသင်းမှ ဆီထွက်နှုန်းကောင်းမွန်သည့် အိန္ဒိယမျိုးမြေပဲများ စမ်းသပ်စိုက်ပျိုး

**မန္တလေး မတ် ၉**

မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များအသင်းမှ ဆီထွက်နှုန်း ပိုမိုကောင်းမွန်သော အိန္ဒိယမျိုးမြေပဲများအား ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသ တောင်လေးလုံးကျေးရွာအတွင်း စမ်းသပ်စိုက်ပျိုးထားရှိကြောင်း အဆိုပါအသင်းမှ အတွင်းရေးမှူး ဦးသန်းလွင်က ပြောသည်။



မန္တလေး ကုန်စည်ဒိုင်တွင် ပြသထားသည့် မြေပဲများကို လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။

အဆိုပါ အိန္ဒိယမျိုးမြေပဲမှာ တစ်ဧကလျှင် တင်း ၄၀ ထွက်ရှိသည့်အပြင် ဆီထွက်နှုန်း ၄၅ ရာခိုင်နှုန်းအထိပါရှိသဖြင့် အခြားသော မြေပဲမျိုးများထက် ဆီထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်း သိရသည်။

"ပြည်တွင်းမှာ ပုံမှန်စိုက်ပျိုးနေတဲ့ မြေပဲမျိုးတွေက တစ်ဧက အနည်းဆုံး ၁၄ တင်း၊ ၁၅ တင်းထွက်တဲ့မျိုးရှိသလို၊ တချို့မျိုးတွေက တင်း ၄၀ ထိ ထွက်ပါတယ်။ ဒါပေမယ့် ဆီထွက်နှုန်းက အများဆုံး ၃၀ ရာခိုင်နှုန်းပဲရှိတယ်။ အခု ကျွန်တော်တို့အသင်းက စမ်းသပ်စိုက်ပျိုးထားတဲ့ မျိုးကတော့ အထွက်နှုန်းလည်း ကောင်းသလို၊ ဆီထွက်နှုန်းကလည်း ပိုမိုထွက်ရှိပါတယ်။ စိုက်ပျိုးတဲ့နေရာမှာလည်း မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးမြေနေရာအခက်အခဲရှိတဲ့အတွက် စိုက်ပျိုးမြေပေါတဲ့ အင်းလေးဒေသမှာ အသင်းအနေနဲ့ သွားရောက်စိုက်ပျိုးထားခြင်းဖြစ်ပါတယ်'' ဟု ၎င်းက ပြောသည်။

အဆိုပါ မျိုးမြေပဲများဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်ကာ ဧက ၁၀၀ ကျော် စမ်းသပ်စိုက်ပျိုးထားခဲ့ပြီး ယခုလအတွင်း ထွက်ရှိလာတော့မည်ဖြစ်ကြောင်းနှင့် ယခု ထွက်ရှိလာမည့် မျိုးမြေပဲများနှင့် အသင်းတွင် သိုလှောင်ထားသည့် မျိုးမြေပဲများပေါင်းလျှင် ဧကတစ်သောင်းကျော် စိုက်ပျိုးနိုင်ရန် မျိုးများရှိနေမည်ဖြစ်သော်လည်း ဧကတစ်သောင်းကျော်အထက် စိုက်ပျိုးရန်လိုအပ်ချက်ရှိပါက တိကျသေချာသော ပြည်ပကုမ္ပဏီများနှင့် ချိတ်ဆက်စီစဉ်၍ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြေပဲများ အရောင်းအဝယ် အေးစက်နေသော်လည်း တရုတ်နိုင်ငံမှ မြေပဲလုံးဆန်(အနီ)ကို အဓိကအားထား၍ သွက်လက်မြန်ဆန်စွာ ဝယ်ယူနေကြောင်းနှင့် ဈေးနှုန်းမှာလည်း အခြားသောမြေပဲများထက် ဈေးနှုန်းပိုမိုကာ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ နှုန်းအထိ ယခုနှစ်တွင် အမြင့်ဆုံးဈေးနှုန်းဖြင့် ဈေးပေးဝယ်ယူနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၉-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် နေထိုင်သော အသက် (၁) နှစ် (၂) လ အရွယ် ကလေး (ကျား) တစ်ဦးသည် (၆-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ မိုန်းခြင်း၊ အသက်ရှူသံ ပုံမှန်မဟုတ်ခြင်း၊ နို့မစို့နိုင်ခြင်းစသည့် လက္ခဏာများ ခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် မကွေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ အဆိုပါကလေးငယ်အား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ မိခင်နှင့်အတူ မကွေးပြည်သူ့ဆေးရုံကြီး၊ သီးသန့်ကုသဆောင်တွင် ထားရှိကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကလေးငယ်၏ ဖခင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၂၉-၂-၂၀၂၀) ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

(ခ) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် နေထိုင်သော အသက် (၃၂) နှစ်အရွယ် အမျိုးသမီး တစ်ဦးသည် လွန်ခဲ့သော (၁)လခန့်မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းစသည့် လက္ခဏာများ ခံစားခဲ့ရပြီး လွန်ခဲ့သော (၂) ပတ်ခန့်တွင် ချောင်းဆိုးသွေးပါခြင်း ဝေဒနာခံစားခဲ့ရသဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ ၎င်းမှာ သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်နှင့် လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် မရှိသော်လည်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် ကန်တော်နဒီဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ညောင်သုံးပင်ရွာတွင် နေထိုင်သော အသက် (၄၄) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၈-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် အသက်ရှူကျပ်ခြင်း စသည့်လက္ခဏာများ စတင်ခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသခဲ့ပါသည်။ လူနာမှာ ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်နှင့် သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ပေးပို့စစ်ဆေးခဲ့ရာ (၉-၃-၂၀၂၀) ရက်နေ့တွင်ရရှိသောအဖြေအရ COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။ (အောက်စာပိုဒ် (၃) ဓာတ်ခွဲအဖြေတွင်လည်း ဖော်ပြထားပါသည်။)

(ဃ) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် နေထိုင်သော အသက် (၃၄) နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီး သည် (၉-၃-၂၀၂၀) ရက်နေ့တွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၈-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားနာခဲ့ကြောင်းနှင့် (၉-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် အဖျားရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး (၉-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(င) ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်တွင် နေထိုင်သော အသက် (၄၃) နှစ်အရွယ် အမျိုးသားတစ်ဦးသည် လွန်ခဲ့သော (၃) ပတ်ခန့်က စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းစသည့် လက္ခဏာများခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး (၉-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှု ဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရကြောင်းနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ (၂၆-၂-၂၀၂၀) ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

(စ) မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် နေထိုင်သော အသက် (၃၉) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၈-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း စသည့်လက္ခဏာများ ခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် ပခုက္ကူပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ ပခုက္ကူပြည်သူ့ဆေးရုံကြီး၊ သီးသန့်ကုသဆောင်တွင် ထားရှိကုသမှုပေးလျက်ရှိပြီး (၉-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။ အဆိုပါလူနာသည် ထိုင်း-မလေးရှားနယ်စပ်တွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး (၈-၃-၂၀၂၀) ရက်နေ့၌ မြဝတီနယ်စပ်မှ ပခုက္ကူသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

(ဆ) ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်းတယမြို့နယ်တွင်နေထိုင်သော အသက် (၂၃) နှစ်အရွယ် အမျိုးသား တစ်ဦးသည် (၄-၃-၂၀၂၀) ရက်နေ့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထွက်ခွာလာပြီး (၈-၃-၂၀၂၀) ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် (၉-၃-၂၀၂၀) ရက်နေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့သို့ လည်းကောင်း ရောက်ရှိခဲ့ပြီး ဖျားနာခဲ့သဖြင့် ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ အဆိုပါလူနာအား စောင့်ကြည့်လူနာ အဖြစ် သတ်မှတ်၍ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ယနေ့၊ ညနေပိုင်းတွင် ပေးပို့လာသော ဓာတ်ခွဲအဖြေများအရ -

(က) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်ကုသမှုခံယူနေသော ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်တွင် နေထိုင်နေသည့် အမေရိကန်နိုင်ငံသား အသက် (၂၆) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(ခ) ဘားအံမြို့နယ်ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်ကုသမှုခံယူနေသော ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ပညာသင်ကြားနေသည့် အသက် (၁၈) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ဂ) ကန်တော်နဒီဆေးရုံတွင် စောင့်ကြည့်ကုသမှုခံယူနေသော အသက် (၂၅)နှစ်အရွယ် လက်ထောက်ဆရာဝန် အမျိုးသားတစ်ဦး၊

(ဃ) အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်ကုသမှုခံယူနေသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သည့် အသက် (၂၄) နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦး၊

(င) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်ကုသမှုခံယူနေသော ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့တွင် နေထိုင်သည့် ကိုရီးယားသမ္မတနိုင်ငံသား အသက် (၅၂) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(စ) ကန်တော်နဒီဆေးရုံတွင် စောင့်ကြည့်ကုသမှုခံယူနေသော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် နေထိုင်သော အသက် (၃၈) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ဆ) ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်ကုသမှုခံယူနေသော ထန်းတပင်မြို့နယ်၊ ညောင်သုံးပင်ရွာတွင် နေထိုင်သော အသက် (၄၄) နှစ်အရွယ် အမျိုးသားတစ်ဦး၊

စုစုပေါင်း (၇) ဦးတို့တွင် COVID-19 ရောဂါပိုးမရှိကြောင်း တွေ့ရှိရပါသည်။

၄။ ယနေ့ (၉-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ (၁၁) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိပါသည်။

၅။ (၈-၃-၂၀၂၀) ရက်နေ့၊ ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသော လေယာဉ်တစ်စင်းပေါ်တွင် COVID-19 ရောဂါဖြစ်ပွားမှု များပြားနေသော ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဂူးမြို့မှ မြန်မာနိုင်ငံသား (၂) ဦး လိုက်ပါလာကြောင်း လေယာဉ်မှူးကြီးမှ သတင်းပေးပို့လာပါသည်။ ၎င်းတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသည့်အပြင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှုမရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် ရောဂါဖြစ်ပွားမှု မြင့်မားလျက်ရှိသော ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဂူးမြို့တွင် နေထိုင်ခဲ့သည့် ရာဇဝင်ရှိသဖြင့် အဆိုပါ မြန်မာနိုင်ငံသား (၂) ဦး အား တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပြီး (၁၄)ရက် ခွဲခြားထားရှိ၍ အသွားအလာ ကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၆။ (၉-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၀၁) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်ကြီးခင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့ လှိုင်မြို့နယ်တွင် အခမဲ့ကုသဆောင်ရွက်

ရန်ကုန် မတ် ၉

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် (၉) ရပ်ကွက် အမှတ် (၁၂၂) ဗလီဘေး၌ ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လှိုင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပြည်ကြီးခင် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့တို့ ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူများအား ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါနှင့် အဆုတ်၊ ရင်ခေါင်းတို့ကို ကွန်ပျူတာဖြင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှိ/ မရှိ စစ်ဆေးကုသပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သန္တာမေ (ပြန်/ဆက်)**

## ကောလင်းပြည်သူ့စာကြည့်တိုက်တွင် တိုင်းရင်းသားပုံပြင်များ လာရောက်ဖတ်ရှုနိုင်

**ကောလင်း မတ် ၉**

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယူနီဆက်(မြန်မာ)မှ ကလေးစာပေတိုင်းရင်းသားပုံပြင်စာအုပ်များ လှူဒါန်းထားသည်။

အဆိုပါ တိုင်းရင်းသားပုံပြင်စာအုပ်များတွင် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ ပညာပေးပုံပြင်များကို တိုင်းရင်းသားဘာသာစကားနှင့် မြန်မာဘာသာစကားဖြင့် ရိုက်နှိပ်ထားပြီး တိုင်းရင်းသားပုံပြင် ၂၅ မျိုးကို တစ်ဘာသာလျှင် ၁၀ အုပ် နှုန်းဖြင့် အုပ်ရေ ၂၅၀ လှူဒါန်းထားရာ အခမဲ့လာရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**



# သန့်စင်သည့် လေထု ဆိုရာဝယ်

**ကျေးလက်မောင်(DRD)**



၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ယခုလက်ရှိ ၇ ဒသမ ၅ ဘီလီယံထက် ၃၀ ရာခိုင်နှုန်း မြင့်တက်လာပြီး ၉ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိနိုင်ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံသည် ၁ ဒသမ ၇ ဘီလီယံဖြင့် ကမ္ဘာ့လူဦးရေအများဆုံး ဖြစ်လာနိုင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁ ဒသမ ၃ ဘီလီယံဖြင့် ဒုတိယနေရာတွင် ရှိလာနိုင်သည်ဟုလည်း ဖော်ပြထားသည်။

၂၀၅၀ ပြည့်နှစ်တွင် ၃၉ နိုင်ငံရှိ လူဦးရေသည် ၂၀၁၇ ခုနှစ်အောက် လျော့နည်းနိုင်ပြီး အာဖရိကတိုက်ရှိ နိုင်ငံ ၃၀ တွင်မူ လူဦးရေ နှစ်ဆခန့် မြင့်တက်လာဖွယ်ရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုမှာမူ ၃၂၅ သန်းမှ ၃၇၉ သန်း အထိ တိုးလာနိုင်ကြောင်းလည်း ဖော်ပြထားသည်။

**သန့်စင်သည့် လေကို ရှူရှိုက်ခွင့်**

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလာသည်နှင့်အမျှ လူသားတို့အနေဖြင့်လည်း မိမိတို့ရှင်သန်ရာ ပတ်ဝန်းကျင်တွင် ကျန်းမာရေးသုခနှင့် ပြည့်စုံပြီး အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် သန့်စင်သည့် လေထုကို ရှူရှိုက်ခွင့်ရရန် အထူးလိုအပ်လှပေသည်။

ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်ကြောင့် ရာသီဥတုဖောက်ပြန်ခြင်းနှင့်အတူ စက်ရုံ အလုပ်ရုံများ၊ စက်တပ်မော်တော်ယာဉ်များမှ ထုတ်လွှတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုထဲတွင် အများအပြား ပါဝင်လာမှုများကြောင့် လေထုညစ်ညမ်းလာပြီး နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် လူသားတို့၏ကျန်းမာရေးအခြေအနေကို ခြိမ်းခြောက်သည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှု ဖြစ်စဉ်ကြောင့် ခြောက်ကြိမ်မြောက် အစုလိုက်အပြုံလိုက်မျိုးသုဉ်းမှု ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက မကြာသေးမီက တွေ့ရှိခဲ့သည်ဟုလည်း သိရသည်။ လာမည့် ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိ ကာဗွန်ပမာဏသည် ၃၂၀ ဂစ်ဂါတန်အထိ တိုးပွားလာမည်ဟု တွက်ချက်ထားသည့်အလျောက် သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ် ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း မန်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ ပါမောက္ခ ဒန်နီယယ်ရို့သ်မန်းက ပြောကြားထားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာသည် နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ကမ္ဘာကြီးကို ထိခိုက်ပျက်စီးစေနိုင်ပြီး သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ စက်မှုတော်လှန်ရေး စတင်ပြီးကတည်းက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏသည် ၁၅၄၀ ဘီလီယံတန်အထိ ရှိနေပြီဖြစ်ကြောင်း ဒန်နီယယ်ရို့သ်မန်းက ဖြည့်စွက်ပြောကြားထားသည်။

ထို့အပြင် လေထုညစ်ညမ်းမှုကြောင့် ဥရောပတစ်လွှားတွင် နှစ်စဉ် လူပေါင်း ငါးသိန်းကျော် အသက်ဆုံးရှုံးနေရကြောင်း ဥရောပသမဂ္ဂ(EU)အဖွဲ့ကြီး၏ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနက ပြောကြားထားသည်။ ဥရောပရှိ နိုင်ငံပေါင်း ၄၁ နိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်းက ဇီဝရုပ်ကြွင်းလောင်စာများ အသုံးပြုမှုများကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၅၂၀၄၀ မှာ အရွယ်မတိုင်မီ သေဆုံးခဲ့ရကြောင်း သိရှိရသည်။ ထို့အပြင် ညစ်ညမ်းသောလေထုအတွင်း နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့များ များပြားစွာပါဝင်လာခဲ့၍ အဆိုပါဓာတ်များသည် လူတို့၏အဆုတ်အတွင်းသို့ ဝင်ရောက်ခြင်းနှင့် သွေးကြောများအတွင်း သွေးစီးဆင်းမှုများကို အနှောင့်အယှက်ပေးခဲ့ခြင်းကြောင့် လူတို့တွင် သေဆုံးချိန်မတိုင်မီ အသက်ဆုံးရှုံးခဲ့ရပြီး ဥရောပရှိ မြို့ကြီးများတွင် နေထိုင်သူ ၈၂ ရာခိုင်နှုန်းမှာ လေထုညစ်ညမ်းမှုကြီးနှင့် တိုက်ရိုက်သက်ဆိုင်နေကြောင်း သိရှိရသည်။

**ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့**

ကမ္ဘာပေါ်တွင် လောင်စာဆီအသုံးပြုမှု များလာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏသည် အမြင့်ဆုံးစံချိန်အဖြစ်သို့ ရောက်ရှိနေပြီး လေထုညစ်ညမ်းမှုအခြေအနေ ဆိုးရွားလာသဖြင့် ကမ္ဘာလုံးဆိုင်ရာ လူ့သက်တမ်းသည် နှစ်နှစ်ခန့် လျော့ကျခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုမှ ပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ လေထုညစ်ညမ်းမှုများကြောင့် လူတို့အား အဆုတ်ရောင်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအမျိုးမျိုးဖြစ်ပွားစေရာမှ အသက်တိုသော ဆိုးကျိုးများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယနေ့ ပြင်သစ်နိုင်ငံ၏ မော်တော်ယာဉ်စုစုပေါင်း ၃ ဒသမ ၅ ရာခိုင်နှုန်းသည် ဓာတ်ဆီနှင့်လျှပ်စစ် တွဲသုံးသော ယာဉ်များဖြစ်ပြီး ဘက်ထရီမော်တော်ယာဉ်များမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ဟု သိရှိရသည်။ ၂၀၄၀ ပြည့်နှစ်မှ စတင်၍ ဒီဇယ်နှင့် ဓာတ်ဆီသုံး မော်တော်ယာဉ်များကို ပြင်သစ်နိုင်ငံ၌ ရောင်းချခွင့်ပြုတော့မည်မဟုတ်ကြောင်း ပြင်သစ် ပတ်ဝန်းကျင်ရေးရာဝန်ကြီးက ပြောဆိုလိုက်ပြီး လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် ပဲရစ် ရာသီဥတုပြောင်းလဲမှုစာချုပ်ကို စတင် အကောင်အထည်ဖော်ခြင်းလည်းဖြစ်ကြောင်း ရှင်းပြထားသည်။

ယနေ့ ဥရောပတွင်ရှိသမျှ ကားများ၏ ၉၀ ရာခိုင်နှုန်းသည် ရုပ်ကြွင်းလောင်စာများဖြစ်သော ဓာတ်ဆီ၊ ဒီဇယ်သုံး ကားများဖြစ်ပြီး ပြင်သစ်အစိုးရ၏ ပတ်ဝန်းကျင်ရေးရာ သန့်ရှင်းမှုအတွက် ယနေ့ ကျောက်မီးသွေးသုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများကိုလည်း ၂၀၂၂ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း အထိ လျှော့ချသွားကာ ၂၀၂၅ ခုနှစ်တွင် လုံးဝအသုံးမပြုရန် ဆုံးဖြတ်ထားသည်ဟုလည်း သိရှိရသည်။

**လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ကောက်ယူခဲ့သည့် နောက်ဆုံးထွက်လာသော စစ်တမ်းကြီး တစ်စောင်အရ လေထုညစ်ညမ်းမှုသည် ဆယ်ကျော်သက်လူငယ်များအား ဆိုးသွမ်းစေခြင်းနှင့် ရာဇဝတ်မှုများ ကျူးလွန်နေမှုတို့တွင် လောင်စာအဖြစ် တွန်းအားပေးနေကြောင်း၊ ညစ်ညမ်းသည့်လေကို ရှူရှိုက်နေကြရသဖြင့် ဦးနှောက်၏ ပုံမှန်အလုပ်များတွင် မှားယွင်းမှုများ ဖြစ်ပေါ်လာကာ မကောင်းမှုများလုပ်ကိုင်ရန် အားပေးနေသလို ဖြစ်နေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ညစ်ညမ်းသော လေထုတွင် မီးခိုးမှုန်များ၊ အမှုန်အမွှားများ ပါဝင်နေခြင်းက လူသားတို့၏ ဆုံးဖြတ်ချက်များပေးနေသောကဏ္ဍကို အနှောင့်အယှက်ပေးနေသည်ဟုလည်းဆိုထားသည်။

ယနေ့အချိန်တွင် မသန့်ရှင်းသောလေကို ရှူရှိုက်မိ၍ ဗက်တီးရီးယားပိုးများ လည်ချောင်းမှတစ်ဆင့် အဆုတ်အတွင်းသို့ဝင်ရောက်ကာ အဆုတ်ရောင်ရောဂါ ဖြစ်ပွားမှုမှာလည်း များပြားလာသည်။ အာဖရိကတိုက်သားများအား သေဆုံးမှုနှုန်း မြင့်မားစေသည့် အချက်အလက်များကို စုဆောင်းနေသော အဖွဲ့ကြီးက အဆုတ်ရောင်ရောဂါနှင့် လည်ချောင်းနာရောဂါတို့သည် အာဖရိကတိုက်သားများတွင် အသေအပျောက် အများဆုံးဖြစ်သောရောဂါဆိုးကြီး ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အဆုတ်အတွက် လေကို ရှူရှိုက်သွင်းပေးရသော လည်ချောင်းပွန်သည် အလုပ်ဒဏ်ပိလာခြင်းကြောင့် လည်ချောင်းနာရောဂါ ဖြစ်ပွားရခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောဂါနှစ်မျိုးသည် ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၅ ခုနှစ်အတွင်း အသက် ၅ နှစ်အောက် ကလေးငယ်များ အများဆုံး အသက်ဆုံးရှုံးရသော ရောဂါများဖြစ်ခဲ့ကြသည်။ လေထုညစ်ညမ်းမှုသည် လူသားတို့၏ ကျန်းမာရေးနှင့် တိုက်ရိုက် သက်ဆိုင်နေသည့်အတွက် လေထုညစ်ညမ်းမှုကိုလျှော့ချရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပေသည်။

**လေထုညစ်ညမ်းမှုလျှော့ချရန်**

တရုတ်နိုင်ငံသည် ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုနှင့် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ပထမဆုံး သစ်တောမြို့တော်ကို ဂွမ်ဇီပြည်နယ်နှင့် လူရှောက်မြို့အနီးတွင် တည်ဆောက်လျက်ရှိပြီး အဆိုပါ မြို့တော်ကြီးမှ နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တန်တစ်သောင်း၊ ဖုန်မှုန့်များနှင့် မီးခိုးငွေ့များ တန်ချိန် ၅၇ တန်တို့ကို စုပ်ယူနိုင်မည်ဖြစ်ပြီး လူတို့အတွက် အောက်ဆီဂျင် တန်ချိန် ၉၀၀ ကို ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေထုညစ်ညမ်းမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် ရည်ရွယ်လျက် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစတင်ပြီး ကားအသုံးမပြုရေးနေ့အဖြစ် သတ်မှတ်ထားခဲ့ကြောင်း ဗန်ကောက်မြို့တော် စီမံခန့်ခွဲမှုအဖွဲ့က ကြေညာထားသည်။

ဂျာမနီနိုင်ငံသည်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တန်ဖိုးသတ်မှတ်ခြင်းစနစ်ကို ၂၀၂၁ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု တစ်တန်လျှင် ၁၀ ယူရို (အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာ) တန်ဖိုးနှုန်းသတ်မှတ်ကာ အသိအမှတ်ပြုလက်မှတ်များကို အစိုးရက ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် ထိုမှတစ်ဆင့် ထုတ်လွှတ်မှုများလျှင် များသလို နှုန်းထားများကို ၃၅ ယူရိုအထိ ဖြည်းဖြည်းချင်း တိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဂျာမနီသည် နိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ရည်မှန်းထားကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် သဘာဝတရားကြီး၏ ကျန်းမာရေး တဖြည်းဖြည်း ယိုယွင်းလာခြင်း၊ လူတို့၏ အကျိုးစီးပွားလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လာခြင်းနှင့် လောင်စာဆီအသုံးပြုမှု များပြားလာခြင်းတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏသည် အမြင့်ဆုံးစံချိန်သို့ ရောက်ရှိနေပြီး အကျိုးဆက်အနေဖြင့် အပူချိန်မြင့်တက်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ လူ့သက်တမ်း တိုလာခြင်း၊ အဆုတ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားလာခြင်းတို့ကို ကြုံတွေ့ရလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို နည်းလမ်းအမျိုးမျိုး ချမှတ်ဆောင်ရွက်နေကြသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့ရာသီဥတုဆိုင်ရာ မဟာဗျူဟာ မူဘောင်နှင့် ရှေ့လုပ်ငန်းစဉ် ၂၀၁၆-၂၀၃၀ ကို ရေးဆွဲကာ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများ ပြဋ္ဌာန်းထားရှိပြီးသည့်အတွက် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ကမ္ဘာ့နိုင်ငံများနည်းတူ အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်သွားကြခြင်းဖြင့် သန့်စင်သည့်လေထုကို တစ်ဝကြီး ရှူရှိုက်ကြပါစို့။

**"အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်က ကောက်ယူခဲ့သည့် နောက်ဆုံးထွက်လာသော စစ်တမ်းကြီး တစ်စောင်အရ လေထုညစ်ညမ်းမှုသည် ဆယ်ကျော်သက်လူငယ်များအား ဆိုးသွမ်းစေခြင်းနှင့် ရာဇဝတ်မှုများ ကျူးလွန်နေမှုတို့တွင် လောင်စာအဖြစ် တွန်းအားပေးနေကြောင်း၊ ညစ်ညမ်းသည့်လေကို ရှူရှိုက်နေကြရသဖြင့် ဦးနှောက်၏ ပုံမှန်အလုပ်များတွင် မှားယွင်းမှုများ ဖြစ်ပေါ် လာကာ မကောင်းမှုများလုပ်ကိုင်ရန် အားပေးနေသလို ဖြစ်နေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်"**

---

## ဟိုပုံးမြို့၌ COVID -19 အကြောင်း အသိပညာပေး ဟောပြော

ဟိုပုံး မတ် ၉

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြုလုပ်သော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သိန်းက လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ (COVID-19) အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြုအဆင့်(၁) ဒေါ်ထားထားဆွေက ဗိုင်းရပ်စ်ကူးစက်မှုအားကာကွယ်ရန် နည်းလမ်းများ၊ ရောဂါကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် လက်များကို စနစ်တကျဆေးကြောကြရန်တို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းခမ်းချို့က ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**နေမင်းထွန်း(ဟိုပုံး)**

# ဆံတော်ရှင် မြသိန်းတန်စေတီတော်အား ရွှေထီးတော်တင်လှူ ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၉

**မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇုက္ကလိကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်မြသိန်းတန်စေတီတော်ကို လုံးတော်ပြည့် ရွှေရောင်စတီးသင်္ကန်း ဆက်ကပ်ခြင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော် ဆက်ကပ်တင်လှူပူဇော်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော် ပရဝုဏ်အတွင်း၌ ကျင်းပသည်။**

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ၊ မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက ထူပဝင်သမိုင်းကျောက်စာကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်း ဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌက လှူဒါန်းရခြင်းကို ရှင်းလင်းလျှောက်ထား၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဒုတိယ ကျိုက်ထီးဆောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂဒီပ ထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် မြသိန်းတန်စေတီတော်ကို လုံးတော်ပြည့် ရွှေရောင်စတီး သင်္ကန်း ဆက်ကပ်ခြင်းနှင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

**နေလင်း**





သထုံမြို့ ရွှေစာရံဘုရား ဗုဒ္ဓပူဇနိယပွဲတော်သို့လာရောက်သည့် ဘုရားဖူးပြည်သူများနှင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# သထုံ ရွှေစာရံဘုရား တပေါင်းလပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာ ကျင်းပ

**သထုံ မတ် ၉**

မွန်ပြည်နယ်၏ အထင်ကရဖြစ်သော သထုံမြို့ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်ကြီး၏ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပသော (၁၉) ကြိမ်မြောက်၊ တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၈ ရက် နံနက်ပိုင်းမှ စတင်၍ စည်ကားစွာ ကျင်းပသည်။

ရွှေစာရံဘုရားရင်ပြင်တော်ပေါ်တွင် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ နံ့သာ၊ သစ်သီးဝလံများ ကပ်လှူ၍ ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ သံဃာတော် ၁၀၈ ပါးအား အရုဏ်ဆွမ်းကပ်လှူခြင်း၊ စုပေါင်းရေစက်ချ တရားနာယူ၍ နံနက် ၇နာရီခွဲခန့်တွင် ကျေးရွာ၊ ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

ရွှေစာရံဘုရား တပေါင်းပွဲတော်တွင် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ၊ ဇာတ်သဘင်၊ ရုပ်သေးအမြင့်သဘင်များ ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ ပွဲဈေး လာရောက်ရောင်းချသူများ၊ ကြည့်ရှုသူများဖြင့် စည်ကားနေကြောင်း၊ ပွဲတော်ရက်မှာ တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ၆၆ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်း တည်ဆောက်နေမှု ၈၁ ရာခိုင်နှုန်းပြီးစီး

**မော်လိုက် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်း ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မြို့မ(၂)ရပ်ကွက် အောင်သာယာရပ်တွင် တည်ဆောက်ခဲ့သည့် ၆၆/၁၁ ကေဗွီ(၁၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံသို့ ၆၆ ကေဗွီ ကလေးဝ-မော်လိုက်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း အနေဖြင့် ၈၁ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းအောင်ထံမှ သိရသည်။

အဆိုပါ ၆၆ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းတည်ဆောက်ခြင်းကို တင်ဒါအောင် ဟသ်ာနီကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး ဓာတ်အားလိုင်းမိုင် ၃၃ ဒသမ ၄ မိုင်ရှိ ဓာတ်အားလိုင်း အကွာအဝေးအတွင်း ကွန်ကရစ်တိုင် ၂၆၃ တိုင်၊ စတီး ၁၉ တိုင်နှင့် တာဝါတိုင် ၉၇ တိုင်တို့ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၁ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် သတ်မှတ်ရက်မတိုင်မီ ပြီးစီးရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်း ၆၆ ကေဗွီ ကလေးဝ-မော်လိုက် ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးပါက မော်လိုက်မြို့ပေါ်ရပ်ကွက်များသို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ထန်းတပင်မြို့ ကွန်ပျူတာပညာဒါနသင်တန်း ဖွင့်လှစ်မည်

**ထန်းတပင် မတ် ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီး ကျောင်းတိုက်တွင် ကွန်ပျူတာပညာဒါနသင်တန်းကို မတ် ၁၄ ရက်မှ မေ ၁၄ ရက်အထိ နှစ်လကြာ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် အခမဲ့ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် သင်တန်းနည်းပြ ဆရာ ဦးရဲမင်းသိန်းနှင့် သင်တန်း နည်းပြဆရာမ ဒေါ်ဝင့်ရည်ခိုင်တို့က Microsoft Office Word၊ Microsoft Office Excel၊ Microsoft Office Power point နှင့် Adobe Pagemaker သင်ခန်းစာများကို အခြေခံမှစတင်ကာ လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ ကွန်ပျူတာပညာဒါနသင်တန်းသို့ အဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများနှင့် ပြင်ပမှ တက်ရောက်လိုသူများ တက်ရောက်နိုင်မည်ဖြစ်၍ သင်တန်းတက်လိုသူများ ထန်းတပင်မြို့နယ် မြသိန်းတန်ဘုရားကြီးကျောင်းတိုက်သို့ လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ပြီး ဖုန်း- ၀၉- ၆၈၈၆၀၈၄၄၂၊ ၀၉- ၇၉၀၃၂၇၀၃၅ တို့သို့လည်း ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# မန်းရွှေစက်တော်ရာ ဘုရားပွဲတော် ဘုရားဖူးပြည်သူများစည်ကား

**မင်းဘူး မတ် ၉**

မြန်မာနိုင်ငံ၏ အရှည်ကြာဆုံး ဘုရားပွဲတော်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် မန်းရွှေစက်တော်ရာဘုရားပွဲ ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ ယခုလို တပေါင်းလပြည့်နေ့အပါအဝင် ရုံးပိတ်ရက်ကာလအတွင်း အစိုးရဝန်ထမ်းများနှင့် ဘုရားဖူးခရီးသွားပြည်သူများ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

“ကျွန်မက ရေနံချောင်းမြို့က ကျောင်းဆရာမတစ်ဦးပါ။ အခုလို ကျောင်းပိတ်ရက်မှာ မိသားစုနဲ့အတူ သမိုင်းဝင် မန်းရွှေစက်တော်ရာ ဘုရားကို ဘုရားဖူးလာတာပါ။ ရုံးပိတ်ရက်သုံးရက် ဖြစ်တာကြောင့် လာဖြစ်တာပါ။ ဒီလို တပေါင်းလပြည့်နေ့ကို တစ်ခါမကြုံဖူးပါဘူး။ နံနက်ဘုရားမှာ အရုဏ်ဆွမ်း၊ သစ်သီးဆွမ်း ကပ်လှူပါတယ်။ ဘုရားပွဲမှာ လူတွေ အလွန်များပြားစည်ကားနေတာ တွေ့ရလို့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ မန်းချောင်း ရေချိုးရတာလည်း ပျော်စရာလည်း ကောင်းပါတယ်” ဟု ကျောင်းဆရာမ ဒေါ်မိုးမိုးအောင်က ပြောသည်။

“ကျွန်တော်တို့ အခုလို ရုံးပိတ်ရက်မှာ အိမ်နီးချင်းတွေနဲ့အတူ ဘုရားဖူးထွက်လာကြတာပါ။ ကလေးတွေလည်း ကျောင်းပိတ်သွားပြီဆိုတော့ အိမ်နားက မိသားစုတွေစုပြီး လာကြတာပါ။ ဒီနေ့ တပေါင်းလပြည့်နေ့ ဖြစ်တဲ့အတွက် ရွှေစက်တော်မှာ ဘုရားဖူးလာကြသူတွေနဲ့ အလွန်စည်ကားနေပါတယ်” ဟု အထက်မင်းလှမြို့မှ ဦးအောင်ကျော်လင်း (ဂျပန်ကြီး) ” က ပြောသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်အထိ ရက်ပေါင်း ၈၀ တိုင်အောင် ကျင်းပလျက်ရှိပြီး တပေါင်းလပြည့်နေ့အပါအဝင် ရုံးပိတ်ရက်ကာလတို့တွင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားအပါအဝင် စက္ကိန်းတဲဘုရားနှင့် နဂါးပွက်တောင်တော်တို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရာဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အစီရင်ခံစာအရ အရှိန်အဟုန်မြှင့် မြန်ဆန်စွာဆောင်ရွက်သင့်သည့်လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ မတ် ၉**

ရခိုင်ပြည်နယ်ဆိုင်ရာ ဆောင်ရွက်ချက်များတွင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE)၏ အကြံပြုချက်များမှ အရှိန်အဟုန်မြှင့် မြန်ဆန်စွာ ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးခြင်းမပြုသည့် နေရပ်စွန့်ခွာသူများ နေထိုင်ရာကျေးရွာများထဲမှ ကျေးရွာ(၇)ရွာကို ပြန်လည်နေရာချထားရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ကျေးရွာနေသူများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်ညွှန့်ဂေဟာရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အစီရင်ခံစာကို ထုတ်ပြန်ခဲ့

အစည်းအဝေးတွင် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ရာ အကြံပြုချက် ၂၂ ချက်ပါသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်

အကြံပြုချက်များတွင် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍများနှင့် ပတ်သက်၍ လူမှုသဟဇာတဖြစ်စေရေး၊ ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ် စွန့်ခွာကြရသည့် ရခိုင်၊ မွတ်ဆလင်နှင့် အခြားလူနည်းစုတိုင်းရင်းသားများ၏ လိုအပ်ချက်များကို အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးတို့ကို အမျိုးသားအဆင့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံသားစိစစ်ခံယူမည့်သူ၏ သက်သေခံကတ်ပြား(NVC) ထုတ်ပေးခြင်းနှင့် ၎င်း၏ အကျိုးဆက်များကို ပြန်လည်သုံးသပ်၍ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပြီး အကျိုးသက်ရောက်မှုရှိသော အကောင်အထည်ဖော်မှုများဖြစ်စေရေး၊ ရေရှည်ဆောင်ရွက်ရန် လိုအပ်သည့် အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်လှမ်းမီရေး၊ လွတ်လပ်စွာ သွားလာခွင့်ရရှိရေးတို့တွင် အဟန့်အတား အကန့်အသတ်များ ဖယ်ရှားပေးနိုင်ရေးနှင့် မိမိတို့၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို စောင့်ကြည့် အကဲဖြတ်ရေးတို့ ပါဝင်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ထိုအကြံပြုချက် အများစုသည် မိမိတို့ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်ပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကကြိုးပမ်းဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိသော နေရာများတွင် ပိုမိုဆောင်ရွက်နိုင်ပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိ သကဲ့သို့ အာဆီယံနိုင်ငံများ အပါအဝင် မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### လုပ်ငန်းစဉ်နှင့် ဆက်စပ်

ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို အစိုးရစတင်တာဝန်ယူစဉ်က ဖွဲ့စည်းခဲ့ပြီး ARSA အကြမ်းဖက်မှုနောက်ပိုင်း ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာကြသူများတွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာခြင်းမရှိဘဲ ပြည်တွင်းနေရပ်စွန့်ခွာကြသူများကို ပြန်လည်နေရာချထားရန် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရန် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲထားရှိပြီးဖြစ်ရာ ယခုဆောင်ရွက်မည့် လုပ်ငန်းစဉ်နှင့် ဆက်စပ်ပါကြောင်း။



လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အစီရင်ခံစာအရ အရှိန်အဟုန်မြှင့် မြန်ဆန်စွာဆောင်ရွက်သင့်သည့်လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

### စောင့်ကြည့်အကဲဖြတ်

မောင်တောမြို့နယ် အတွင်းရှိ ကျေးရွာ(၇)ရွာကို ကနဦး ဦးစားပေးရွေးချယ် ဆောင်ရွက်လျက်ရှိရာ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လာရောက်ဆွေးနွေးခြင်း ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လက်လှမ်းမီရန် အဓိက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို ညှိနှိုင်းပူးပေါင်းဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း၊ ဆွေးနွေးမှုရလဒ်များအရ သက်ဆိုင်ရာလုပ်ငန်းအလိုက် မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ စောင့်ကြည့်အကဲဖြတ်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

### ပူးပေါင်းအဖြေရှာ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအတွက် ပြန်လည်လက်ခံရေးကို အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသကဲ့သို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမရှိဘဲ ကျန်ရှိသူများအတွက် ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာကျေးရွာများရှိ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ဆောင်ရွက်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် ယခင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံများအပေါ် သင်ခန်းစာယူကာ တစ်ဦးတစ်ယောက်ချင်း၏ လိုအင်ဆန္ဒထက် အားလုံးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကာ ဆွေးနွေးမှုများ ပြုလုပ်ပေးခြင်းဖြင့် ကောင်းမွန်သော အနာဂတ်ကို ရရှိခံစားနိုင်ကြမည် ဖြစ်သဖြင့် ပူးပေါင်းအဖြေရှာဆွေးနွေးပေးကြပါရန် ပြောကြားသည်။

### ဆွေးနွေးပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးအတွက် အမျိုးသားကော်မတီ ဖွဲ့စည်းပြီးစီးမှုအခြေအနေ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမပြုသည့် နေရပ်စွန့်ခွာသူများ၏ ကျေးရွာများထဲမှ ကျေးရွာ(၇)ရွာတွင် Cash for Work အစီအစဉ်ဖြင့် အနည်းဆုံး မူလအနေအထားပြန်ဖြစ်အောင် စီစဉ်ဆောင်ရွက်နေမှုအပေါ် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးခြင်းမပြုသည့် နေရပ်စွန့်ခွာသူများ၏ ကျေးရွာများထဲမှ ကျေးရွာ(၇)ရွာတွင် Cash for Work အစီအစဉ်ဖြင့် ပြန်လည်နေရာချထားရေး စနစ်တကျမှတ်တမ်းများဖြင့် ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်လည်နေရာချထားရေး ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ(၇)ရွာမှ ကိုယ်စားလှယ်များက ပဒင်း–မောင်တောလမ်း ပြုပြင်ရေး၊ စာသင်ကျောင်းဆောင်များ ပြုပြင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ ပံ့ပိုးပေးရေး၊ ရေလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော စက်လှေများနှင့် ငါးဖမ်းကိရိယာများ ပံ့ပိုးပေးရေး စသည့် လိုအပ်ချက်များနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်လျက်ရှိရာတွင် မူလအိမ်များကို ပြုပြင်ပေးခြင်း၊ လိုအပ်သော နေရာများတွင် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း စသည့် လက်ရှိဆောင်ရွက်နေမှုများတွင် ပံ့ပိုးကူညီရန် လိုအပ်မှုများကို တင်ပြကြသည်။

### ဖြည့်ဆည်းပေးနိုင်ရေးဆွေးနွေး

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပူးပေါင်းဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စစ်တွေမြို့ပေါ်ရှိ IDP စခန်းနေသူများ ပြန်လည်နေရာချထားရေးနှင့် စခန်းပိတ်သိမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ပြည်တွင်း၌ အမှန်တကယ် လက်တွေ့အသုံးချဆောင်ရွက်နိုင်ရန် ရေးဆွဲဆောင်ရွက်ခဲ့မှုနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပြီး အဆိုပါ အမျိုးသားအဆင့် မဟာဗျူဟာကို စခန်းနေသူများ ရှင်းလင်းစွာ သိရှိ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများ၊ လူမှုသဟဇာတဖြစ်ရေးသည် ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ စခန်း တစ်ခုချင်းစီ၏ လိုအပ်ချက်အပေါ် မူတည်၍ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်၍ ယနေ့တွေ့ဆုံမှုတွင် ထပ်မံရွှေ့ပြောင်းရမှုများကို အဆုံးသတ်နိုင်ရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်နေရာချထားရေးနှင့် စခန်းများ ပိတ်သိမ်းရေး ဆောင်ရွက်ရန် စီစဉ်ညှိနှိုင်းနေမှုများကို ရှင်းလင်းဆွေးနွေးကြပြီး စခန်းတာဝန်ခံများက လိုအပ်ချက်များနှင့် စခန်းနေသူများ၏ ဆန္ဒသဘောထားများကို ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**



# လားရှိုးမြို့နယ်၌ တောင်သူများအား သဘာဝမြေဩဇာများထောက်ပံ့

**လားရှိုး မတ် ၉**

လားရှိုးမြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထားသော နာနတ်သီးနှံစိုက် တောင်သူများအား သဘာဝမြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၉ ရက်က စဥ့်အင်ကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားသည်။ (ဓါတ်ပုံ)

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်း ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းထင်စိုးက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးသော နာနတ်သီးနှံစိုက် တောင်သူများအား သဘာဝမြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက သဘာဝမြေဩဇာအိတ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ မှတ်တမ်းစာအုပ် များကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ဒုတိယဝန်ကြီး ဦးစိုးအောင် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနရှိ မူလတန်းကြိုကျောင်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများမှ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မတ် ၇ ရက်က နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

**နိုင်ငံတော်က တိုးမြှင့်ထောက်ပံ့ပေး**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မိမိတို့ဝန်ကြီးဌာနသည် တိုင်းပြည်အနာဂတ်ဖြစ်သည့် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ပေးနေသော ဌာနတစ်ခုဖြစ်သည့်အညီ ကလေးငယ်များအတွက် ဉာဏ၊ စိတ်ခံစားမှု၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ်ရရှိအောင် ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားလာသောကလေး (၂)နှစ်သားအထိ ငွေကြေးထောက်ပံ့ပေးသည့်(MCCT) အစီအစဉ်များကို ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်သည် အာဟာရပြည့်ဝစွာရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိသားစုစီမံကိန်းများအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မူလတန်းကြိုကျောင်းများတွင် အာဟာရကျွေးမွေးမှုအတွက် နိုင်ငံတော်က တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဖြည့်စွက်စာ/အာဟာရများ ကျွေးမွေးမှုကို ကျွမ်းကျင်သူများနှင့် ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မူကြိုကျောင်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များကို လေ့လာဆည်းပူးနေရန် လိုအပ်ပြီး လက်ရှိသင်ရိုးညွှန်းတမ်းများနှင့် ရပ်တန့်မနေဘဲ ခေတ်နှင့်အညီ ပြုပြင်ရေး သုတေသနပြုကြိုးစားရန် လိုအပ်ကြောင်း၊ မူလတန်းကြိုကျောင်းများနှင့် ပတ်သက်၍ ပြည်သူများက စိတ်ဝင်တစားရှိကြသည့်အတွက် စနစ်တကျ စီမံခန့်ခွဲစေလိုပါကြောင်း၊ မူလတန်းကြိုကျောင်းများတွင် ဆရာမများ လုံလောက်မှုမရှိသည့်အတွက် လတ်တလောဖြေရှင်းခြင်းအဖြစ် နေ့စားလပေး/လုပ်အားပေးအဖြစ် ခန့်အပ်နိုင်ရေးကို လုပ်ထုံးနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ခေတ်နှင့်အညီပြင်ဆင်သတ်မှတ်**

မူလတန်းကြိုကျောင်းမှ ဆရာမများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်စေရေး လေ့လာရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကိုလည်း ခေတ်နှင့်အညီ လျော်ညီအောင် ပြင်ဆင်သတ်မှတ်လျက်ရှိပါကြောင်း၊ မူလတန်းကြိုကျောင်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများနှင့် ရုံးချုပ်သို့ တင်ပြရမည်ဖြစ်ကြောင်း၊ မိဘများက ဆရာမများထံသို့ ကလေးသူငယ်များကို တစ်နေကုန် အပ်နှံထားရသည့်အတွက် ဆရာမများအနေဖြင့် သေသေချာချာ ပြုစုစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း။

**ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုပေး**

ကလေးငယ်များကို သင်ကြားရာတွင် ကောင်းမွန်သော အတုယူနိုင်စေရေးအတွက် သင်ကြားပြသပေးရမည်ဖြစ်သကဲ့သို့ အချင်းချင်း ချစ်ခင်လေးစားမှုရှိစေရေးနှင့် ယဉ်ကျေးသည့် စကားအသုံးအနှုန်းများဖြင့် ပြောဆိုဆက်ဆံတတ်စေရေး သင်ကြားပေးရန် လိုအပ်ကြောင်း၊ ဆရာမများသည် ကလေးများ၏ စံနမူနာပြဖြစ်သည်နှင့်အညီ မိမိတို့၏ ဝတ်စားဆင်ယင်မှု၊ ပြောဆိုမှုအပြုအမူများကို ကလေးများ အတုယူမမှားစေရေး ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ရန် အရေးကြီးကြောင်း၊ မူလတန်းကြိုကျောင်းများတွင် အလွဲသုံးမှုမခံရအောင် ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုပေးရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ရူပါမြက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး မူလတန်းကြိုကျောင်းများမှ ဆရာမများက လုပ်ငန်းဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်တာဝန်ရှိသူများ တွေ့ဆုံပွဲသို့ တက်ရောက်ကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မန္တလေးနည်းပညာတက္ကသိုလ်၏ ပထမအကြိမ် စက်ရုပ်ပြိုင်ပွဲတွင် မေဂျာ ငါးခုမှ အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်

မန္တလေး မတ် ၉

**မန္တလေး နည်းပညာတက္ကသိုလ် (MTU )ပထမအကြိမ် စက်ရုပ်ပြိုင်ပွဲကို မတ် ၈ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပြိုင်ပွဲတွင် မေဂျာပေါင်းစုံမှ အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။**

ပြိုင်ပွဲကို တစ်သင်းနှင့် တစ်သင်း အပြိုင်အဆိုင် တိုက်ခိုက်ရသည့် Sumo Fight နှင့် ပစ္စည်းများကို တစ်သင်းနှင့် တစ်သင်းအပြိုင်အဆိုင် သယ်ယူပို့ဆောင်ရသည့် Transporter Bot ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

"စက်ရုပ်နည်းပညာကို စိတ်ဝင်စားသူတွေများတယ်။ ကျောင်းပေါင်းစုံ ပြိုင်ပွဲတွေမှာဆို အများအားဖြင့် တစ်ကျောင်းကို တစ်သင်းစီပဲ ပြိုင်ခွင့်ရကြတာများပါတယ်။ အခုလို ကိုယ့်ကျောင်းမှာ ကိုယ်ပြိုင်လိုက်တော့ အခြားစိတ်ဝင်စားသူတွေပါ ပြိုင်နိုင်ပြီး ပြိုင်ပွဲအတွေ့အကြုံတွေရတယ်။ မေဂျာ ငါးခုက ကျောင်းသားတွေပြိုင်ကြတယ်။ Robort နည်းပညာကို စိတ်ဝင်စားကြတယ်။ ဒါကြောင့် ပြိုင်ပွဲမစခင်မှာ နည်းပညာမျှဝေပေးတဲ့ ကျောင်းသားကလပ်တစ်ခု ထောင်ထားတယ်။ စိတ်ဝင်စားမှုများပြီး လာလေ့လာကြတယ်။ ဒီပွဲကို ပြုလုပ်လိုက်တဲ့အတွက် ဘယ်လောက် အကျိုးသက်ရောက်မှုရှိလဲဆိုတာကို သိရပါတယ်။ စက်ရုပ်နည်းပညာတွေ၊ ဒရုန်းနည်းပညာတွေက ဒီနှစ်ပိုင်း ပိုပြီး ထွန်းကားလာတယ်။ အမြဲတမ်းနည်းပညာအသစ်အသစ်တွေ ရှိလာတယ်။ လူမလုပ်နိုင်တာတွေ၊ အန္တရာယ်ရှိတဲ့အရာတွေမှာလည်း စက်ရုပ်ကို အစားထိုးပြုလုပ်လာတယ် ဒီနည်းပညာကပိုပြီး တွင်ကျယ်လာမှာပါ"ဟု ပြိုင်ပွဲစည်းမျဉ်းတာဝန်ခံ MTU ကျောင်းသား ပြည့်ထူးခန့်က ပြောသည်။

"စက်ရုပ်ပြိုင်ပွဲရှိတယ်ဆိုတော့ အတွေ့အကြုံတစ်ခုရချင်တာ။ ကျောင်းမှာပြိုင်ပွဲလေးလုပ်တုန်း ပရောဂျက်လေးတစ်ခုလုပ်ဖြစ်အောင်ဝင်ပြိုင်ခဲ့တာပါ။ ယောကျ်ားလေးတွေကတော့ ငယ်ငယ်ကတည်းက ဒီလိုကစားနည်းမျိုးတွေနဲ့ နီးနီးစပ်စပ်ရှိနေကြတယ်။ ညီမတို့ကျတော့ ငယ်ငယ်က ဒီလိုအလေ့အကျင့်မရှိခဲ့ဘူး၊ ပိုပြီးလေ့လာခဲ့ရတယ်။ ညီမတို့အသင်းမှာဆို မိန်းကလေးသုံးယောက် ပြိုင်ခဲ့တာ။ မိန်းကလေးတွေဆိုတော့ ပရိုဂရမ်ရေးတာကအစ၊ ဆားကစ်ဆင်တာ၊ ဒီဇိုင်းအဆုံး အခက်အခဲတွေ ရှိခဲ့တယ်။ ပြိုင်ပွဲလေးလုပ်ပေးတာ အလွန်ဝမ်းသာတယ်။ အခွင့်အရေးတစ်ခုရတာပါ၊ ပြိုင်ပွဲပြိုင်ရမှာဆိုတော့ ဒါကို တစိုက်မတ်မတ်လေ့လာပြီး လုပ်နိုင်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအတွက် အခွင့်အရေးတစ်ခုပါ" ဟု တတိယနှစ်ကျောင်းသူမစုထူးရတနာက ပြောသည်။ အဆိုပါပြိုင်ပွဲတွင် မေဂျာငါးခုမှ အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဝေဖြိုးအောင်**


ပထမအကြိမ် စက်ရုပ်ပြိုင်ပွဲကို ကြည့်ရှုအားပေးနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူ ၉၇၀၀၀၀ ကျော်ဝင်ရောက်ဖြေဆိုကြမည်

**ရန်ကုန် မတ် ၉**

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးမှ အခြေခံကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများ ၊ ပြင်ပမှဝင်ရောက်ဖြေဆိုကြမည့် အပြင်ဖြေကျောင်းသားကျောင်းသူများအပါအဝင်စာရင်းသွင်း စုစုပေါင်း ၉၇၀၀၀၀ ကျော်ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဘာသာတွဲ(၈) မျိုးဖြင့် စာမေးပွဲကိုကျင်းပမည်ဖြစ်ရာ ဘာသာရပ်အလိုက်ဖြေဆိုကြမည့် စာရင်းသွင်းကျောင်းသား ကျောင်းသူဦးရေအရ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒဘာသာတွဲတွင် ၅၈၂၁၄၉ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒဘာသာတွဲတွင် ၁၇၃၂၀၅ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာဘာသာတွဲတွင် ၁၀ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာဘာသာတွဲတွင် တစ်ဦး။

မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း ဘာသာတွဲတွင် ၅၄၁ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာ တွဲတွင် ၂၁၁၁၂၄ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်ဘာသာတွဲတွင် ၃၁၈၅ ဦး စုစုပေါင်း ၉၇၀၂၁၅ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရှိရသည်။

စိတ်ကြိုက်မြန်မာစာဘာသာတွဲဖြင့် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူမှာ ၁၁ ဦးရှိလာပြီဖြစ်သည်။ ယခုနှစ်တွင် ရန်ကုန်၊ မန္တလေး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ပြီးခဲ့သည့်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူနည်းပါးပြီးအများဆုံး သုံးဦးသာရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောကြားသည် ။

ယခုနှစ်တွင်စာစစ်ဌာနများကိုတိုးချဲ့ဖွင့်လှစ်ထားပြီး စာစစ်ဌာန ၁၉၉၉ ခုရှိကြောင်း ယမန်နှစ်က ၁၈၈၆ ခုရှိရာမှ ယခုနှစ်တွင်စာစစ်ဌာန ၁၀၀ ကျော် တိုးလာကြောင်းသိရှိရသည်။ အကျဉ်းဦးစီးစာဖြေဌာနမှာ ၁၀ ခုရှိကြောင်း သိရှိရသည်။

အကျဉ်းဦးစီးစာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများမှာ ၁၈၈ ဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်အကျဉ်းထောင်နှင့် မန္တလေးတိုင်းဒေသကြီးရှိ အကျဉ်းဦးစီးဌာနမှ ဝင်ရောက်ဖြေဆိုမည့်ကျောင်းသားကျောင်းသူ ၁၆၀ ကျော်ရှိကာ မန္တလေးအကျဉ်းဦးစီးဌာနမှစာဖြေသူအများ ဆုံးဖြစ်ကြောင်း သိရှိရသည်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် မြန်မာစာဘာသာရပ်၊ မတ် ၁၂ ရက်တွင် အင်္ဂလိပ်စာ ၊ မတ် ၁၃ ရက်တွင် သင်္ချာ၊ မတ် ၁၄ ရက်တွင် စိတ်ကြိုက်မြန်မာစာ၊ မတ် ၁၆ ရက်တွင် ဓာတုဗေဒ၊ မတ် ၁၇ ရက်တွင် ရူပဗေဒ၊ မတ် ၁၈ ရက်တွင် ဇီဝဗေဒ / ဘောဂဗေဒဘာသာရပ်၊ မတ် ၁၉ ရက်တွင် ပထဝီဝင်ဘာသာရပ်၊ မတ် ၂၀ ရက်တွင် သမိုင်းဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ကြောင်း သိရှိရသည်။

**အောင်သူရ**

## မကွေးမြို့နယ်အတွင်းမှ KTV နှင့် ယစ်မျိုးဆိုင် တက္ကသိုလ်ဝင်စာမေးပွဲ ကာလအတွင်း ပိတ်ထားရန်ညွှန်ကြား

**မကွေး မတ် ၉**

တက္ကသိုလ်ဝင်စာမေးပွဲကာလ မတ် ၁၁ ရက်မှ ၂၀ ရက်အတွင်း၌ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် KTV ကာရာအိုကေ၊ စင်တင်တေးဂီတ၊ Unplugged များနှင့် ယစ်မျိုးဆိုင်များကို ခေတ္တပိတ်ထားရန် ညွှန်ကြားထားကြောင်း မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးတစ်ခုလုံးတွင် အဆိုပါကန့်သတ်မိန့်ကို ထုတ်ပြန်ထားပြီး မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များကို ညွှန်ကြားစာများ ပေးပို့ထားသည်။ **ဇေယျာတု(မကွေး)**

# ရန်ကုန်မြို့တွင် ပါရာဒီဆိုရုပ်ရှင်ရုံသစ်များ ဖွင့်လှစ်

**ရန်ကုန် မတ် ၉**

ပါရာဒီဆိုရုပ်ရှင်ရုံသစ်များ ဖွင့်လှစ်ခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်တို့တွင် ကျင်းပသည်။



ယနေ့ နံနက် ၈ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၁) တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်း၌ မြောက်ဒဂုံပါရာဒီဆို ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးကြည်စိုးထွန်းနှင့် ရုပ်ရှင်သရုပ်ဆောင် နေတိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို ရုံအတွင်း၌ကျင်းပရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး Paradiso Cinemas Co.,Ltd ဥက္ကဋ္ဌ ဦးလွင်မိုးနှင့် အမှုဆောင်ဒါရိုက်တာ ဦးသူရ တို့က ရုပ်ရှင်ရုံများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြကာ နမူနာရုပ်ရှင်ကားများ ပြသမှုကို ပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ယနေ့ နံနက် ၁၁ နာရီက ပုလဲမြို့သစ် အမှတ်(၃) လမ်းမကြီးရှိ ပုလဲပါရာဒီဆို ရုပ်ရှင်ရုံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် ပါရာဒီဆို ရုပ်ရှင်ရုံများကို Paradiso Cinemas Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး အတွင်း ဒုတိယနှင့် တတိယမြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ကုမ္ပဏီအနေဖြင့် တစ်နိုင်ငံလုံးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသော ရုပ်ရှင်ပိတ်ကားအရေအတွက်မှာ ၃၆ ခုရှိပြီ ဖြစ်ရာ ရုပ်ရှင်ရုံ ၁၀၀ တည်ဆောက်ရေး စီမံချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသလျက်ရှိသည့် ရုပ်ရှင်ပိတ်ကားအရေအတွက် စုစုပေါင်းမှာ ၉၂ ခု အထိ တိုးတက်လာပြီ ဖြစ်ကြောင်း သိရသည်။ **ငြိမ်းကို(FDC)**

# မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၏ အမှုဆောင်အဖွဲ့ရွေးချယ်ပွဲ ကျင်းပ

**မကွေး မတ် ၉**

မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် (၁.၄.၂၀၁၉) မှ (၃၀.၉.၂၀၁၉)ရက်အထိ ၁၈ လ ကာလအတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မတ် ၅ ရက်က မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌဖြစ်သည့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်းနှင့် ဖွဲ့စည်းရေးကော်မတီအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးမြင့်အောင်၊ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ၂၅ မြို့နယ်မှ ဦးစီးအရာရှိများနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများ၊ အသင်းဝင်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် (၁.၄.၂၀၁၉)မှ (၃၀.၉.၂၀၁၉) ရက်အထိ ၁၈ လ ကာလအတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မတ် ၅ ရက် နံနက် ၉ နာရီတွင် လည်းကောင်း၊ အမှုဆောင်ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို မွန်းတည့် ၁၂ နာရီ တွင် လည်းကောင်း ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် လီမိတက်၏ အမှုဆောင်အဖွဲ့ကို သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌ ဦးစံကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်မောင်၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဆယ်တင်၊ အတွင်းရေးမှူး ဦးဘိုအောင် အပါအဝင် အမှုဆောင် ကိုးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို အောင်မြင်စွာ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# တိုင်ကြားနိုင်ပါသည်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတက လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့မှာ "ကျွဲကူးရေပါ" ဆိုသလို ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

၃။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) တို့ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ "ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့" သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည် -

(က) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ Fax နှင့် email တို့ရှိလျှင်) ထည့်သွင်းဖော်ပြရန်၊

( ခ ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာ ဖော်ပြရန်၊

( ဂ ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပေးပို့ရန်။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**ရုံးခွဲများ ဖွင့်လှစ်ထားရှိခြင်း**

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါ မြို့များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင်ပါသည် -

(က) **နေပြည်တော်ရုံးခွဲ။** သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

( ခ ) **မန္တလေးရုံးခွဲ။** ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

( ဂ ) **စစ်တွေရုံးခွဲ။** ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၊ စစ်တွေမြို့။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပြီး၊ အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း လူကုန်ကူးမှု ၂၂ မှု အရေးယူနိုင်ခဲ့

**ရန်ကုန် မတ် ၉**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လူကုန်ကူးခံရမှုပေါင်း ၁၅ မှုနှင့် ဖေဖော်ဝါရီလတွင် လူကုန်ကူးခံရမှု ခုနစ်မှုရှိခဲ့ပြီး အမျိုးသမီးနှင့် ကလေးများမှာ အများဆုံး လူကုန်ကူးခံနေရကြောင်း၊ အဓမ္မလက်ထပ်စေခိုင်းမှုမှာ အများဆုံးဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ဖေဖော်ဝါရီလတွင် လူကုန်ကူးခံရမှုပေါင်း ခုနစ်မှုမှာ လူကုန်ကူးခံရသူပေါင်း ၁၈ ဦး (အမျိုးသားတစ်ဦး၊ အမျိုးသမီး ၁၂ ဦး၊ မိန်းကလေး ငါးဦး) ပြစ်မှုကျူးလွန်သူ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၁ ဦးတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ အဆိုပါအမှုများမှာ ရန်ကုန်တိုင်းဒေသကြီးမှ လေးမှု၊ ရှမ်းပြည်နယ်မှ တစ်မှု၊ ပဲခူးတိုင်းဒေသကြီးမှ တစ်မှု၊ မကွေးတိုင်းဒေသကြီးမှ တစ်မှုဖြစ်ပြီး တရုတ်နိုင်ငံတွင် အဓမ္မလက်ထပ်မှု သုံးမှု၊ ပြည်တွင်း၌ အဓမ္မပြည့်တန်ဆာမှု သုံးမှုနှင့် အဓမ္မစေခိုင်းမှု တစ်မှုဖြစ်သည်။

ဇန်နဝါရီလတွင် လူကုန်ကူးခံရမှုပေါင်း ၁၅ မှုမှာ လူကုန်ကူးခံရသူပေါင်း ၂၇ ဦး (အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၄ ဦး၊ မိန်းကလေး သုံးဦး)၊ ပြစ်မှုကျူးလွန်သူ ၂၈ ဦး (အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၈ ဦး)ဖမ်းဆီးရမိခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးမှ သုံးမှု၊ ရှမ်းပြည်နယ်မှ သုံးမှု၊ ကချင်ပြည်နယ်မှ သုံးမှု၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်မှု၊ ရန်ကုန်တိုင်းတိုင်းဒေသကြီးမှ နှစ်မှု၊ ပဲခူးတိုင်းတိုင်းဒေသကြီးမှ တစ်မှု၊ နေပြည်တော်မှ တစ်မှုဖြစ်ကြပြီး တရုတ်နိုင်ငံတွင် အဓမ္မလက်ထပ်မှု ၁၀ မှုနှင့် အဓမ္မစေခိုင်းမှု တစ်မှု၊ ပြည်တွင်း၌ အဓမ္မစေခိုင်းမှု လေးမှုတို့ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူကုန်ကူးမှု အမှုပေါင်း ၂၃၉ မှုရှိပြီး ပြစ်မှုကျူးလွန်သူ အမျိုးသား ၂၂၇ ဦးနှင့် အမျိုးသမီး ၅၀၅ ဦး စုစုပေါင်း ၇၃၂ ဦးကို စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကာ လူကုန်ကူးခံရသူ အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီး ၂၉၇ ဦး စုစုပေါင်း ၃၅၈ ဦးရှိခဲ့သည်။ ယင်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးမှ ၆၅ ဦးနှင့် ရှမ်းပြည်နယ်မှ ၆၅ ဦးဖြင့် အများဆုံး လူကုန်ကူးခံခဲ့ရပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၈ မှု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၈ မှု၊ ကချင်ပြည်နယ်မှ ၂၅ မှု၊ ပဲခူးတိုင်းဒေသကြီးမှ ၁၂ မှု၊ မွန်ပြည်နယ်မှ လေးမှု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သုံးမှု၊ ကရင်ပြည်နယ်မှ သုံးမှု၊ နေပြည်တော်မှ နှစ်မှု၊ တနင်္သာရီတိုင်းဒေသကြီးမှ နှစ်မှု၊ မကွေးတိုင်းဒေသကြီးမှ တစ်မှု၊ ချင်းပြည်နယ်မှ တစ်မှုဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် လူကုန်ကူးမှု ဦးတည်သည့်နိုင်ငံများအနက် တရုတ်နိုင်ငံတွင် ၁၉၆ မှုမှာ အဓမ္မလက်ထပ်စေခိုင်းမှု ၁၈၈ မှု၊ အဓမ္မစေခိုင်းမှု သုံးမှု၊ ပြည့်တန်ဆာမှု နှစ်မှု၊ အဓမ္မမွေးစားမှု တစ်မှုနှင့် အငှားကိုယ်ဝန်ဆောင်ခိုင်းစေမှု နှစ်မှု၊ ထိုင်းနိုင်ငံမှ အဓမ္မစေခိုင်းမှု တစ်မှုနှင့် မလေးရှားနိုင်ငံမှ အဓမ္မစေခိုင်းမှု နှစ်မှုကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် လူကုန်ကူးမှု ၁၈ မှုတွင် အမျိုးသား လေးဦး၊ အမျိုးသမီး၂၈ ဦး၊ ယောကျ်ားလေး တစ်ဦး၊ မိန်းကလေး လေးဦး စုစုပေါင်း ၃၇ ဦး လူကုန်ကူးခံရပြီး ပြစ်မှုကျူးလွန်သူ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၅၈ ဦး ဖမ်းဆီးနိုင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့်လျော့နည်းကြောင်း သိရသည်။

လူကုန်ကူးမှုကျူးလွန်သူကို ပြစ်မှုထင်ရှားပါက တည်ဆဲဥပဒေအရ အနည်းဆုံး ထောင်ဒဏ် ငါးနှစ်မှ ၁၀ နှစ်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ အမျိုးသမီးနှင့် ကလေးငယ်များအပေါ် ကျူးလွန်ပါက အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ၊ အများဆုံး တစ်သက်တစ်ကျွန်းအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို နယ်စပ်မြို့များနှင့် နိုင်ငံအနှံ့အပြားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့စုများက လုပ်ဆောင်လျက်ရှိသည်။

**သန့်ဇင်ဝင်း**



## ရှေးဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုစေတီတော်မြတ်ရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူအား ဓမ္မဒါနအဖြစ် ပေးအပ်လှူဒါန်း

**သီပေါ မတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာတွင် ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ မုခ်လေးမုခ်၌ ကိန်းဝပ်စံပယ်တော်မူသော ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်လေးဆူအား လားရှိုးမြို့သို့ရောက်ရှိနေသော ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်ထံသို့ ပေါ်ကြိုဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်နှင့် ဂေါပကအဖွဲ့ဝင်များက တပေါင်းလပြည့်ကျော် ၁ ရက်တွင် ဓမ္မဒါနအဖြစ် သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

**စိုင်း(သီပေါ)**

## နွေစပါးစိုက်ပျိုးသည့် တောင်သူများ အောင်ရေလိုအပ်ချက်ကြောင့် စိုးရိမ်မှုများရှိနေ

**ရေတာရှည် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာဆည်တမံမှ ၂၀၁၉-၂၀၂၀ နွေစပါးစိုက်ပျိုးရာသီအတွက် စိုက်ပျိုးဧက ၈၀၀၀ ကိုလျာထားခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်က ရေများစတင်ပေးဝေခဲ့သည်။ ယခုအချိန်တွင် ရေပေးဝေသည့် ကာလအနေဖြင့် သုံးလကြာမြင့်ခဲ့ပြီဖြစ်ရာ ဆည်အတွင်း ရေလက်ကျန်နည်းပါးလာသည်နှင့်အမျှ ရေပေးဝေနိုင်မှုလျော့ကျသွားခဲ့ရာ အနှံထွက်လုဆဲဆဲ စပါးခင်းများအတွက် အောင်ရေအလုံအလောက်မရရှိမည်ကို တောင်သူများက စိုးရိမ်မှုများရှိနေခြင်းဖြစ်သည်။

"ရေက အောင်ရေအတွက် အတော်များများ နည်းသွားတဲ့အခါကျတော့ စပါးပင်တွေသန်မာအောင် ဓာတ်မြေဩဇာ ပိုကျွေးပြီးတော့ ထိန်းထားရတယ်။ နောက်ထပ်နှစ်ပတ်လောက် ရေပြည့်ပြည့်ဝဝ ပေးနိုင်ရင်တော့ အဆင်ပြေပါတယ်"ဟု ဆွာမင်းလမ်း ကျေးရွာအုပ်စု ကွင်းအမှတ် ၆၂ တွင် စပါးစိုက်ထားသည့် တောင်သူ ဦးဇော်မိုးအောင်က ပြောသည်။

နေ့အပူရှိန် မြင့်တက်လာခြင်းကြောင့် စပါးစိုက်ခင်းများ ရေခန်းခြောက်လွယ်သည်ဖြစ်ရာ အလှည့်ကျစနစ်ဖြင့် ရေပေးဝေရာ၌ ရေတံခါးများနှင့် ရေသွင်းပြွန်များကို သော့ခတ်ထားခြင်းများအား တောင်သူများက ရိုက်ဖျက်ဆီးခြင်း၊ ရေလွှတ်ထားသည့် ရေတံခါးအောက်ခြေတွင် အိတ်များဖြင့် ပိတ်ဆို့ခြင်းတို့ကြောင့် ရေပေးဝေသည့်အခါ လိုရာမရောက်ဖြစ်နေသည်ကိုလည်း နေ့စဉ်လိုလိုတွေ့ရှိနေရသည်။

"ဆည်ရေကတော့ လက်ကျန်ရေက နည်းသွားပြီ၊ မတ်လကုန်ထိ ပေးနိုင်မယ်လို့ ခန့်မှန်းထားတယ်။ အကယ်၍ ရေမလုံလောက်ရင် ရေအရင်းအမြစ်ဦးစီးဌာနက စက်ကြီးတွေနဲ့ လိုအပ်သလိုမောင်းထည့်ဖို့တော့ ကြိုတင်တိုင်ပင်ထားတာရှိပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက ပြောသည်။

တောင်သူများအနေဖြင့် အထွက်နှုန်း ကောင်းမွန်သော နွေစပါးကို သွင်းအားစု ကုန်ကျစရိတ်များစွာဖြင့် စိုက်ပျိုးထားကြခြင်းဖြစ်ရာ စပါးခင်းများ အောင်မြင်မှုမရှိပါက ကုန်ကျစရိတ်များ ဆုံးရှုံးရမည့်အပြင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် လုပ်သားငှားရမ်းစရိတ်တို့အတွက် အကြွေးများပေးဆပ်ရန် အခက်အခဲများစွာ ကြုံတွေ့ကြရမည်ဖြစ်သည်။ **သန်းလွင်**



ဆွာဆည်တမံအတွင်း လက်ရှိသိုလှောင်ထားသည့် ရေအခြေအနေကို တွေ့ရစဉ်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ကောလင်း၊ ဝန်းသိုဒေသ၌ တစ်လအတွင်း စပါးဈေး ကျပ်နှစ်သိန်းကျော်အထိမြင့်တက်

**ကောလင်း မတ် ၉**

ကောလင်း၊ ဝန်းသိုဒေသအတွင်း လယ်သမားများလက်ထဲ စပါးမရှိတော့သည့် တစ်လအတွင်း စပါးဈေး ငွေကျပ် နှစ်သိန်းကျော်အထိ မြင့်တက်လာကြောင်း လယ်သမားတစ်ဦးထံမှ သိရသည်။

အဆိုပါဒေသရှိ တောင်သူလယ်သမားအများစုသည် မိမိတို့တွင် တင်ရှိနေသော လယ်စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေနှင့် ကလေးကျောင်းထားစရိတ် စသည့် ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် မိမိတို့လယ်မှရရှိသော စပါးများကိုရောင်းချပြီး ပေးလိုက်ရကြောင်း၊ စပါးများရောင်းချသောအချိန်ဖြစ်သည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ကျောက်ဆည်စပါး တင်းတစ်ရာလျှင် ငွေကျပ် ကိုးသိန်းကျော် ရောင်းချခဲ့ရာမှ မိမိတို့လက်ထဲ စပါးမရှိတော့သည့်အချိန်မှ ငွေကျပ် ၁၁ သိန်းကျော် ၁၂ သိန်းအထိ ပေးဝယ်ယူနေပြီဖြစ်သည့်အတွက် အချိန်တစ်လအတွင်း ငွေကျပ် နှစ်သိန်းကျော်အထိ မြင့်တက်လာကြောင်း ဝန်းသိုမြို့နယ် အုပ်ဖိုကျေးရွာ လယ်သမား ဦးတင်အောင်က ပြောသည်။



ယင်းမြို့နယ်ရှိ ဆန်စပါးရောင်းဝယ်လုပ်ကိုင်နေသူ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက "အရင်နှစ်က အခုချိန်မှာ ကျောက်ဆည်စပါးက ငွေကျပ် ကိုးသိန်းကျော်သာရှိခဲ့ပြီး ယခုနှစ်မှာ အရင်နှစ်ထက် ငွေကျပ် နှစ်သိန်းကျော် မြင့်မားနေပါတယ်။ ဒီဒေသမှာရှိတဲ့ မိုးကောင်းသောက် လယ်မြေတချို့ကတော့ နောက်မိုး(အောင်ရေ) မရွာခဲ့လို့ ဝမ်းစာတောင်မရပါဘူး။ အချို့နယ်မြေဒေသတွေမှာလည်း ရေကြီးနစ်မြုပ်လို့ အထွက်နှုန်းလျော့နည်းတာ၊ တစ်နိုင်ငံလုံးမှာလည်း လူနေရပ်ကွက်တွေ၊ စက်ရုံအလုပ်ရုံ၊ လမ်းတံတားတွေ တိုးပွားနေတာကြောင့် စိုက်ဧကတွေ လျော့ကျလာတာ၊ ငွေရှင်ကြေးရှင် ဆန်စက်ပိုင်ရှင်တွေကလည်း အရင်နှစ်စက်တင်ဘာလနဲ့ အောက်တိုဘာလမှာ ငွေကျပ် ၁၄ သိန်းကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့တာကို မျှော်ကိုးပြီး ဝယ်ယူသိုလှောင်ထားတာတွေကြောင့်ပါ စပါးရောင်းလိုအားထက် ဝယ်လိုစုဆောင်းနေမှုအားကြောင့် စပါးဈေးနှုန်းကျဆင်းခြင်းမရှိဘဲ တရိပ်ရိပ်မြင့်တက်နေပါတယ်" ဟု ၎င်း၏အမြင်ကို ပြောသည်။ **မြင့်ထွန်းမင်း(ပြန်/ဆက်)**

## တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးသတ်ဖြတ်စားသုံးခြင်း မပြုလုပ်ကြရန် အသိပညာပေးပိုစတာများ ချိတ်ဆွဲပြသ

**လောက်ကိုင် မတ် ၉**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ယနေ့နံနက် ၁၀ နာရီက တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ရောင်းဝယ်ခြင်း မပြုလုပ်ခြင်းဖြင့် ကုသိုလ်ယူကြရန် အသိပညာပေးပိုစတာများကို အများပြည်သူမြင်သာသည့် နေရာများတွင် ချိတ်ဆွဲပြသခဲ့ကြောင်း သိရသည်။

ထိုသို့ ချိတ်ဆွဲပြသထားခြင်းမှာ အများပြည်သူလူထုအတွင်း တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ခံရမှုနှင့် ဖမ်းဆီးစားသုံးခြင်း တားဆီးရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်နှင့် ဒေသခံပြည်သူများအတွင်း ကျယ်ပြန့်စွာ ပိုမိုသိရှိစေနိုင်ရန်အတွက် ချိတ်ဆွဲပြသခြင်း ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များထံမှ ငှက်သားကို စားသုံးပါက H1N1 အပြင်းဖျားတုပ်ကွေးရောဂါ၊ COVID-19 ရောဂါကဲ့သို့သော ထိန်းချုပ်ရန်ခက်ခဲသည့် ရောဂါများ သယ်ဆောင်ကူးစက်ပြန့်ပွားနိုင်ခြင်း၊ သမင်သား၊ တောကောင်သားများ စားသုံးပါက ခရုသင်း၊ သမင်ဖြူ၊ နူနာ၊ အနာကြီးရောဂါများ ဖြစ်စေနိုင်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သည့်အပြင် သားရဲတိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်မသွားစေရေးအတွက် ဖမ်းယူသတ်ဖြတ်စားသုံးခြင်း မပြုလုပ်ကြရန် အသိပညာပေးပိုစတာများကို ချိတ်ဆွဲပြသရခြင်းဖြစ်ကြောင်း လောက်ကိုင်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

## မိုးညှင်းမြို့နယ် လေးတန်ချောင်း - ပင်လုံဆည် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရွှေမျှောများလုပ်ကိုင်နေမှုကြောင့် ဒေသခံများစိုးရိမ်

**မိုးညှင်း မတ် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု လေးတန်ချောင်းတွင် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးအတွက် ပင်လုံဆည်ကို တည်ဆောက်လျက်ရှိရာ လုပ်ငန်းခွင်အတွင်း၌ ရွှေမျှောများလုပ်ကိုင်နေသဖြင့် လေးတန်ချောင်း ပျက်စီးနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ လေးတန်ချောင်းတွင် ဒေသခံတောင်သူများ ရာသီမရွေး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျောက်စီပင်လုံဆည်အား မြထက်စံကုမ္ပဏီက တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လေးတန်ချောင်း၏ အထက်နှင့်အောက်တို့၌ ကျေးရွာအုပ်ချုပ်ရေးမှူးအား သဲကျောက်ထုတ်လုပ်သည်ဟုဆိုကာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ ရွှေမျှောများကို ထုတ်ယူလျက်ရှိကြောင်း၊ အဆိုပါလေးတန်ချောင်းတစ်လျှောက်တွင် တစ်လုံးထိုးစက်ဆိုင်းများဖြင့် နေ့စဉ်ရွှေမျှောများကို လုပ်ကိုင်နေမှုကြောင့် လေးတန်ချောင်းရေကို ရေချိုးအသုံးပြုလျက်ရှိသော ဒေသခံများအတွက် အခက်အခဲဖြစ်နေကြောင်း၊ ဆက်လက်၍ ရွှေမျှောများ ထပ်မံဝင်ရောက်လုပ်ကိုင်လာပါက ပင်လုံကျေးရွာရှိ လေးတန်ချောင်းမှာ ပျက်စီးစေနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။ **၀၇၈**



ရွှေမျှောများလုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနေမှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

ဒုတိယတန်းအဆင့် ၆ ပေါက်တန်းပြိုင်ပွဲတွင် ချမ်းမြရွှေစင်အသင်းက ၇၈၆ မှတ်ဖြင့် ပထမ၊ ခေတ်ဆန်းမောင်အသင်းက ၇၃၄ မှတ်ဖြင့် ဒုတိယ၊ တော်ဝင်ကြယ်-ပခုက္ကူအသင်းက ၆၈၁ မှတ်ဖြင့် တတိယ အသီးသီးရရှိကြသည်။

**ဆုငွေများ ချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ၆ ပေါက်တန်းနှင့် ၈ ပေါက်တန်းတို့တွင် တက်သစ်စအားကစားသမားဆု၊ အကောင်းဆုံးဆု၊ အတိုးတက်ဆုံးအသင်းဆု၊ ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ၏ ၆ ပေါက်တန်း ပထမတန်း၊ ဒုတိယတန်းပြိုင်ပွဲ နှစ်သိမ့်ဆုရအသင်း၊ ၈ ပေါက်တန်းပြိုင်ပွဲ နှစ်သိမ့်ဆုရအသင်းတို့ကို ဂေါပကအဖွဲ့ဝင်များက လည်းကောင်း ဆုငွေများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝိုင်းဖွဲ့ခြင်းလုံးခတ် ပထမတန်းနှင့် ဒုတိယတန်း ၆ ပေါက်တန်းပြိုင်ပွဲနှင့် ၈ ပေါက်တန်းပြိုင်ပွဲ ဆုရအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုနှင့် ဆုငွေများကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်တို့က လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲပြိုင်ပွဲ ဆုရအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုငွေများကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအား/ကာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဘုရားဂေါပက အဖွဲ့ဝင်တို့က လည်းကောင်း ဆုချီးမြှင့်ကြပြီး ပထမဆုရ ၆ ပေါက်တန်း ပထမတန်းအသင်း တို့မှ ပထမ၊ ဒုတိယ၊ တတိယ ဆုရအသင်းတို့နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမဆုရ ဒေသခံ ဆင်ရွာမြင်းမှူးအသင်းတို့အား ဝေရောစနကျောက်စိမ်းစေတီတော် ဘုရားဒါယကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ကြံ့နှစ်ကောင်ဘီလပ်မြေမှ တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ပထမတံခွန်စိုက်ဆုဖလားနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ တာဝန်ရှိသူများနှင့် ဆုရရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

■ *ကျောဖုံးမှ*

ရမည်ဖြစ်သည်။ ပွဲစဉ်များရွှေ့ဆိုင်းလိုက်သောကြောင့် မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်ပြင်ဆင်မည့် အစီအစဉ်များကို ဖျက်သိမ်းရမည်ဖြစ်သည်။

COVID-19 ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ဘောလုံးပွဲများရွှေ့ဆိုင်းခြင်း၊ ပရိသတ်မပါဘဲ ကစားခြင်းများအပြင် အခြားအားကစားပြိုင်ပွဲများကိုလည်း ရွှေ့ဆိုင်းလျက်ရှိသည်။ ထို့အပြင် မြန်မာ အားကစားအဖွဲ့ယှဉ်ပြိုင်မည့် အာရှစနူကာ 6 Red ပြိုင်ပွဲ၊ အာရှလူငယ် ပြေးခုန်ပစ်ပြိုင်ပွဲများကို ရွှေ့ဆိုင်းခဲ့ရသလို မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာ ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် ပြိုင်ပွဲများအနက် ပေါ်တူဂီပြိုင်ပွဲနှင့် ပိုလန်ပြိုင်ပွဲတို့ကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရန်ကုန်အသင်းက အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းက အဝေးကွင်းကစားရမည်ဖြစ်သည်။ အာဆီယံဇုန် အုပ်စု (H) တွင် ကာယာ(ဖိလစ်ပိုင်)နှင့် တမ်ပနိစ်ရိုဗာ(စင်ကာပူ)က လေးမှတ်စီ၊ မာကာဆာ(အင်ဒိုနီးရှား)က သုံးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်း မှာ နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲစလုံး အရေးနိမ့်ထားသောကြောင့် ယခုပွဲမှာ အရေးကြီးနေပြီး အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပွဲတွင် ကာယာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ဒုတိယပွဲတွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်မည့် တမ်ပနိစ်ရိုဗာအသင်းသည် ပထမပွဲတွင် မာကာဆာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဒုတိယပွဲတွင် ကာယာအသင်းနှင့် အဝေးကွင်း၌ ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စု (F) တွင်မူ ဟိုချီမင်းစီးတီး (ဗီယက်နမ်) နှင့် ရန်ကုန်(မြန်မာ)တို့က လေးမှတ်စီ၊ ဟောင်အန်ယူနိုက်တက်(စင်ကာပူ)က သုံးမှတ်ရထားပြီး လာအိုတိုယိုတာ (လာအို)က နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် ပထမပွဲတွင် ဟိုချီမင်းစီးတီးအသင်းကို အိမ်ကွင်း၌ နှစ်ဂိုးစီ သရေကျပြီး ဒုတိယပွဲတွင် လာအိုတိုယိုတာအသင်းကို အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းနှင့် ကစားမည့် ဟောင်အန်အသင်းသည် ပထမပွဲတွင် လာအိုတိုယိုတာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဒုတိယပွဲတွင် ဟိုချီမင်းစီးတီးအသင်းကို အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**

# (၇၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ဖိတ်ခေါ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၉

**တပ်မတော် စားပွဲတင်တင်းနစ်ကော်မတီက ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း တပ်မတော် စားပွဲတင်တင်းနစ်ကော်မတီ အားကစားရုံ၌ကျင်းပသည်။** (အောက်ပုံ)

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မျိုးဆက်သစ် တစ်ဦးချင်း၊ အသက် ၁၅ နှစ်အောက် တစ်ဦးချင်း၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြကာ ပြိုင်ပွဲအပြီးတွင် ပထမ၊ ဒုတိယ၊ တတိယ၊ ပူးတွဲတတိယရရှိကြသော အားကစားသမားများအား အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး လွမ်းမိုး၊ သူနာပြုအုပ်၊ ဆေးကုသမှုပါရဂူများက တစ်ဦးချင်းဆုတံဆိပ်များ ချီးမြှင့်ကြသည်။





ဆက်လက်၍ အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပထမ TEN အသင်း၊ ဒုတိယ MMA အသင်း၊ တတိယ ကဝမြို့နယ်အသင်းနှင့် ပူးတွဲတတိယ ခရမ်းသုံးခွအသင်းတို့အား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် ဥက္ကဋ္ဌ ဦးကျော်ကျော်က တစ်ဦးချင်း ဆုတံဆိပ်နှင့် အသင်းလိုက် တံခွန်စိုက်ဆုဖလားရရှိသော TEN အသင်းအား တပ်မတော်စားပွဲတင်တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်- ၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းတို့က ဆုချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲကို မတ် ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး အားကစားသမား ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

❑ *ကျောဖုံးမှ*

အပိုင်ဂိုးကန်သွင်းခွင့် ရခဲ့သော်လည်း ဝမ်ဘစ်ဆကာ၏ ထိန်းချုပ်နိုင်မှု၊ ဒီဂီယာ၏ ကာကွယ်နိုင်မှုတို့ကြောင့် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်း မရှိခဲ့ချေ။

မန်ယူအသင်းမှ ဂျိမ်းစ်ကလည်း ဖာနန်ဒက်စ်၏ ဖန်တီးပေးမှုတစ်ဆင့် ဂိုးသွင်းခွင့် ရရှိခဲ့သော်လည်း မန်စီးတီးဂိုးသမား အီဒါဆင် ကာကွယ်နိုင်ခဲ့သည်။ မန်ချက်စတာ ဒါဘီပွဲဖြစ်သည်နှင့်အညီ ပထမပိုင်း ပွဲချိန်အတွင်း အပြန်အလှန် ထိုးဖောက်မှုများ၊ ဂိုးပေါက်ကန်သွင်းမှုများဖြင့် ပွဲမှာ ကြည့်ကောင်းလာခဲ့သည်။ မိနစ် ၃၀ အရောက်တွင် မန်ယူအသင်းက အဖွင့်ဂိုး ရရှိခဲ့သည်။ ထိုဂိုးကို ဖာနန်ဒက်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူး မာရှယ်က အပိုင်ကန်သွင်းယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ဒုတိယပိုင်းပြန်စသည်နှင့် ချေပဂိုးပြန်လည်သွင်းယူနိုင်ရန်အတွက် မန်ယူအသင်းဘက်သို့ ဖိအားပေးတိုက်စစ်ဆင်မှုများပြုလုပ်လာခဲ့သော်လည်း လိုအပ်နေသည့် ချေပဂိုးကိုတော့ ရရှိခဲ့ခြင်း မရှိချေ။ ဒုတိယပိုင်းတွင်လည်း ဝမ်ဘစ်ဆကာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျိမ်းစ် ဂိုးကန်သွင်းခွင့် တစ်ကြိမ် ရရှိခဲ့သော်လည်း အီဒါဆင်ကပင် ကာကွယ်နိုင်ခဲ့သည်။

မန်ယူအသင်းသည် ဒုတိယပိုင်းတွင် မန်စီးတီးအသင်းဘက်သို့ ပထမပိုင်းကလို ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းပွဲချိန်ပြီးခါနီးတွင် အီဒါဆင်၏ အမှားမှတစ်ဆင့် မက်တွန်မီနေးက လှလှပပကန်သွင်းယူနိုင်ခဲ့၍ မန်ယူအသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မာရှယ်သည် ၂၀၀၆-၂၀၀၇ ရာသီတွင် ခရစ္စတီယာနိုရော်နယ်ဒိုပြီးနောက် ပရီမီယာလိဂ်၌ မန်ချက်စတာဒါဘီ နှစ်ကျော့ စလုံးဂိုးသွင်းယူနိုင်သော မှတ်တမ်းပိုင်ဆိုင်ခဲ့သည့် ပထမဆုံး မန်ယူကစားသမားဖြစ်လာခဲ့သည်။ မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် နောက်ဆုံး ၁၀ ပွဲတွင် ရှုံးပွဲမရှိဘဲ ခုနစ်ပွဲနိုင်၊ သုံးပွဲ သရေကျထားသည်။ မန်စီးတီးအသင်းမှ စတာလင်းသည် ဝိန်းရွန်းနေ၊ ဂျိမ်းစ်မီလ်နာ၊ ဂါရက်ဘယ်ရီတို့ပြီးနောက် ပရီမီယာလိဂ်တွင် ပွဲ ၂၅၀ ပြည့်သည့် စတုတ္ထမြောက် အသက်ငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ယူရိုပါလိဂ်၌ မတ် ၁၃ ရက်တွင် LASK အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန်စီးတီးအသင်းက ပရီမီယာလိဂ်၌ မတ် ၁၂ ရက်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# ဖေဖော်ဝါရီလအတွက် MNL-2 တစ်လတာ အကောင်းဆုံးဆုကို Chinland အသင်းရရှိ

**ရန်ကုန် မတ် ၉**

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ရွေးချယ်သည့် ၂၀၂၀ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးဆုများကို Chinland အသင်းကရရှိခဲ့ပြီး နည်းပြဆုကို ဦးဘုန်းနိုင်၊ ကစားသမားဆုကို မန်ထိပ်ပေါင်တို့က ရရှိခဲ့သည်။





ဖေဖော်ဝါရီလအတွက် MNL-2 လအလိုက် အကောင်းဆုံးနည်းပြဆုရ ဦးဘုန်းနိုင်နှင့် ကစားသမားဆုရ မန်ထိပ်ပေါင်တို့အား ဆုယူအပြီး တွေ့ရစဉ်။ ဓာတ်ပုံ-MNL

Chinland အသင်းသည် ဖေဖော်ဝါရီလတွင် ကစားသည့်သုံးပွဲစလုံး အနိုင်ရခဲ့သောကြောင့် နည်းပြဆုနှင့် ကစားသမားဆု နှစ်ခုစလုံးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဦးဘုန်းနိုင်သည် သုံးပွဲစလုံး အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ သောကြောင့် အကောင်းဆုံးနည်းပြဆုရရှိခဲ့သလို မန်ထိပ်ပေါင်မှာလည်း အသင်းအတွက် ခြေစွမ်းပြပြီး ဂိုးများသွင်းယူနိုင်သောကြောင့် အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။ ယင်းဆုများကို မတ် ၉ ရက်က စလင်းကွင်း၌ ကျင်းပသည့် Chinland အသင်းနှင့် Junior Lions အသင်းတို့ပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပေးအပ်ချီးမြှင့်ခဲ့သည်။

MNL-2 လအလိုက် အကောင်းဆုံးဆုများကိုလည်း ဆုကြေးငွေတိုးမြှင့်ပေးထားပြီး ကစားသမားဆုကို ကျပ်တစ်သိန်းခွဲ၊ နည်းပြဆုကို ကျပ်တစ်သိန်း ချီးမြှင့်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MNL ပြိုင်ပွဲအပြင် MNL-2 (ပထမတန်း)ပြိုင်ပွဲတွင်လည်း လအလိုက် အကောင်းဆုံးဆုများ ချီးမြှင့်နေပြီး MNL-2 ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် အကောင်းဆုံး နည်းပြဆုကို ဦးမောင်မောင်အေး (မြဝတီ) နှင့် ကောင်းစည်သူ(မြဝတီ)တို့ ဆွတ်ခူးရရှိခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**

# ပေါင်၊ ကျွန်းစု၊ မန္တလေးနှင့် မလှိုင်မြို့နယ်တို့တွင် မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ် အဆောက်အအုံများ ပျက်စီးဆုံးရှုံး

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ် သဲကုန်းကျေးရွာ ဘုန်းကြီးလမ်းတွင် မတ် ၈ ရက် နံနက် ၁၁ နာရီခန့်က ပေါင်မြို့နယ် သဲကုန်းကျေးရွာရှိ ကိုဖြိုးငယ်၏ နေအိမ်တွင် ပုစွန်အိုးပြုတ် ထားပြီး အိပ်ပျော်နေစဉ် မီးလောင်ခဲ့ရာမှ အနီးရှိ နေအိမ် ၁၆ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်သည့်နေရာသို့ ကျေးရွာနေပြည်သူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ကိုဖြိုးငယ်အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုဟိန်း (ပေါင်)**

**ကျွန်းစု**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သဇင်ကျေးရွာ၌ မတ် ၉ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က ဒေါ်သန်းငွေ၏ နေအိမ် မီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ရာ သဇင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ချိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ ရွာသူရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သဇင်ကျေးရွာနေ ဒေါ်သန်းငွေနှင့် ဦးတင်စိုးတို့ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ကျွံခရံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမင်းဇော်က ပြောသည်။ မီးဘေးသင့် မိသားစုဝင်များမှာ ကျေးရွာရှိ ဆွေမျိုးများ နေအိမ်၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း နှင့် ဒေါ်သန်းငွေအား သဇင်နယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **စည်သူရအောင် (ကျွန်းစု)**



ပေါင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွားစဉ်။ ဓာတ်ပုံ - ကိုဟိန်း (ပေါင်)

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက်နေ စိုးဝင်းနိုင် (၃၅)နှစ်သည် မတ် ၈ ရက်မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က နေအိမ်၌ ဆေးလိပ်သောက်၍ ထရံဘေးတွင် ထားခဲ့ရာမှ မီးကူးစက်လောင်ကျွမ်းသဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ ၂၅ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ် လေးလုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် စိုးဝင်းနိုင်အား အောင်မြေသာစံမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

**မလှိုင်**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ မြသီတာရပ်ကွက်နေ ဒေါ်တင်ကြည် (၆၄) နှစ် နေအိမ်တွင် မတ် ၉ ရက် နံနက်ပိုင်းက ၎င်း၏ တူမဖြစ်သူ မအေးသန်း (၃၈ နှစ်) က ခြင်ဆေးခွေထွန်းခဲ့ရာမှ မီးလောင်မှုဖြစ်ကြောင်း ဒုရဲအုပ်ဥမ္မာခိုင်ထံမှ သိရသည်။ မီးလောင်မှုကြောင့် နေအိမ် နှစ်လုံးနှင့် နွားတင်းကုပ် တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့ကြောင်းနှင့် မအေးသန်းအား မလှိုင်မြို့မရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၀ . ၃ . ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၀၀ | - | Breakfast News |
| ၇:၃၅ | - | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် |
| ၈:၃၅ | - | "၂၀၂၀ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်း ဆွေးနွေးခန်း" (အပိုင်း-၂) |
| ၈:၅၀ | - | ပြည်သူ့အကျိုးပြု မှတ်တိုင်များ "ဗဟိုအမျိုးသမီး ဆေးရုံကြီး၏ တတိယ အကြိမ်မြောက် ဖန်ပြွန် သန္ဓေသား မွေးဖွားခြင်း" |
| ၉:၁၅ | - | ရာဇဝင်ထဲကသမိုင်း အနုပညာ "သမိုင်းထဲက မက္ခရာ " (အပိုင်း- ၃) |
| ၁၀:၃၅ | - | ဥပဒေရေးရာအဖြာဖြာ "ကိတ္တိမသားသမီး မွေးစားခြင်းနှင့် အမွေခံစားခွင့်အကြောင်း သိကောင်းစရာ" |
| ၁၁:၀၀ | - | " ၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (အင်္ဂလိပ်စာ ဘာသာရပ်) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၂၅ | - | "၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ" (မြန်မာစာ ဘာသာရပ်) |
| ၁၇:၃၅ | - | "ကရင်ပြည်နယ်အလှ" (အပိုင်း- ၂) |
| ၁၉:၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၉) (၂) |
| ၁၉:၄၅ | - | တက္ကသိုလ်ရာပြည့် ဂုဏ်ပြုတေးများ |
| ၂၀:၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| | - | သယံဇာတနှင့် တို့ဝန်းကျင်ထိန်းသိမ်း ကြစို့ ထာဝစဉ် "မြန်မာ့ကျွန်းသစ်၏ မူရင်းဒေသ ပဲခူးရိုးမက" (အပိုင်း-၁) |

# ရှင်၊ မူဆယ်၊ ပင်လောင်း၊ ဖားကန့်နှင့် မိုင်းဆတ် မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် နံနက် ၇ နာရီခွဲတွင် ရှင်မြို့နယ် အင်ကုန်းကျေးရွာအနီး ရှင် - ကျောက်ဆည်လမ်းပေါ်၌ ယာဉ်မောင်း မောင်မောင်လွင် (ခ) မြင့်ဇော်လွင် မောင်းနှင်ပြီး စိုင်းဆန်ပေါင်းနှင့် စိုင်းစိန်ဝင်းတို့ လိုက်ပါလာသည့် အစ်ဆူဇူး အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်အတွင်းမှ အိုက်စ် ၂၁၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၈၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့နယ် နမ့်ဟွယ်ကျေးရွာအနီး ပန်ဆိုင်း (ကြူကုတ်) - မူဆယ် လမ်းပေါ်၌ ရန်ချိန်လုံ (ခ) အားလုံ မောင်းနှင်လာသည့် ဗီဂို အမျိုးအစား မော်တော်ယာဉ်၏ ယာဉ်နောက်ခန်းထိုင်ခုံပေါ်ရှိ စက္ကူကတ်ထူဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအနီး ပင်လောင်း - ဖယ်ခုံ လမ်းပေါ်၌ ကြာသိန်း မောင်းနှင်လာသည့် မစ်ဆူဘီရှီ ဒါဗယ်လ်ကပ် အမျိုးအစား မော်တော်ယာဉ် အတွင်းမှ ဘိန်းစိမ်း ၅၀၁ ကီလိုကို လည်းကောင်း။

ထို့ပြင် ည ၈ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိုင်းအောင်ကျေးရွာအနီး နမ့်မော် - ဝှေခါ လမ်းပေါ်၌ မလွှမ်နော်အား ရှာဖွေရာ ၎င်းလက်ထဲရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ တပ်မတော်က မတ် ၅ ရက် ညနေ ၃ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာအနီး ကမ်းပါးစောင်းနေရာရှိ မြေကျင်းအတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀ ပြားကို လည်းကောင်း။



စိုင်းစိန်ဝင်း၊ မောင်မောင်လွင် (ခ) မြင့်ဇော်လွင်၊ စိုင်းဆန်ပေါင်းတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

ထို့အတူ မတ် ၇ ရက် နံနက် ၁၁ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မယ်ကြုပ် (၃) ကျေးရွာအနီး ချုံအတွင်းရှိ ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာအနီး တောင်ယာတဲအနီး မြေကျင်းအတွင်းရှိ ဆာလာအိတ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကိုလည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းတွန်း ကားလမ်း၏ တောင်စောင်းနေရာတွင် မြေကျင်းတူး၍ မြှုပ်နှံထားသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ၊ အိုက်စ် ၈ ကီလိုကိုလည်းကောင်း။

ထို့ပြင် မတ် ၈ ရက် နံနက် ၁၁ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မယ်ကြုပ် (၂) ကျေးရွာအနီး တောင်ယာသွားလမ်းဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ငဖဲမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦး နှင့် လမ်းပြခေါ်ဆောင်လာသူ နှစ်ဦးအား ဖမ်းဆီးရမိ

**ငဖဲ မတ် ၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မန်းတမံအနီးတွင် မတ် ၉ ရက် နံနက် ၅နာရီခွဲခန့်က အထောက်အထားမဲ့ ခိုးဝင်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၁ ဦးနှင့် သယ်ဆောင်ခေါ်ယူလာသူ နှစ်ဦးတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။

ဒုရဲအုပ် အောင်မျိုးသူ ဦးစီးသော ပူးပေါင်းအဖွဲ့သည် ပဒါန်းလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် မသင်္ကာသူ အမ်းမြို့နယ်နေသူ တင်ဝင်း (၄၇ နှစ်) အား စစ်မေးရာ တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးအား လမ်းပြတစ်ဦးက ခေါ်ဆောင်လာကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က မန်းတမံအနီး ကျောင်းကုန်းကျေးရွာ (ဟောင်း) တောလမ်းတွင် စောင့်ဆိုင်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အလားတူ မတ် ၇ ရက် နံနက် ၄ နာရီခန့်က ငဖဲမြို့နယ် မင်းဘူး-အမ်း ကားလမ်းမိုင်တိုင်အမှတ် ၆၄ အနီးတွင် တရားမဝင် ဝင်ရောက်လာသူ အမျိုးသမီး သုံးဦးကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။

ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူများနှင့် အခကြေးငွေ ရယူသယ်ဆောင်လာသူ အမ်းမြို့နယ်နေသူများ ဖြစ်ကြသည့် တင်ဝင်းနှင့် မောင်ဖားတို့ နှစ်ဦးအား ငဖဲမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# တရားမဝင်ကန့်သတ်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၄၁ စီး၊ သွင်းကုန် အစီး ၁၅၁၀၊ ရန်ကုန် - မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၂၅၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်တွင် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၄၀ သန်းတန်ဖိုးရှိ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Cheer Beer (330 ml) (1x24)(100) PKgs နှင့် Singha Beer(330 ml) (1x24)(20) PKgs အားတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘီးလင်းမြို့နယ်၌ မီးရှူးမီးပန်း ပြုတ်ကျပေါက်ကွဲမှုကြောင့် ၁၀ ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ညောင်ပုလ္လင်ကျေးရွာ ဘောလုံးကွင်း၌ မတ် ၈ ရက် ညပိုင်းက ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ (၇၁) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားအပြီး မီးရှူးမီးပန်းများ ပစ်ဖောက်စဉ် မီးပန်းကြီး တစ်လုံးမှာ အမြင့် ၁၅ ပေခန့်မှ ပြန်လည်ပြုတ်ကျခဲ့ပြီး မြေပြင်တွင် ပေါက်ကွဲခဲ့သည်။အဆိုပါ မီးရှူးမီးပန်းများပေါက်ကွဲမှုကြောင့် ယမ်းစများထိမှန်ခဲ့သဖြင့် ဒေါက်ရပ်ကျေးရွာနေ ဦးပန်းလှိုင် (၆၁) နှစ်ပါ ၁၀ ဦးအား ဘီးလင်းပြည်သူ့ ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**



အစိုးရဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟု

## အကျင့်ပျက်ခြစားမှု စစ်ဆေးခြင်းကို ရွှေ့ဆိုင်းပေးရန် အစ္စရေးဝန်ကြီးချုပ် မေတ္တာရပ်ခံထား

**ဂျေရုဆလင် မတ် ၉**

မတ် ၁၇ ရက်တွင် အကျင့်ပျက်ခြစားမှုအတွက် အစ္စရေး ဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုကို စစ်ဆေးရန် ရက်သတ်မှတ်ထားရာ ယင်းစစ်ဆေးမှုကို ရွှေ့ဆိုင်းပေးရန် အစ္စရေးဝန်ကြီးချုပ်က မတ် ၈ ရက်တွင် မေတ္တာရပ်ခံ တောင်းဆိုခဲ့ကြောင်း သိရသည်။

နေတန်ယာဟု၏ရှေ့နေတစ်ဦးဖြစ်သူ အာမစ်ဟာဒတ်က နိုင်ငံတော် ရှေ့နေရုံးချုပ်ကို မေတ္တာရပ်ခံ စာတင်ထားသည်။ ခုခံချေပရမည့်အဖွဲ့က သက်သေအထောက်အထား ပစ္စည်းများ မရောက်သေးသည့်အတွက် ရုံးတင်စစ်ဆေးမည့် ကာလကို ၄၅ ရက်နောက်ဆုတ်ပေးရန် တောင်းဆိုခဲ့သည်။

နိုင်ငံတော်ရှေ့နေရုံးချုပ်က သက်သေအထောက်အထားများကို မိတ္တူပြင်ဆင်ထားသော်လည်း နေတန်ယာဟု၏ ပြန်လည်ချေပရေးအဖွဲ့ကမူ ဒစ်ဂျစ်တယ်ကော်ပီ ပြုလုပ်ရန်တောင်းဆိုထားကြောင်း ဟီဘရူးဘာသာစကားဖြင့်ထုတ်ဝေသည့် ဟာရက်ဇ်သတင်းစာတွင် ဖော်ပြထားသည်။

မတ် ၂ ရက်က ကျင်းပသည့် ရွေးကောက်ပွဲတွင် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုအနေဖြင့် ညွန့်ပေါင်းဖွဲ့ရန် မဲအလုံအလောက်မရသဖြင့် နိုင်ငံရေးပြိုင်ဘက်များကို ရင်ဆိုင်ရာတွင် အခက်တွေ့နေရသည်။ အသက် ၇၀ အရွယ် နေတန်ယာဟုမှာ လာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုနှင့် ယုံကြည်မှုဖောက်ဖျက်မှုတို့ဖြင့် စွပ်စွဲခံထားရသည်။

နေတန်ယာဟုကမူ ၎င်းအနေဖြင့် မဟုတ်မမှန်သည်များလုပ်မထားကြောင်း ၎င်းကိုတရားစွဲဆိုခြင်းမှာ အမည်းစက်တင်အောင် လုပ်ဆောင်မှုဖြစ်ကြောင်း ပြောဆိုခဲ့သည်။

**ဆင်ဟွာ**

## တရားမဝင်ရွှေ့ပြောင်းသွားလာသူများအတွက် နယ်စပ်ဖွင့်ပေးရန် တူရကီသမ္မတက ဂရိကိုတိုက်တွန်း

**အစ္စတန်ဘူလ် မတ် ၉**

ဥရောပနိုင်ငံဆီသို့ ဝင်ရောက်နိုင်ရန်အတွက် တူရကီ အနောက်မြောက်ပိုင်း နယ်စပ်တွင် ၁၀ ရက်ကြာအောင် စောင့်ဆိုင်းနေခဲ့ကြသည့် တရားမဝင် ရွှေ့ပြောင်းသွားလာသူများ ဖြတ်သန်းနိုင်ရန်အတွက် ဂရိနိုင်ငံ၏ နယ်စပ်ဂိတ်ကို ဖွင့်ပေးရန် တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

နယ်စပ်၌ စောင့်ဆိုင်းနေကြသည့် ရွှေ့ပြောင်းသွားလာသူများသည် ဂရိနိုင်ငံတွင် လာရောက်နေထိုင်ကြမည့်သူများ မဟုတ်ကြောင်း၊ ဂရိမှတစ်ဆင့်အခြားသော ဥရောပနိုင်ငံများဆီသို့ ဆက်လက်ထွက်ခွာသွားကြမည့်သူများသာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အစ္စတန်ဘူလ်၌ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

**ဝေဖန်ရှုတ်ချ**

ပါဗ့ာကူလီ နယ်စပ်ဝင်ပေါက်၌ တရားမဝင်ရွှေ့ပြောင်းသွားလာသူများအပေါ် ဂရိလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကြားဖြတ်တားဆီးမှုများကိုလည်း သမ္မတအာဒိုဂန်က ဝေဖန်ရှုတ်ချခဲ့သည်။ မကြာသေးမီက ဂရိရဲတပ်ဖွဲ့၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဒုက္ခသည်သုံးဦးအထိ သေဆုံးခဲ့ရကြောင်း တူရကီအာဏာပိုင်များက အခိုင်အမာပြောကြားခဲ့သည်။

**အလုံးအရင်းဝင်ရောက်လာ**

တူရကီနိုင်ငံသည် လက်ရှိတွင် ဆီးရီးယားဒုက္ခသည် ၃ဒသမ ၇ သန်းကျော်ကို နိုင်ငံအတွင်းလက်ခံထားသည်။ ထို့ပြင် ဆီးရီးယားနှင့် ထိစပ်နေသည့် တူရကီအရှေ့တောင်ပိုင်းနယ်စပ်၌ ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်တွင် ဖြစ်ပွားနေသည့် စစ်ပွဲမှ ထွက်ပြေးလာကြသည့် အမျိုးသမီးများနှင့် ကလေးငယ်အများစုပါဝင်သည့် ရွှေ့ပြောင်းသွားလာသူ လူအုပ်ကြီး အလုံးအရင်း ဝင်ရောက်လာလျက်ရှိသည်။ ဒုက္ခသည် အရေးကိစ္စသည် နိုင်ငံတကာ၏ အထူးအလေးထားအာရုံစိုက်ခြင်းကို မရရှိခဲ့ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ပြောကြားခဲ့သည်။

**အီးယူမှ စဉ်းစားနေ**

မတ် ၈ ရက်တွင် တူရကီသမ္မတနှင့် အီးယူမှ အရာရှိများ ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံခဲ့ကြပြီး ရွှေ့ပြောင်းနေထိုင်သူများအရေး ဆွေးနွေးခဲ့ကြသည်။ ကလေးဒုက္ခသည် ၁၅၀၀ ကို လက်ခံပေးသွားရန် အီးယူမှ စဉ်းစားနေသည်ဟု ဂျာမနီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်

## မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သည့်ဒုံးကျည်များ ဂျပန်အထူးစီးပွားရေးဇုန်အပြင်ဘက်သို့ ကျရောက်ခဲ့ဖွယ်ရှိ

**ပြုံယမ်း မတ် ၉**

မြောက်ကိုရီးယား နိုင်ငံသည် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်များကို မတ် ၉ ရက်နံနက်ပိုင်းတွင် ဂျပန်ပင်လယ်ပြင်ဆီသို့ ပစ်လွှတ်ခဲ့ဟန်ရှိကြောင်း ဂျပန်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါဒုံးကျည်များသည် ဂျပန်၏ ရေကြောင်းအထူးစီးပွားရေးဇုန်အပြင်ဘက်သို့ ကျရောက်ခဲ့သည်ဟု ခန့်မှန်းရကြောင်း အစိုးရအဖွဲ့က ပြောသည်။

မြောက်ကိုရီးယားသည် မတ် ၉ ရက် နံနက် ၇ နာရီ ၃၄ မိနစ်နှင့် ၇ နာရီ ၃၅ မိနစ်တို့တွင် ဒုံးလက်နက်အများအပြားကို နိုင်ငံအရှေ့ဘက်ကမ်းခြေမှ ပစ်လွှတ်ခဲ့ကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ရုပ်သံထုတ်လွှင့်မှုကို တောင်ကိုရီးယားပြည်သူများ စောင့်ကြည့်နေကြစဉ်။

ဒုံးကျည်များသည် အရှေ့ဘက်ကမ်းခြေ၏ကီလိုမီတာ ၁၀၀ မှ ၂၀၀ ခန့်အထိရောက်ရှိခဲ့ပြီး ဂျပန်အထူးစီးပွားရေးဇုန်အပြင်ဘက် ပင်လယ်ပြင်အတွင်းသို့ ကျရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်၏စီးပွားရေးဇုန်နယ်နိမိတ်အတွင်းရှိ လေယာဉ်နှင့် ရေယာဉ်များ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း အစိုးရသတင်းရင်းမြစ်များက ဖော်ပြသည်။ နောက်ဆုံးပြုလုပ်ခဲ့သည့် ဒုံးကျည်ပစ်ခတ်မှုများသည် ဂျပန်နိုင်ငံနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်လုံးအပေါ်လည်း မြောက်ကိုရီးယားနိုင်ငံက စိန်ခေါ်ရာရောက်နေကြောင်း ဂျပန်အာဏာပိုင်များက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဆော်ဒီအာရေဗျက နိုင်ငံကိုးနိုင်ငံသို့ ခရီးသွားလာခွင့် ပိတ်ပင်

**ရီယာ့ဒ် မတ် ၉**

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ဆော်ဒီအာရေဗျမှ နိုင်ငံသားများကို နိုင်ငံ ကိုးနိုင်ငံသို့ ခရီးသွားလာခွင့် ပိတ်ပင်ထားကြောင်း သိရသည်။

ဆော်ဒီအာရေဗျက ခရီးသွားလာခွင့်ပိတ်လိုက်သည့် နိုင်ငံများမှာ ယူအေအီး၊ ကူဝိတ်၊ ဘာရိန်း၊ လက်ဘနွန်၊ ဆီးရီးယား၊ တောင်ကိုရီးယား၊ အီဂျစ်၊ အီတလီနှင့် အီရတ်နိုင်ငံတို့ပင်ဖြစ်သည်။

အဆိုပါနိုင်ငံများမှ နိုင်ငံသားများ ဆော်ဒီသို့ လာရောက်ခွင့်ကိုလည်း ဆိုင်းငံ့ထားရန် ဆုံးဖြတ်ထားသည်။ ယင်းနိုင်ငံများနှင့် ဆော်ဒီနိုင်ငံတို့အကြား လေကြောင်း၊ ရေကြောင်း ပြေးဆွဲမှုများကိုလည်း ရပ်တန့်ရန် ဆော်ဒီဘက်မှ ဆုံးဖြတ်ထားသည်ဟု ဆော်ဒီပြည်ထဲရေးဝန်ကြီးက ပြောသည်။

နိုင်ငံသားများ၏ လုံခြုံစိတ်ချရေးနှင့် ကျန်းမာရေးအတွက် ယင်းသို့ ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။



ဆော်ဒီရှိ ဘာသာရေးအဆောက်အအုံတွင် နှာခေါင်းစည်းတပ်ဆင်ထားကြသည့် ပြည်သူများကို တွေ့ရစဉ်။

ထူးခြားသောအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက်မူ ဆော်ဒီ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ ဆော်ဒီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ်လေးဦး တွေ့ရှိထားသည်။ ၎င်းလေးဦးအနက် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိသည့်လူနာကို အယ်ကာတစ်ဖ်နယ်မြေရှိ ဆေးရုံတွင် သီးခြားထားရှိသည်။ ဒုတိယနှင့် တတိယတွေ့ရှိရသည့် လူနာများမှာ ဘာရိန်းအမျိုးသမီးများဖြစ်ပြီး ၎င်းတို့သည် အီရတ်မှလာခဲ့ကြခြင်း ဖြစ်သည်။ စတုတ္ထမြောက် ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာမှာ အမေရိကန်တွင် နေထိုင်သူဖြစ်ပြီး ဆော်ဒီအာရေဗျသို့ မရောက်မီ ဖိလစ်ပိုင်နှင့် အီတလီတို့ကို သွားရောက်ခဲ့ကြောင်း သိရသည်။ ဆော်ဒီတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ စုစုပေါင်းမှာ ၁၅ ဦး ရှိသည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုအတွက် တရုတ်နိုင်ငံ၏ လုပ်ဆောင်မှုများကို အထူးလေးစားကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်ဘင်ဆတ်ဒ်က ပြောသည်။

**ဆင်ဟွာ**

# ကမ်းမမြင်လမ်းမမြင် အိုပက်အဖွဲ့ရဲ့ ရေနံထုတ်လုပ်မှုလျှော့ချမယ့် အစီအစဉ်

*ကလျာမိုးမြင့်*

ရေနံတင်ပို့ရောင်းချတဲ့နိုင်ငံများအဖွဲ့ဖြစ်တဲ့ အိုပက် (OPEC) နဲ့အတူ ပူးပေါင်းဆောင်ရွက်မှုကို ရုရှားသမ္မတ ဗလာဒီမာပူတင်က လူသိရှင်ကြားထောက်ခံခဲ့ဖူးတာမှန်ပေမယ့်လည်း လက်ရှိမှာ ရုရှားဟာ ရေနံထုတ်လုပ်မှုကိုလျှော့ချဖို့ အရေးမှာတော့ ကြည်ကြည်ဖြူဖြူမရှိဘဲ တွန့်ဆုတ်ခဲ့တာကို အိုပက်အစည်းအဝေးမှာ တွေ့မြင်ခဲ့ရပါတယ်။

### ရေနံဈေးထိုးကျ

ရေနံဈေးကွက်ကို တည်ငြိမ်အောင်ထိန်းထားဖို့အတွက် ရေနံစိမ်းထုတ်လုပ်မှုကို လျှော့ချဖို့ ရေနံအမြောက်အမြားထုတ်လုပ်ရောင်းချတဲ့နိုင်ငံတွေရဲ့ ကြိုးပမ်းမှုကို ရုရှားက ထင်မှတ်မထားဘဲ ဖျက်လိုဖျက်ဆီးလုပ်ခဲ့တယ်လို့ တချို့တွေက ဆိုနေကြပါတယ်။ ရုရှားရဲ့ ကန့်ကွက်မှုကြောင့်လား မဆိုနိုင်ပေမယ့် ရေနံဈေးဟာ ပြီးခဲ့တဲ့ သောကြာနေ့မှာ မြန်မြန်ဆန်ဆန်ထိုးကျခဲ့ပါတယ်။

အိုပက်အဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြတဲ့ ဆော်ဒီအာရေဗျနဲ့ ရေနံအမြောက်အမြားတင်ပို့တဲ့ တခြားနိုင်ငံတွေက ၎င်းတို့ရဲ့ ရေနံထုတ်လုပ်မှုပမာဏကို နောက်ထပ်လျှော့ချပြီး တစ်ရက်မှာ ရေနံစည် ၁ ဒသမ ၅ သန်းအထိ ထုတ်လုပ်သွားဖို့ ပြီးခဲ့တဲ့ မတ် ၆ ရက်မှာ သဘောတူခဲ့ကြတာဖြစ်ပါတယ်။

### ကမ္ဘာ့စီးပွားရေးကိုခြိမ်းခြောက်

ကမ္ဘာ့နိုင်ငံတွေအများအပြားမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေ အရှိန်မြင့်နေမှုက ကမ္ဘာ့စီးပွားရေးကို ခြိမ်းခြောက်နေတဲ့အတွက် ရေနံဈေးကျဆင်းမှုကို ထိန်းထိန်းသိမ်းသိမ်းဖြစ်စေဖို့ အိုပက်အဖွဲ့ဝင်နိုင်ငံတွေက ကြိုးပမ်းခဲ့ကြတာပါ။ ဒါပေမယ့် ရေနံစိမ်းထုတ်လုပ်မှုကိုလျှော့ချရေး သဘောတူညီမှုရဖို့ဟာ ရုရှားရဲ့ ထောက်ခံချက်အပေါ်မှာလည်း မူတည်နေပါတယ်။

ဒီလိုအချိန်မှာ ရုရှားက တွန့်ဆုတ်ခဲ့ပြီး အဲဒီအစီအစဉ်ကို မထောက်ခံခဲ့တဲ့အတွက် ဗီယင်နာမှာ ပြုလုပ်ခဲ့တဲ့ နှစ်ရက်ကြာ အိုပက် အစည်းအဝေးဟာ ဘာသဘောတူညီချက်မှ မရလိုက်ဘဲ အဆုံးသတ်သွားခဲ့သလို ရေနံစိမ်းဈေးဟာလည်း ကျချင်တိုင်း ကျဆင်းခဲ့ပါတယ်။

### သက်တမ်းတိုးဖို့ကြိုးစားနေ

ရုရှားရဲ့ လုပ်ဆောင်ချက်ဟာ တစ်ချိန်တည်းမှာ လူအမြောက်အမြားကို သတ်လိုက်တဲ့ ခေတ်ဟောင်းစတိုင် နည်းလမ်းတစ်ခုဖြစ်ပြီး ဒီကိစ္စမှာ ရုရှားကိုပဲ အပြစ်ပုံချစရာရှိတော့တယ်လို့ ပြည်ပရေးရာ အစီရင်ခံစာဌာနမှ စွမ်းအင်ဆိုင်ရာ တိုင်ပင်ဆွေးနွေးသူ ဒုတိယဥက္ကဋ္ဌ မက်ရိဒ်က ပြောကြားခဲ့ပါတယ်။ အိုပက်အဖွဲ့အနေနဲ့ လက်ရှိမှာ ရေနံစိမ်းထုတ်လုပ်မှုကို ပိုမိုလျှော့ချသွားဖို့အပြင် ပြီးခဲ့တဲ့နှစ်က လုပ်ဆောင်ခဲ့ပြီး ယခုလကုန်မှာ သက်တမ်းကုန်ဆုံးမယ့် ရေနံအကြီးအကျယ်ထုတ်လုပ်မှု လျှော့ချရေးကိုပါဆက်ပြီး သက်တမ်းတိုးချဲ့ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အိုပက်အဖွဲ့ရဲ့ အစီအစဉ်တွေက အတော်လေးနေရာကျနေပြီလို့ ထင်မှတ်ရပေမယ့်လည်း ပြီးခဲ့တဲ့သောကြာနေ့မှာ ဆွေးနွေးမှုတွေ ပျက်ပြယ်သွားပြီးနောက်မှာတော့ ယခင်လုပ်ဆောင်နေခဲ့တဲ့ ရေနံထုတ်လုပ်မှုလျှော့ချရေးဟာ ပုံမှန်အတိုင်း ဆက်လုပ်ဖြစ်နေဦးမလားဆိုတာတောင် မသေချာမရေရာတော့တဲ့ အခြေအနေမျိုးဖြစ်လာပါတယ်။ ဒီကိစ္စက ရေနံဝယ်လိုအား အနည်းဆုံးအချိန်မှာ ဈေးကွက်ထဲကို ရေနံစည်များများ ထပ်ဖြည့်နိုင်မယ့် ရေနံထုတ်လုပ်မှုအတွက် ကပ်ဘေးတစ်ခုလို ဖြစ်လာနိုင်တယ်လို့ လေ့လာသူအချို့က သုံးသပ်လျက်ရှိပါတယ်။



ရုရှားသမ္မတ ဗလာဒီမာပူတင်

### ဆယ်စုနှစ်အတွင်း အဆိုးဆုံးကျဆင်းမှု

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုက ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတွေကို ထိုးနှက်နေပြီဖြစ်တာကြောင့် ယခုနှစ်ရဲ့ ပထမနှစ်ဝက်မှာ ရေနံဝယ်လိုအားဟာ ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးဆုံးကျဆင်းမှုဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ နယူးယောက်နဲ့ လန်ဒန်မြို့တွေမှာဆိုရင် ရေနံစိမ်းဈေးဟာ ရှစ်ရာခိုင်နှုန်းခန့်အထိ မြန်မြန်ဆန်ဆန် ထိုးကျသွားခဲ့ပြီး ၂၀၁၇ ခုနှစ်ကတည်းက တစ်ကြိမ်တစ်ခါမှ မမြင်ရသေးတဲ့ ကျဆင်းမှုနှုန်းထားလည်း ဖြစ်ပါတယ်။

### ဘတ်ဂျက်ထိလာနိုင်

အိုပက်အဖွဲ့နဲ့ ရုရှားတို့အကြား သုံးနှစ်ကြာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် ပျက်ပြယ်သွားမှုက ရေနံဈေးကို ကျဆင်းသွားစေတာကလွဲလို့ တခြားဘာမှ ရှိမလာနိုင်ဘူးလို့ ကျွမ်းကျင်သူပညာရှင်အများစုက သုံးသပ်တွက်ချက်ခဲ့ပါတယ်။

ဒီကိစ္စကြောင့် ဗီယင်နာအစည်းအဝေးကနေ ထွက်ခွာလာခဲ့ပြီးနောက်မှာ ထိတ်လန့်တုန်လှုပ်နေကြတဲ့ ရေနံအကြီးအကျယ်ထုတ်လုပ်တဲ့နိုင်ငံတွေအဖို့ ဘတ်ဂျက်ငွေအများအပြားထိခိုက်မှုတွေ ဖြစ်လာတော့မယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်လာလိမ့်မယ်။ ပြီးတော့ အထူးသဖြင့် နုန်းကျောက်ကနေ ရေနံထုတ်လုပ်တဲ့ အမေရိကန် ရေနံထုတ်လုပ်ရေးကုမ္ပဏီတွေဟာ ရေနံတွေကို ဈေးလျှော့ရောင်းဖို့ ကြိုးစားရလိမ့်မယ်လို့ စီးပွားရေးလေ့လာသူတွေက ကောက်ချက်ချခဲ့တာဖြစ်ပါတယ်။

### ဆုတ်ယုတ်မှုတစ်ခု

အိုပက်အစည်းအဝေး သဘောတူညီချက်မရဘဲ ပြီးဆုံးသွားခြင်းက ရေနံတင်ပို့နိုင်ငံတွေအတွက် ဆုတ်ယုတ်မှုတစ်ခုပါပဲ။ အိုပက်အဖွဲ့ဟာ ၂၀၁၆ ခုနှစ်ကတည်းက ရေနံဈေးနှုန်း မကျဆင်းအောင် ထိန်းထားဖို့ ရေနံရောင်းချမှုကို စီမံခန့်ခွဲလာခဲ့တာပါ။ ၂၀၁၇ ခုနှစ်မှာတော့ အိုပက်အဖွဲ့ဟာ ရေနံထုတ်လုပ်မှု လျှော့ချရေးမှာ ပူးပေါင်းလုပ်ငန်းဆောင်ရွက်ဖို့နဲ့ ရေနံစည်နည်းပါးလာမှုကြောင့် ဖြစ်လာနိုင်တဲ့ စီးပွားရေးအရ ထိခိုက်နစ်နာမှုကို အတူတကွဖြေရှင်းဖို့အတွက် အမေရိကန်ပြည်ထောင်စုနဲ့ ဆော်ဒီအာရေဗျပြီးရင် သုံးခုမြောက် ရေနံအများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်တဲ့ ရုရှားနဲ့ ပူးပေါင်းလိုက်ပါတယ်။

“ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုက ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုတွေကို ထိုးနှက်နေပြီဖြစ်တာကြောင့် ယခုနှစ်ရဲ့ ပထမနှစ်ဝက်မှာ ရေနံဝယ်လိုအားဟာ ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးဆုံးကျဆင်းမှုဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ နယူးယောက်နဲ့ လန်ဒန်မြို့တွေမှာဆိုရင် ရေနံစိမ်းဈေးဟာ ရှစ်ရာခိုင်နှုန်းခန့်အထိ မြန်မြန်ဆန်ဆန် ထိုးကျသွားခဲ့ပြီး ၂၀၁၇ ခုနှစ်ကတည်းက တစ်ကြိမ်တစ်ခါမှ မမြင်ရသေးတဲ့ ကျဆင်းမှုနှုန်းထားလည်း ဖြစ်ပါတယ်”

### တခြားနိုင်ငံတွေ ပါဝင်လာဦးမလား

ရေနံတင်ပို့တဲ့ တခြားနိုင်ငံတွေအနေနဲ့ ရေနံထုတ်လုပ်မှုကို လျှော့ချဖို့စီစဉ်နေတဲ့ သဘောတူစာချုပ်မှာ ပူးပေါင်းပါဝင်ကြပါဦးမလားဆိုတဲ့ မေးခွန်းတွေနဲ့ အကယ်၍ ပူးပေါင်းပါဝင်လာမယ်ဆိုရင်တောင် အဲဒီပါဝင်မှုက ရေနံစိမ်းဈေးနှုန်းကို ထိန်းချုပ်ထားနိုင်ဖို့ လုံလောက်တဲ့ လုပ်ဆောင်ချက်ဖြစ်ပါ့မလားဆိုတဲ့ မေးခွန်းတွေကတော့ ထွက်ပေါ်ကျန်ရှိနေဆဲပါပဲ။

တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံဈေးကွက်ကို ထိန်းချုပ်ထားတာဟာ ရုရှားနဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေဖြစ်ပြီး ရုရှားက ရေနံထုတ်လုပ်မှုကို လျှော့ချမယ့်ကိစ္စဟာ သိပ်ပြီးကြီးလေးလွန်းတာကြောင့် အဲဒီလမ်းကို မလိုက်ချင်ဘူးလို့ ဆုံးဖြတ်ချက်ချခဲ့ တယ်လို့ စွမ်းအင်ဆိုင်ရာ တိုင်ပင်ဆွေးနွေးသူတစ်ဦးဖြစ်တဲ့ ရာပီဒန် စွမ်းအင်အဖွဲ့ ဥက္ကဋ္ဌ ဘော့မက်နယ်လီက ပြောခဲ့ပါတယ်။

### ဆက်လက်ကျဆင်းဖွယ်ရှိ

ရေနံဈေးကျဆင်းမှုဟာ စတော့ဈေးကွက်မှာ ပွဲဦးထွက်နေရာယူထားတဲ့ ကမ္ဘာ့အကြီးဆုံးရေနံကုမ္ပဏီတစ်ခုဖြစ်တဲ့ ဆော်ဒီအာရမ်ကို ကုမ္ပဏီကိုလည်း အကဲစမ်းလာနိုင်ပါသေးတယ်။ ဆော်ဒီအာရမ်ကို ကုမ္ပဏီဟာ ၎င်းရဲ့ အကျိုးအမြတ်ပိုမိုရရှိရေးနဲ့ ရှယ်ယာဈေးကွက်ကိုမြှင့်တင်နိုင်ရေးအတွက် ရေနံဈေးပိုမိုကြီးမြင့်လာဖို့ မျှော်လင့်စောင့်စားနေတာဖြစ်ပါတယ်။

သောကြာနေ့မှာ ပျက်ပြယ်သွားတဲ့ အိုပက်အစည်းအဝေးအပြီးမှာ အမေရိကန် ရေနံစိမ်းဈေးဟာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၂ ဒေါ်လာအထိ ကျဆင်းသွားပြီး ဆက်လက် ကျဆင်းနေနိုင်သေးတယ်လို့ ဆိုပါတယ်။ သဘောတူညီမှုတစ်ခုရအောင် မဆောင်ကြဉ်းနိုင်ခဲ့တဲ့ အိုပက်အစည်းအဝေး အဆုံးသတ်သွားခြင်းရဲ့ နောက်ဆက်တွဲ အခြေအနေဟာ ထင်ထားတာထက်ပိုပြီး ဆိုးရွားမယ့်သဘော ရှိလာနိုင်တယ်လို့ မှန်းဆမိပါတယ်။ ဘာပဲဖြစ်ဖြစ် လက်ရှိမှာတော့ ရုရှားဟာ အိုပက်အဖွဲ့အတွက်တော့ မဟာအနှောင့်အယှက်ကြီးတစ်ခုအဖြစ်နဲ့ ရှုမြင်ခံရလျက်ရှိပါတယ်။

**ကိုးကား- သည်ဂါဒီယန်**

---

## နိုင်ငံတကာ သတင်းတိုထွာ

### ဥရောပသုံးနိုင်ငံတွင် ပွဲတော်ကျင်းပမှု ပိတ်ပင်ထား

**ပါရီ မတ် ၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု မြင့်တက်နေချိန်တွင် ဥရောပနိုင်ငံများ၌ ပွဲကြီးကျင်းပမှုများကို တားမြစ်ထားကြောင်း သိရသည်။

အီတလီမြောက်ပိုင်း ဒေသများကို အီတလီအစိုးရက ပိတ်ပင်ထားခဲ့ရာ ယင်းဒေသတွင် လူပေါင်း ၁၆ သန်းခန့် မှီတင်းနေထိုင်လျက်ရှိသည်။ ပြည်သူ့ပျော်ပွဲရွှင်ပွဲများကို အီတလီအစိုးရက ပိတ်ထား၍ ရုပ်ရှင်ရုံများနှင့် ကဇာတ်ရုံများကိုလည်း ပိတ်ထားခဲ့သည်။ ပြင်သစ်အစိုးရသည် ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကြိုးပမ်းကာ လူပေါင်း ၁၀၀၀ ထက်ပို၍ စုဝေးခြင်းမပြုကြရန် ကန့်သတ်ထားသည်။ ဂျာမနီကျန်းမာရေးဝန်ကြီးကလည်း ပွဲစီစဉ်သူများကို လူပေါင်း ၁၀၀၀ ထက်ပိုသော ပွဲများကိုဖျက်သိမ်းရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံက ထိန်းချုပ်မှုကို တင်းကျပ်လိုက်ချိန်တွင် တောင်ကိုရီးယားလေယာဉ် တစ်စင်းရောက်ရှိ

**တိုကျို မတ် ၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ကာကွယ်တားဆီးရန် ကြိုးပမ်းသည့်အနေဖြင့် ဂျပန်နိုင်ငံက နယ်စပ်ထိန်းချုပ်ရေး ဆောင်ရွက်မှုများကို ပိုမိုကြပ်မတ်လိုက်ပြီးနောက် နာရီအနည်းငယ်အကြာတွင် ရောဂါကူးစက်မှု မြင့်တက်နေသည့် တောင်ကိုရီးယားနိုင်ငံမှ လေယာဉ်တစ်စင်း ဂျပန်သို့ ဆိုက်ရောက်လာကြောင်း သိရသည်။

မတ် ၉ ရက်မှစတင်ကာ ဂျပန်နိုင်ငံသားများအပါအဝင် တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ရောက်ရှိလာကြသည့် ပြည်သူများကို နေအိမ်သို့မဟုတ် အခြားသောသီးသန့်အဆောက်အအုံများထဲတွင် ရက်သတ္တနှစ်ပတ်ကြာအောင် သီးသန့်နေထိုင်ကြရန် ဂျပန်အစိုးရက တိုက်တွန်းခဲ့သည်။ လေကြောင်းလိုင်းများအနေဖြင့် တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ပျံသန်းလာသည့် လေယာဉ်များအတွက် ဂျပန်နိုင်ငံရှိ လေဆိပ်နှစ်ခုကိုသာ အသုံးပြုနိုင်မည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့မှ ပျံသန်းလာသည့် လေယာဉ်သည် မတ် ၉ ရက်နံနက်ပိုင်းတွင် တိုကျိုမြို့အနီး နာရီတာလေဆိပ်သို့ ဆိုက်ရောက်လာခဲ့သည်။ အာဏာပိုင်များ၏ ပြောကြားချက်အရ ယင်းလေယာဉ်ပေါ်တွင် ခရီးသည်ရှစ်ဦးသာ လိုက်ပါလာကြောင်း သိရသည်။

ဆိုက်ရောက် ခရီးသည်များအနေဖြင့် တရုတ်နိုင်ငံရှိ ၎င်းတို့နေထိုင်သည့်နေရာနှင့် ဂျပန်နိုင်ငံတွင် ၎င်းတို့နေထိုင်မည့်နေရာကို ဖော်ပြရမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ ဒို့အိမ်၏ ၁၁ ခုမြောက် နောက်ဖေးလမ်းကြားဥယျာဉ်ဖွင့်

**ရန်ကုန် မတ် ၉**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် ၉ ရပ်ကွက် (၃၁) လမ်းနှင့် (၃၂) လမ်းကြား (အောက်ဘလောက်) အမျိုးသားစာကြည့်တိုက်၏ အနောက်ဘက်တွင် ဒို့အိမ်လူမှုအကျိုးပြုလုပ်ငန်း၏ ၁၁ ခုမြောက် နောက်ဖေးလမ်းကြား ဥယျာဉ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ရန်ကုန် မြို့ပြမှာနေထိုင်နေကြတဲ့၊ အထပ်မြင့်အိမ်တွေမှာ နေကြရတဲ့သူတွေဟာ ကျယ်ဝန်းတဲ့ ဧရိယာရရှိဖို့ အလွန်ခက်ခဲပါတယ်။ စိမ်းလန်းတဲ့ပန်းခြံတွေ ရှိနေနိုင်ဖို့အတွက် နေရာအခက်အခဲတွေများစွာ ရှိပါတယ်။ ဒီနေရာမှာ နောက်ဖေးလမ်းကြားတွေကို စနစ်တကျနဲ့ ဥယျာဉ်လေးလို ဖန်တီးထားမယ်ဆိုရင် ဒီလိုတိုက်ခန်းတွေမှာ နေထိုင်နေရတဲ့ ကျွန်တော်တို့ပြည်သူတွေအတွက် ခဏတာလာပြီး လမ်းလျှောက်မယ်။ ကလေးတွေလာပြီး ကစားနိုင်တယ်။ ဒီအခြေအနေ အခွင့်အလမ်းတွေကိုရရှိဖို့အတွက် အခုလို ကြိုးပမ်းဆောင်ရွက်မှုဟာ ဝမ်းသာစရာကောင်းပါတယ်။ ဒီမြို့ရွာမှာနေထိုင်ကြတဲ့ ပြည်သူတွေအတွက် များစွာအထောက် အကူဖြစ်စေမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ကမ္ဘောဇဘဏ် အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်လင်းအောင်၊ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်၊ ဒို့အိမ်မှ လက်ထောက် ဒါရိုက်တာဘယ်(လ်)ဇလီတို့က မှဒိတာစကားပြောကြားခဲ့ကြပြီး ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက နောက်ဖေးလမ်းကြား ဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

"အားလုံးအတူတကွ ပူးပေါင်းပါဝင်သော လူမှုဝန်းကျင်" ဟူသည့် ခေါင်းစဉ်အောက်တွင် ပုံဖော်ဖန်တီးထားသည့် အဆိုပါ နောက်ဖေးလမ်းကြားဥယျာဉ်သည် ဒို့အိမ်လူမှုအကျိုးပြုလုပ်ငန်းရှိ ရန်ကုန်မြို့တွင် ဖော်ဆောင်လျက်ရှိသော နောက်ဖေးလမ်းကြား ဥယျာဉ်များအနက်မှ ၁၁ ခုမြောက် နောက်ဖေးလမ်းကြား ဥယျာဉ်ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပူးပေါင်းပါဝင်မှု၊ ကမ္ဘောဇဘဏ်၏ ပံ့ပိုးကူညီမှု၊ ဒို့အိမ်အဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ အတူတကွ ဒီဇိုင်းရေးဆွဲဆောင်ရွက်မှုကြောင့် ရန်ကုန်မြို့နောက်ဖေးလမ်းကြားတစ်ခုကို ပြန်လည်ပြုပြင်ကာ နောက်ဖေးလမ်းကြားဥယျာဉ်တစ်ခုအဖြစ် ဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အမှတ် ၉ ရပ်ကွက် အဖွဲ့ခေါင်းဆောင် ဦးဝင်းစိန်က နောက်ဖေးလမ်းကြားဥယျာဉ်ရေရှည်ထိန်းသိမ်းမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့ ရပ်ကွက်နေသူတွေကို နားလည်မှုရှိအောင် ပညာပေးရမယ့် သဘောတော့ရှိတယ်။ ပြီးတော့ ကော်မတီအဖွဲ့ဝင်တွေကလည်း ပြီးသွားပြီဆိုလို့ မရဘူး။ ကျွန်တော်တို့က ဆက်ပြီးလုပ်ရဦးမှာပါ။ ဒီအရာကို ရေရှည်ထိန်းသိမ်းဖို့အတွက်က ကျွန်တော်တို့ အဖွဲ့တွေရော၊ ရပ်ကွက်လုပ်သား ပြည်သူတွေပါ အားလုံးမှာ တာဝန်ရှိပါတယ်" ဟု ပြောကြားသည်။

နောက်ဖေးလမ်းကြားဥယျာဉ်၏ နံရံဆေးရေးပန်းချီကို မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအသင်းမှ ပန်းဘဲတန်းမြို့နယ်နေ ပန်းချီ၊ ပန်းပု ပညာရှင် ၃၀ ပါဝင်သည့်အဖွဲ့က တာဝန်ယူပုံဖော်ရေးဆွဲခဲ့ကြောင်း သိရသည်။

ထို့အပြင် လူ့အခွင့်အရေးနှင့် ပတ်သက်သော ပန်းချီကားများ၊ မျက်စိပသာဒဖြစ်ရန် အနုပညာ လက်ရာဒီဇိုင်း ဖန်တီးထားမှုများ၊ အလှပန်းအိုးများ၊ ကလေးများ ကစားနိုင်ရန် ပစ္စည်းများကိုလည်း ထည့်သွင်းပုံဖော်ထားကြောင်း တွေ့ရသည်။

ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားများကို သန့်ရှင်းလှပအောင် ထိန်းသိမ်းပြီး မြို့နေလူထုအတွက် အပန်းဖြေအနားယူ ကစားစရာနေရာများအဖြစ် ဖန်တီးပေးရန် ရည်ရွယ်ချက်ဖြင့် ဒို့အိမ်လူမှု အကျိုးပြုအဖွဲ့မှ နောက်ဖေးလမ်းကြား ဥယျာဉ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – ထိန်လင်း**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျောက်တံခါးမြို့နယ်ရှိ ဒေသခံများနှင့် တွေ့ဆုံ

**ကျောက်တံခါး မတ် ၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မတ် ၇ ရက်က ကျောက်တံခါးမြို့နယ် သရက်စိန်ကျေးရွာ ဓမ္မသိဒ္ဓိဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဆင်ဇလုပ်၊ ဆားပြင်၊ တူမောင်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူတင်မြှောက်လိုက်သည့် အစိုးရ၏ လုပ်ငန်းတာဝန်များ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းစွာ သိရှိနိုင်စေရန် မိသားစုစကားဝိုင်းတစ်ခုအနေဖြင့် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ပြည်သူများကလည်း မိမိတို့ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများကောင်းကျိုး၊ ဒေသကောင်းကျိုးအတွက် ဦးစားပေးတင်ပြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်လွင်က ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးသိန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မြစိမ်းရောင်စီမံကိန်းဆိုင်ရာများကိုလည်းကောင်း ပညာပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဆင်ဇလုပ်၊ ဆားပြင်၊ တူမောင်ကျေးရွာအုပ်စုများအတွင်းရှိ ဥဿျစ်ကုန်း၊ အင်းဝိုင်းကြီး၊ အောင်မင်္ဂလာ၊ သရက်စိန်၊ မိုးမခ၊ ဘန့်ဘွေးကုန်း၊ ဆင်သေအင်း၊ အောင်သာယာ၊ ချောင်းစောက်၊ တူမောင် စသည့် ကျေးရွာများမှ ဒေသခံပြည်သူများက ဒေသဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်လွှာကို သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ကို**
**ဓာတ်ပုံ– တင်စိုး (ပဲခူး)**

## ကျောက်ပုံကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် ရေရရှိရေးဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်

**စေတုတ္တရာ မတ် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်သော ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ပြင်သစ်နိုင်ငံသားအလှူရှင် Michel Family (French) က လှူဒါန်းသော ရေရရှိရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၇ ရက်က စေတုတ္တရာမြို့နယ် မုံညင်း ကျေးရွာအုပ်စု ကျောက်ပုံကျေးရွာတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်သည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ရေရရှိရေးဖွင့်ပွဲ မင်္ဂလာမုခ်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ စက်ရေတွင်းအလှူရှင်ကိုယ်စား ဦးအေးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက လျှပ်စစ်နှင့် ပတ်သက်၍ ဆောင်ရွက်ပေးရသည့် ကိစ္စရပ်များကို ပြောကြားသည်။

**ပေါက်ပေါက် (ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကျောက်ပုံကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် ရေရရှိရေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ဝေါလေမြိုင်မြို့၌ ဟင်းသီးဟင်းရွက်သီးနှံများ ပျိုးထောင်စိုက်ပျိုးနည်း ကွင်းသရုပ်ပြ

**ဝေါလေမြိုင် မတ် ၉** – ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့မှ ဒေသခံတောင်သူများ အနေဖြင့် ဟင်းသီးဟင်းရွက်များကို စနစ်တကျ စိုက်ပျိုးနိုင်ရန်အတွက် ဟင်းသီးဟင်းရွက် သီးနှံများ ပျိုးထောင်စိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကို ဝေါလေမြိုင်မြို့ စိုက်ပျိုးရေး ဦးစီးဌာနက ကြီးမှူး၍ အမှတ်(၂)ရပ်ကွက်ရှိ တောင်သူတစ်ဦး၏ သီးနှံစိုက်ခင်း၌ မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် ဝေါလေမြိုင်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးက တောင်သူများအနေဖြင့် ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စိုက်ပျိုးခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဟင်းသီးဟင်းရွက်စိုက်ခင်း ပြုစုပျိုးထောင်နည်းများကို လက်တွေ့သရုပ်ပြ၍ တောင်သူများအား သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးနည်း လက်ကမ်းစာစောင်များ ပေးအပ်ခဲ့သည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**

# ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲ(သဲပုံစေတီ)ပွဲတော် စစ်တွေမြို့နှင့် ပေလီကမ်းခြေတို့၌ ကျင်းပ

**စစ်တွေ မတ် ၉**

ရခိုင်ရိုးရာ သျှစ်သောင်းမြှောက်ပွဲ (သဲပုံစေတီ)ပွဲတော်ကို စစ်တွေမြို့ပို့င့် ကမ်းခြေနှင့် ပေလီကမ်းခြေတို့၌ မတ် ၈ ရက်(တပေါင်းလပြည့်နေ့) မွန်းလွဲပိုင်းက စတင်ကျင်းပသည်။



သျှစ်သောင်းမြှောက်ပွဲ (သဲပုံစေတီ)ပွဲကို စစ်တွေမြို့၌ သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုအဖွဲ့နှင့် ပြည်သူများကလည်းကောင်း၊ သံတွဲမြို့နယ် ပေလီကမ်းခြေ၌ ဒွါရာဝတီအသျှင်ကုသလနှင့် ဒွါရာဝတီလူငယ်များက လည်းကောင်း ဦးဆောင်ကျင်းပကြသည်။

ရခိုင်လူမျိုးတို့သည် တပေါင်းလပြည့်နေ့၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ သဲပုံစေတီတည်ကာ ပူဇော်လေ့ရှိသည့် ရခိုင်တို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သည်။ သဲပုံစေတီတည်ခြင်းအားဖြင့် မြတ်စွာဘုရားရှင်၏ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်သော ဂုဏ်တော်ကို ပူဇော်ရာရောက်ခြင်း၊ သဲပုံစေတီ တည်ခြင်းအားဖြင့် စပါးဆန်ရေများ ပေါများခြင်း၊ ဘေးအန္တရာယ်ကင်းဝေးခြင်း၊ ရာသီဥတုကောင်းမွန်ခြင်းနှင့် တိုင်း၊ ပြည်၊ မြို့ရွာအေးချမ်းသာယာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခြင်းတို့ကြောင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါပွဲတော်ကို တပေါင်းလပြည့်နေ့ ဒီရေကျချိန်၌ လူကြီး၊ လူငယ်၊ လူလတ်များ စုပေါင်း၍ လည်းကောင်း၊ မိသားစုအလိုက်လည်းကောင်း သဲသောင်ပြင်တွင် ကျင်းပခြင်းဖြစ်ပြီး ရခိုင်သမိုင်းဝင်ဘုရားစေတီများနှင့် ပုထိုးတော်များ၏ ပုံတူများကို သဲများဖြင့် တည်ဆောက်ကာ တံခွန်၊ ကုက္ကား၊ ပန်းမန်၊ ဆီမီး အမွှေးနံ့သာများဖြင့် ပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်ကို စစ်တွေမြို့၌ ၂၀၀၅ ခုနှစ်မှစတင်ကာ ပူဇော်ကျင်းပလာသည်ကိုတွေ့ရပြီး သံတွဲမြို့နယ် ပေလီကမ်းခြေ၌ ကျင်းပသည်မှာ စတုတ္ထအကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ် ထောက်မကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးဆောင်ရွက်မည်

**ဆင်ပေါင်ဝဲ မတ် ၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ထောက်မကျေးရွာအုပ်စု ထောက်မကျေးရွာ၌ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနက်ပေ ၄၀၀ ရှိ လေးလက်မ အကျယ်စက်ရေတွင်းနှင့်ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ဘဏ္ဍာနှစ်တွင် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်အစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ယူနီဆက်မှ ရေသွယ်ပိုက်များ ထောက်ပံ့၍လည်းကောင်း၊ ကျေးရွာနေပြည်သူများက လိုအပ်သည့် ပိုက်ဆက်ပစ္စည်းများ ဝယ်ယူခြင်းနှင့် လုပ်အားများ ထည့်ဝင်၍ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကူအညီဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။



အဆိုပါထောက်မကျေးရွာ အိမ်တိုင်ရာရောက် ရေရရှိရေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ မတ် ၇ ရက်က ကျေးရွာတွင်းသွယ်ယူရမည့် ရေပိုက်လိုင်းပေအရှည်၊ မြေပြင်အခြေအနေအနိမ့်အမြင့်များကို လက်တွေ့ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၈၀၊ လူဦးရေ ၁၀၉၀ နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိ၍ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# စလင်းမြို့နယ်၌ သဲပုံစေတီပွဲတော် ကျင်းပ

**စလင်း မတ် ၉**

ဆယ့်နှစ်လရာသီပွဲတော်များအနက် တပေါင်းလသဲပုံစေတီပွဲတော်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် ပျော်ရွှင်စရာတပေါင်းပွဲတော်အဖြစ် ကျင်းပလျက်ရှိရာ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် နွယ်တမယ်ကျေးရွာ စလင်းချောင်းသဲသောင်ပြင်၌ တပေါင်းလပြည့်နေ့က ရန်ပြေမာန်ပြေ ဒို့ထိပ်တင် သဲပုံစေတီပွဲတော် ကျင်းပသည်။

သဲပုံစေတီပွဲတော်ကို ရွာသူ ရွာသားများက ကျေးရွာရှိ မဟာ မင်္ဂလာဂန္ဓာရုံစာသင်တိုက် သက်တော်ရှည်ဆရာတော် ဦးကုန္ဒဝံသအား အမှူးထား၍ နှစ်စဉ်ဘုံကိုးဆင့် သဲပုံစေတီတည်ထားပူဇော်ခြင်းဖြစ်ပြီး တပေါင်းလဆန်း ၁၄ ရက်တွင် ဇော်ယိမ်းအကအဖွဲ့၊ ထီးဇော်၊ နန်းဇော်များဖြင့် ရွှေထီးလှည့်လည်ကာ ဘုရားအနေကဇာတင်လှူ ပူဇော်သည်။

တပေါင်းလပြည့်နေ့တွင် ပင့်သံဃာရှင်အပါး ၁၀၀ အား စာရေးတံမဲဆွမ်း သပိတ်လောင်းလှူပွဲနှင့် ရေစက်ချ တရားတော်နာယူကြည်ညိုခဲ့ကြောင်း သိရသည်။

**စိုးမိုးသူ(စလင်း)**

# မန္တလေးမြို့တွင် ကျင်းပမည့် သနပ်ခါးအရောင်းပွဲတော်နှင့် သနပ်ခါးလှပျိုမေပြိုင်ပွဲ ရက်ရွှေ့ဆိုင်း

**မန္တလေး မတ် ၉**

မန္တလေးမြို့ ကျောက်တော်ကြီးဘုရားတွင် မတ် ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် သနပ်ခါးအရောင်းပွဲတော်နှင့် သနပ်ခါးလှပျိုမေ ပြိုင်ပွဲအား ရက်ရွှေ့ဆိုင်းလိုက်ကြောင်း မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

" COVID-19 ကြောင့် ပွဲတော်ကို ရက်ရွှေ့ဆိုင်းလိုက်တာပါ။ အကုန်လုံးလုပ်ကိုင်ပြီးသားဆိုမှ ရွှေ့ရတာခက်သွားမှာမို့လို့ပါ။ ဘယ်နေ့ပြန်လည်ကျင်းပမယ်ဆိုတာတော့ မသတ်မှတ်ရသေးပါဘူး"ဟု မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ထုတ်ခြင်းနှင့် မြန်မာအမျိုးသမီးများ သနပ်ခါးကို မြတ်နိုးတန်ဖိုးထားတတ်လာစေရန်၊ မြန်မာ့သနပ်ခါးဈေးကွက် ပိုမိုဖွံ့ဖြိုးစေရန်နှင့် ပြည်ပနိုင်ငံများအထိ အဆင့်မြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် သနပ်ခါးအရောင်းပွဲတော်နှင့် သနပ်ခါးလှပျိုမေပြိုင်ပွဲအား တတိယအကြိမ်မြောက် ကျင်းပနိုင်ရန် စီစဉ်ထားသော်လည်း လတ်တလောရက်ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ COVID-19 ရောဂါကြောင့် မန္တလေးမြို့တွင် မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် The 2nd Mandalay International Trade Fair & Business Forum 2020 ပွဲကိုလည်း ရက်ရွှေ့ဆိုင်းထားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၄၀/၈၁၅ | ကျပ် | ၈၀၀/၈၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၅၀/၈၂၅ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ | ကျပ် | ၇၆၀/၇၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၆၀ | ကျပ် | ၈၉၀/၉၀၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၅ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၂၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၁၅၈၁ | ၁၈၅၃၄၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၂၇၃၈ | ၁၀၈၁၅၁၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅ | ၁၁၀၀၀၀ |
| TMH | ၂၉၀၀ | ၂၈၅၀ | ၄၉ | ၁၃၉၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဌာန်း

*ယမန်နေ့မှအဆက်*

**လူမွဲ၏အိမ်ထောင်ဖက်သို့ ပေးရန်ရှိသောကြွေးမြီ**

၃၀၉။ (က) ချေးငွေတစ်ရပ်ကို ထုတ်ချေးပေးစဉ်က ငွေထုတ်ချေးသူသည် လူမွဲ၏ အိမ်ထောင်ဖက် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ လူမွဲဖြစ်မှုစတင်ချိန်၌ လူမွဲ၏အိမ်ထောင်ဖက် ဖြစ်ခဲ့လျှင် ထိုကြွေးမြီသည် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

( ခ ) ထိုကြွေးမြီသည် –

(၁) ပုဒ်မ ၃၀၈ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) အရ သတ်မှတ်ထားသော ကြွေးမြီများနှင့် အတိုးငွေများကို ပေးချေပြီးနောက် ဦးစားပေးအဆင့်အတန်းရှိသော ကြွေးမြီဖြစ်သည်၊

(၂) လူမွဲဖြစ်မှု စတင်ချိန်မှစ၍ ပေးရန်ကျန်ရှိနေသောကာလများအတွက် ထိုကြွေးမြီ အပေါ်တွင် ပေးရမည့်အတိုးငွေကို ပုဒ်မ ၃၀၈ ပုဒ်မခွဲ (င) အရ သတ်မှတ်သော အတိုးနှုန်းဖြင့် ပေးချေရမည်။

ထို့ပြင် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ပေးရမည့် အတိုးနှုန်းသည် ယင်းကြွေးမြီနှင့် ဦးစားပေးအဆင့်အတန်း တူညီသည်ဟု မှတ်ယူရမည်။

**အပြီးသတ် ခွဲဝေပေးခြင်း**

၃၁၀။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းများအားလုံးကို ထုခွဲရောင်းချပြီးသည့်အခါ သို့မဟုတ် လူမွဲပိုင်ပစ္စည်းအများစုကို အချိန်ကြန့်ကြာခြင်းမရှိဘဲ ထုခွဲရောင်းချနိုင်ကြောင်း ယုံကြည်သည့်အခါ အပြီးသတ်ခွဲဝေမှုကို ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နောင်ဝေစုများ ခွဲဝေခြင်းကို ပြုလုပ်တော့မည်မဟုတ်ကြောင်း ၎င်း၏ရည်ရွယ်ချက်ကို ဖော်ပြ၍ အကြောင်းကြားစာကို နည်းဥပဒေများနှင့်အညီ ပေးပို့ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာတွင် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အချက်အလက်များကို ဖော်ပြပါရှိရမည့်အပြင် လူမွဲပိုင်ပစ္စည်းများအပေါ် ရရန်ရှိကြောင်း တောင်းဆိုမှုများကို အပြီးသတ်စီမံခန့်ခွဲမည့် နောက်ဆုံးနေ့ရက်အထိ တင်ပြနိုင်ကြောင်း ဖော်ပြပါရှိရမည်။

( ဂ ) တရားရုံးသည် ထိုအကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသော အပြီးသတ် စီမံခန့်ခွဲမည့် နောက်ဆုံးနေ့ရက်ကို ရွှေ့ဆိုင်းနိုင်သည်။

(ဃ) အပြီးသတ်စီမံခန့်ခွဲမည့် နောက်ဆုံးနေ့ရက် ကုန်ဆုံးပြီးနောက် ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(၁) လူမွဲပိုင်ပစ္စည်းများအနက်မှ လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို ပေးချေခြင်း၊

(၂) အပြီးသတ်ဝေစုတစ်ရပ် သတ်မှတ်ကြေညာရန် ရည်ရွယ်ပါက လူမွဲအပေါ်တွင် သက်သေထင်ရှား ပြသတောင်းဆိုခြင်း မပြုရသေးသော ကြွေးမြီတစ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ဦး၏ တောင်းဆိုချက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အပြီးသတ်ဝေစုကို သတ်မှတ်ကြေညာ၍ ခွဲဝေပေးခြင်း။

( င ) လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များကိုပေးချေခြင်းနှင့် လူမွဲအပေါ်တွင် တင်ရှိနေသော ကြွေးမြီနှင့် အတိုးများကို သက်ဆိုင်ရာမြီရှင်များသို့ အပြည့်အဝပေးဆပ်ပြီးနောက် ပိုလျှံပါက လူမွဲသည် ယင်းငွေကို ရထိုက်ခွင့်ရှိစေရမည်။

**မြီရှင်များအပြီးသတ်အစည်းအဝေး**

၃၁၁။ (က) အောက်ပါအခြေအနေများတွင် ဤပုဒ်မသည် သက်ဆိုင်စေရမည်–

(၁) ဤအပိုင်းနှင့်အညီ လူမွဲပိုင်ပစ္စည်းကို ရထိုက်သူများသို့ ခွဲဝေပေးသည့် လုပ်ငန်းကိစ္စများသည် ပြီးဆုံးသွားပြီဖြစ်ကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆခြင်း၊

(၂) ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားဝင်ပစ္စည်းထိန်း မဟုတ်ခြင်း။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီရှင်များအပြီးသတ် အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပ၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(၁) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လူမွဲပိုင်ပစ္စည်းများအပေါ် စီမံခန့်ခွဲမှုအစီရင်ခံစာကို လက်ခံခြင်း၊

(၂) ယုံမှတ်အပ်နှံခြင်းခံရသူအား ပုဒ်မ ၂၇၉ အရ တာဝန်များမှ ရပ်စဲ သင့် မသင့် ဆုံးဖြတ်ခြင်း။

( ဂ ) ပုဒ်မ ၃၁၀ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ပေးပို့သည်နှင့်တစ်ပြိုင်နက် ယုံမှတ် အပ်နှံခြင်းခံရသူသည် မြီရှင်များအပြီးသတ် အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရန် အကြောင်းကြားစာ ပေးပို့နိုင်သည်။ အကယ်၍ မြီရှင်များအပြီးသတ်အစည်းအဝေးကို စော၍ ခေါ်ယူခဲ့ခြင်းဖြစ်လျှင် လူမွဲပိုင်ပစ္စည်းကို ရထိုက်သူများသို့ ခွဲဝေပေးသည့် လုပ်ငန်းကိစ္စများသည် ပြီးဆုံးသွားပြီဖြစ်ကြောင်း ထိုအစည်းအဝေးသို့ အစီရင်ခံ တင်ပြနိုင်စေရန် အပြီးသတ်အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို ထပ်မံရွှေ့ဆိုင်းနိုင်သည်။

(ဃ) မြီရှင်များအပြီးသတ်အစည်းအဝေးကို ခေါ်ယူကျင်းပရာတွင် ကျခံရမည့် ကုန်ကျစရိတ်များကို ပေးချေရန်အတွက် လူမွဲပိုင်ပစ္စည်းများအနက်မှ လုံလောက်သော ငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူက ထုတ်နုတ်ထားရမည်။

**လူမွဲ၏အိမ်ဥပစာနှင့်စပ်လျဉ်း၍ ခြွင်းချက်**

၃၁၂။ (က) အောက်ပါအခြေအနေများတွင် ဤပုဒ်မသည် သက်ဆိုင်စေရမည်–

(၁) လူမွဲပိုင်ပစ္စည်းတွင်ပါဝင်ပြီး လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိအိမ်ထောင်ဖက် သို့မဟုတ် ယခင်အိမ်ထောင်ဖက်မှ နေထိုင်လျက်ရှိသော နေအိမ်ဥပစာတစ်ခု၌ အကျိုးခံစားခွင့်တစ်ရပ်ပါရှိနေခြင်း၊

(၂) ယုံမှတ်အပ်နှံခြင်းခံရသူက ထိုပစ္စည်းကို မည်သည့်အကြောင်းနှင့်မျှ ထုခွဲရောင်းချခြင်း မပြုနိုင်သည့်အနေအထားရှိခြင်း။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါအခြေအနေတစ်ရပ်ရပ်မှတစ်ပါး ပုဒ်မ ၃၁၁ အရ မြီရှင်များ အပြီးသတ်အစည်းအဝေးကို ကျင်းပရန် ခေါ်ယူခြင်းမပြုရ–

(၁) တရားရုံးက ပုဒ်မ ၂၉၃ အရ လူမွဲပိုင်ပစ္စည်းအကျိုးစီးပွားအလို့ငှာ ထိုပစ္စည်း အပေါ်တွင် ကြွေးမြီတာဝန်တစ်ရပ်တင်ရှိကြောင်း အမိန့်တစ်ရပ် ချမှတ်ခဲ့ခြင်း၊

(၂) ပုဒ်မ ၂၉၄ အရ လျှောက်ထားချက်ကို တရားရုံးက ငြင်းပယ်ခဲ့ခြင်း။

**နောက်ဆက်တွဲပြဋ္ဌာန်းချက်များ**

**ယုံမှတ်အပ်နှံခြင်းခံရသူနှင့်ပတ်သက်၍ လူမွဲ၏တာဝန်များ**

၃၁၃။ (က) ဤအပိုင်းပါပြဋ္ဌာန်းချက်များအရ ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် ၎င်းကကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသော အောက်ပါတာဝန်များကို လူမွဲသည် ဆောင်ရွက်ပေးရမည်–

(၁) လူမွဲ၏ လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်းသည့် အချက်အလက်များပေးခြင်း၊

(၂) လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ယုံမှတ်အပ်နှံခြင်း ခံရသူကို ကူညီဆောင်ရွက်ပေးခြင်း၊

(၃) အခြားလိုအပ်သည်တို့ကို ဆောင်ရွက်ပေးခြင်း။

( ခ ) လူမွဲဖြစ်မှုစတင်ပြီးနောက် မည်သည့်အချိန်တွင်မဆို လူမွဲသည် ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ရယူပိုင်ဆိုင်ခဲ့လျှင် သို့မဟုတ် ဆက်ခံရရှိလျှင် သို့မဟုတ် ဝင်ငွေ တိုးတက် ရရှိလာလျှင် ထိုသို့ဖြစ်ပေါ်တိုးတက်လာမှုကို ၎င်းသိရှိပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ယုံမှတ်အပ်နှံခြင်းခံရသူသို့ အကြောင်းကြားရမည်။

( ဂ ) ပုဒ်မခွဲ (က)သည် လူမွဲဖြစ်မှုရပ်စဲပြီး နောက်ပိုင်းအချိန်ကာလအထိ သက်ဆိုင်စေရမည်။

(ဃ) လူမွဲသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါ တာဝန်များကို လိုက်နာရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်းခံရမည်။

**နောက်ထပ်လူမွဲဖြစ်မှု ရှိသည့်ကိစ္စတွင် ပစ္စည်းခွဲဝေမှုကို ဆိုင်းငံ့ခြင်း**

၃၁၄။ (က) လူမွဲဖြစ်မှုရပ်စဲခြင်းမရှိသေးသော လူမွဲအပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ထပ်မံချမှတ်သည့်အခါ ဤပုဒ်မနှင့် ပုဒ်မ ၃၁၅ တို့တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည့်အပြင် ယင်းပုဒ်မများ၌ ဖော်ပြချက်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(၁) **နောက်ထပ်လူမွဲဖြစ်မှု (later bankruptcy)** ဆိုသည်မှာ အထက်ပါအမိန့်အရ ဖြစ်ပေါ်လာသော လူမွဲဖြစ်မှုကို ဆိုသည်။

(၂) **ယခင်လူမွဲဖြစ်မှု (earlier bankurptcy)** ဆိုသည်မှာ နောက်ထပ်လူမွဲဖြစ်မှု စတင်သည့် အချိန်၌ လူမွဲဖြစ်မှု ရပ်စဲခြင်းမရှိသေးသော လူမွဲဖြစ်မှုကို ဆိုသည်။

(၃) **လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူ** ဆိုသည်မှာ ယခင်လူမွဲဖြစ်မှုတွင် လူမွဲပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်း ခံရသူကို ဆိုသည်။

( ခ ) ပုဒ်မ ၂၇၀ ကို ထိခိုက်ခြင်းမရှိစေဘဲ နောက်ထပ်လူမွဲအဖြစ် ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားလာကြောင်း လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် ပုဒ်မခွဲ (ဂ) ပါ ပစ္စည်း၊ ငွေကြေးများနှင့်စပ်လျဉ်း၍ လက်ရှိယုံမှတ် အပ်နှံခြင်းခံရသူက ပြုလုပ်ခဲ့သော ခွဲဝေပေးမှု သို့မဟုတ် အခြားသော စီမံခန့်ခွဲမှု တစ်ရပ်ရပ်သည် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် သို့မဟုတ် တရားရုံးမှ အတည်ပြုသည့် အတိုင်းအတာမှတစ်ပါး ပျက်ပြယ်စေရမည်။

( ဂ ) ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်စေရမည်–

(၁) ပုဒ်မ ၂၈၆ ပုဒ်မခွဲ (ဂ) အရ လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူထံသို့ တရားဝင် လွှဲပြောင်းရောက်ရှိသော ပစ္စည်းတစ်ရပ်ရပ်၊

(၂) ပုဒ်မ ၂၈၉ အရ ချမှတ်ခဲ့သော ဝင်ငွေမှ ပေးဆပ်စေရန် အမိန့်အရ လက်ရှိယုံမှတ် အပ်နှံခြင်းခံရသူထံသို့ ပေးအပ်ခဲ့သော ငွေကြေးများ၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါပစ္စည်း သို့မဟုတ် ငွေကြေး တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ သို့မဟုတ် ရောင်းချခြင်းဖြင့်ဖြစ်စေ ရရှိလာသောပစ္စည်း သို့မဟုတ် ငွေကြေး တစ်ရပ်ရပ် သို့မဟုတ် ထိုသို့ရရှိလာသော ပစ္စည်း သို့မဟုတ် ငွေကြေးကို ကိုယ်စားပြုသည့်ပစ္စည်း သို့မဟုတ် ငွေကြေးတစ်ရပ်ရပ်။

**ယခင်လူမွဲဖြစ်မှုနှင့် နောက်ထပ်လူမွဲဖြစ်မှုတွင် လူမွဲပိုင်ပစ္စည်းများအကြား ချိန်ညှိခြင်း**

၃၁၅။ (က) နောက်ထပ်လူမွဲဖြစ်မှုစတင်ခြင်းမပြုမီ ယခင်လူမွဲဖြစ်မှုရှိ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည့် ပုဒ်မ ၃၁၄၊ ပုဒ်မခွဲ (ဂ) ပါ ပစ္စည်းများနှင့် ငွေကြေးများသည် နောက်ထပ်လူမွဲဖြစ်မှု စတင်သည်နှင့် တစ်ပြိုင်နက် လူမွဲပိုင်ပစ္စည်းတွင်ပါရှိသည့် ပစ္စည်းများဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) ပုဒ်မ ၂၈၉ အရ ချမှတ်ခဲ့သော ဝင်ငွေမှ ပေးဆပ်စေရန်အမိန့်အရ လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူသို့ ပေးရမည့် ငွေပမာဏ တစ်ရပ်သည် နောက်ထပ် လူမွဲဖြစ်မှုစတင်ပြီးနောက် နောက်ထပ် လူမွဲဖြစ်မှုဆိုင်ရာကိစ္စများအလို့ငှာ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်စေရမည်ဖြစ်ပြီး ထိုသို့ ပြောင်းလဲသည့်အတွက် တရားရုံးသည် သင့်တော်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း ထပ်မံညွှန်ကြားနိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ပါအရ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်လာသော ပစ္စည်းများအား ခွဲဝေပေးရာ၌ ယခင်လူမွဲဖြစ်မှုတွင် လက်ရှိယုံမှတ်အပ်နှံခြင်းခံရသူက ကျခံခဲ့သော ကုန်ကျစရိတ်များကို ဦးစွာပေးချေရမည်။

(ဃ) ပုဒ်မ ၃၁၄ နှင့် အထက်ပါပုဒ်မခွဲများအရမှတစ်ပါး ပုဒ်မ ၂၈၇ အရ ယခင်လူမွဲဖြစ်မှု သို့မဟုတ် ယခင်လူမွဲဖြစ်မှုမတိုင်မီ ဖြစ်ခဲ့သော လူမွဲဖြစ်မှုပါပစ္စည်းတစ်ရပ်ရပ်အား နောက်ထပ်လူမွဲဖြစ်မှု၏ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်ခြင်းမရှိစေရ။

( င ) ကြွေးမြီတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ ယခင်လူမွဲမှုခင်းမှ မြီရှင်များနှင့် ယင်းထက်စောသော လူမွဲမှုခင်းမှ မြီရှင်များသည် နောက်ထပ်လူမွဲဖြစ်မှုတွင် ထိုလူမွဲ၏မြီရှင်များအဖြစ် မှတ်ယူခြင်းမပြုရ။ သို့ရာတွင် လက်ရှိယုံမှတ် အပ်နှံခြင်းခံရသူသည် နောက်ထပ်လူမွဲဖြစ်မှုတွင် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုပေးနိုင်သည်–

(၁) ဤပုဒ်မခွဲအရ ကြွေးမြီတစ်ရပ်ရပ်အပါအဝင် ယခင်လူမွဲဖြစ်မှုတွင် ထိုလူမွဲပိုင်ပစ္စည်းအပေါ် သက်သေထင်ရှား ပြနိုင်ပြီး အပြေအကျေရရှိခြင်းမရှိသေးသည့် ကြွေးမြီ၊

(၂) ထိုကြွေးမြီအတွက် ပေးရန်ရှိသောအတိုး၊

(၃) ယခင်လူမွဲဖြစ်မှုတွင် ပေးချေခြင်းမပြုရသေးသော ကုန်ကျစရိတ်များ။

( စ ) နောက်ထပ်လူမွဲဖြစ်မှုတွင် သက်သေထင်ရှားပြသနိုင်သော အခြားသော ကြွေးမြီများ အားလုံးနှင့် ယင်းကြွေးမြီများအပေါ်တွင် ပေးရမည့် အတိုးငွေများကို အပြည့်အဝ ပေးချေပြီးမှသာ ပုဒ်မခွဲ(င) အရ သက်သေထင်ရှားပြသနိုင်သောငွေကို ပေးချေရမည်။

**အခန်း(၆)**

**မြီရှင်များနှင့် ညှိနှိုင်းခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ်ပြုလုပ်ခြင်း**

**ညှိနှိုင်းခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ်ပြုလုပ်ရန် အဆိုပြုချက်**

၃၁၆။ လူမွဲသည် ၎င်း၏ကြွေးမြီများအတွက်ညှိနှိုင်းရန် သို့မဟုတ် ၎င်း၏ လုပ်ငန်းနှင့်စပ်လျဉ်း၍ အစီအစဉ်ပြုလုပ်လိုလျှင် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိတင်ပြလိုသော ညှိနှိုင်းချက် သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို အာမခံသူများ သို့မဟုတ် အာမခံချက်များပါရှိသော အဆိုပြုချက်တစ်ရပ်ကို စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုး ပေးပို့နိုင်သည်။

**လူမွဲ၏အဆိုပြုချက်ကို ယုံမှတ်အပ်နှံခြင်းခံရသူမှ အစီရင်ခံတင်ပြခြင်း**

၃၁၇။ (က) ယုံမှတ်အပ်နှံခြင်းခံရသူက စိစစ်အကဲဖြတ်နိုင်စေရန်အတွက် ပုဒ်မ ၃၁၆ အရ အဆိုပြုချက်သည် မြီရှင်များနှင့် လူမွဲတို့၏ အကျိုးစီးပွားကိုဖြစ်စေကြောင်း ဖော်ပြသည့် အချက်အလက်များနှင့် နည်းဥပဒေများဖြင့်သတ်မှတ်ထားသော အချက်အလက်များ ပြည့်စုံစွာပါရှိရမည်။

( ခ ) ပုဒ်မ ၃၁၆ အရ အဆိုပြုချက်ကို လက်ခံရရှိသည့်အခါ ယုံမှတ်အပ်နှံခြင်းခံရသူသည် ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်မှာ မြီရှင်နှင့် လူမွဲတို့၏ အကျိုးစီးပွားကို ဖြစ်စေခြင်း ရှိ မရှိနှင့် ယင်းတို့အပေါ် မြီရှင်များ၏ အစည်းအဝေးတွင် သဘောတူညီချက် ရရှိနိုင်ဖွယ်ရှိ မရှိ ၎င်း၏ ထင်မြင်ယူဆချက်ပါ အစီရင်ခံစာ ပြုစုတင်ပြရမည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

**ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်နှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားခြင်း**

၃၁၈။ (က) အဆိုပြုချက်သည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် နည်းဥပဒေများပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း ကျေနပ်မှုရှိလျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားရုံးသို့ အောက်ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားရမည် -

(၁) အဆိုပြုသည့် ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်၊

(၂) ပုဒ်မ ၃၁၇ ပုဒ်မခွဲ (ခ) အရ ပြုစုတင်ပြသည့် ယုံမှတ်အပ်နှံခြင်းခံရသူ၏ အစီရင်ခံစာ၊

(၃) ထိုအဆိုပြုချက်အပေါ် ဆွေးနွေးဆုံးဖြတ်ရန်အတွက် မြီရှင်များအစည်းအဝေးကို ခေါ်ယူသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာ။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ တရားရုံးသည် ယင်းအဆိုပြုချက်မှာ မြီရှင်များနှင့် လူမွဲတို့၏ အကျိုးစီးပွားကိုဖြစ်စေကြောင်းနှင့် ယင်းတို့အပေါ် မြီရှင်များ၏ အစည်းအဝေးတွင် သဘောတူညီချက်ရရှိနိုင်ဖွယ်ရာ ရှိကြောင်း ကျေနပ်လျှင် မြီရှင်များ၏ အစည်းအဝေးကို ခေါ်ယူရန်အတွက် အမိန့်ချမှတ်နိုင်သည်။

**မြီရှင်များအစည်းအဝေး ကျင်းပခြင်း**

၃၁၉။ (က) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းမရှိလျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) မြီရှင်များအစည်းအဝေးကို ပုဒ်မ ၃၁၈ အရ အမိန့်ချမှတ်သည့်နေ့မှ ၂၁ ရက် အတွင်း ခေါ်ယူကျင်းပရမည်၊

(၂) ဤပုဒ်မနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) မြီရှင်များအစည်းအဝေး၌ ယုံမှတ်အပ်နှံခြင်းခံရသူသည် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) လူမွဲသည် မြီရှင်များအစည်းအဝေးသို့ တက်ရောက်ရမည်။

(ဃ) လူမွဲက အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်အပေါ် ထိုမြီရှင်များ အစည်းအဝေး၌ မဲခွဲဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့ မဲခွဲဆုံးဖြတ်ရာတွင် ကြွေးမြီရရန်ရှိကြောင်း သက်သေထင်ရှားပြသနိုင်သည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု စုစုပေါင်းတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်သော မြီရှင်များက ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်မှတစ်ဆင့်ဖြစ်စေ ထောက်ခံမဲပေးလျှင် ယင်းအဆိုပြုချက်သည် အတည်ဖြစ်စေရမည်။

(င) မြီရှင်များအစည်းအဝေးတွင် လူမွဲက အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်သော်လည်း ယင်းပြင်ဆင်ချက်ကို လူမွဲ၏ သဘောတူညီချက်ဖြင့်သာ ပြုလုပ်ရမည်။

(စ) လူမွဲ၏ အဆိုပြုချက် သို့မဟုတ် ပြင်ဆင်ချက်တစ်ရပ်ရပ်သည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များအပါအဝင် အချို့သော မြီရှင်များအပေါ် ဆန့်ကျင်ထိခိုက်လျှင် ယင်းအဆိုပြုချက် သို့မဟုတ် ပြင်ဆင်ချက်ကို ထိခိုက်သည့် မြီရှင်များအနက်မှ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု စုစုပေါင်းတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်သော မြီရှင်များက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှ တစ်ဆင့်ဖြစ်စေ တက်ရောက်မဲပေး၍ သဘောတူရမည်။

**ဆုံးဖြတ်ချက်များကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း**

၃၂၀။ (က) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်နှင့်စပ်လျဉ်း၍ မြီရှင်များ အစည်းအဝေးမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ယုံမှတ်အပ်နှံခြင်းခံရသူသည် တရားရုံးသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပြီး ထိုအစီအရင်ခံစာနှင့်အတူ ယင်းဆုံးဖြတ်ချက်များအပေါ် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာကိုလည်း ပူးတွဲတင်ပြရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ(က)အရ လျှောက်လွှာနှင့် အစီရင်ခံစာမိတ္တူတို့ကို လူမွဲနှင့် မြီရှင်များ၏ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ မြီရှင်များထံသို့ ပေးပို့ရမည်။

(ဂ) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပုဒ်မ ၃၁၉ အရ ကျင်းပခဲ့သော မြီရှင်များအစည်းအဝေးတွင် သဘောတူအတည်ပြုရန် ငြင်းပယ်ခဲ့လျှင် တရားရုံးသည် ပုဒ်မခွဲ (က) အရ တင်ပြခဲ့သော လျှောက်လွှာကို ပလပ်ရမည်။

(ဃ) အဆိုပြုတင်ပြသောညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပုဒ်မ ၃၁၉ အရ ကျင်းပခဲ့သော ထိုမြီရှင်များ၏ အစည်းအဝေးမှ အတည်ပြုခဲ့သည့်အပြင် ယင်းအဆိုပြုချက် သို့မဟုတ် ပြင်ဆင်အဆိုပြုချက် (ရှိခဲ့လျှင်) သည် မြီရှင်များနှင့် လူမွဲတို့အား အကျိုးရှိစေမည်ဟု တရားရုံးက ထင်မြင်ယူဆပါက အဆိုပါ ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို အတည်ပြုနိုင်သည့်အပြင် ယင်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့်အမိန့်များ ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(င) ပုဒ်မခွဲ (ခ) အရပေးပို့သော အစီရင်ခံစာနှင့် လျှောက်ထားလွှာကို လက်ခံရရှိသူသည် တရားရုံးတွင် အောက်ပါအကြောင်းပြချက် တစ်ရပ်ရပ်အရ ကန့်ကွက်တင်ပြနိုင်သည်-

(၁) အဆိုပြုတင်ပြသော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်သည် ၎င်း၏ အကျိုးစီးပွား သို့မဟုတ် အခြားသော မြီရှင်များ၏ အကျိုးစီးပွားကို မမျှမတ ထိခိုက်နစ်နာစေခြင်း၊

(၂) မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရာတွင် ကြီးစွာသော နည်းလမ်းမကျမှု ရှိခဲ့ခြင်း။

(စ) တရားရုံးသည် သင့်သည်ထင်ပါက မြီရှင်များအစည်းအဝေးကို ပြန်လည်ခေါ်ယူကျင်းပရန် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**အတည်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၃၂၁။ (က) ပုဒ်မ ၃၂၀ အရ အတည်ပြုခဲ့သော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်သည် လူမွဲနှင့် မြီရှင်များအပေါ်တွင် သက်သေထင်ရှားပြသနိုင်သည့် ကြွေးမြီအတိုင်းအတာအထိသာ အကျိုးသက်ရောက်စေရမည်။

(ခ) ပုဒ်မ ၃၂၀ အရ အတည်ပြုခဲ့သော ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်သည် -

(၁) အချိန်စေ့ရောက်သော ကြွေးမြီတစ်ရပ်ကို ရထိုက်ခွင့်ရှိသည့် မြီရှင်များ၏ သဘောတူညီချက်နှင့်မှအပ လူမွဲအဖြစ်မှ ရပ်စဲသွားသည့်တိုင်အောင် ပေးဆပ်ရန် တာဝန်ဆက်လက်တည်ရှိနေသည့် သက်သေပြနိုင်သော ကြွေးမြီတစ်ရပ်ကို ပေးဆပ်ရန်တာဝန်မှ ကင်းလွတ်ခွင့် မရှိစေရ သို့မဟုတ်

(၂) လူမွဲအဖြစ်မှ ရပ်စဲသွားသော်လည်း ပေးဆပ်ရန် တာဝန်ဆက်လက်တည်ရှိနေသည့် အခြားတစ်စုံတစ်ဦးအား တာဝန်မှ ကင်းလွတ်စေခွင့် မရှိစေရ။

(ဂ) အဆိုပြုတင်ပြခဲ့သည့် ညှိနှိုင်းမှု သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ပုဒ်မ ၃၁၉ အရ ကျင်းပသော မြီရှင်များအစည်းအဝေးတွင် အတည်ပြုခဲ့သည့်အပြင် တရားရုံးကလည်း ပုဒ်မ ၃၂၀ ပုဒ်မခွဲ (စ) အရ အမိန့်ချမှတ်ခဲ့လျှင် ထိုအမိန့်ချမှတ်သည့်နေ့တွင် လူမွဲအဖြစ်ခံယူစေရန် ချမှတ်ခဲ့သောအမိန့်သည် ပျက်ပြယ်စေရမည်။

**အခန်း(၇)**

**အခွင့်အရေးများနှင့် လုပ်ငန်းကိစ္စများအပေါ် လူမွဲဖြစ်မှု၏ အကျိုးသက်ရောက်ခြင်း**

**ယုံမှတ်အပ်နှံထားသည့် မြေနှင့်စပ်လျဉ်းသည့်အခွင့်အရေးများ**

၃၂၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းများအနက်မှ ယုံမှတ်အပ်နှံထားသောမြေကို ရောင်းချရန်အလို့ငှာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တင်ပြလျှောက်ထားရမည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က) အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် သင့်သည်ထင်မြင်သည့် အမိန့်ချမှတ်နိုင်သည်-

(၁) မြီရှင်များ၏အကျိုးစီးပွား၊

(၂) လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်က လက်ရှိနေထိုင်သော နေအိမ်ဥပစာ တည်ရှိသော မြေနှင့်စပ်လျဉ်း၍ လျှောက်ထားလာလျှင်၊

(ကက) လူမွဲဖြစ်စေသည့် ၎င်း၏လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်၏ ပြုမူဆောင်ရွက်ချက်၊

(ခခ) လူမွဲ၏လက်ရှိသို့မဟုတ်ယခင်အိမ်ထောင်ဖက်၏ လိုအပ်ချက်များနှင့် ငွေကြေး အခြေအနေ၊

(ဂဂ) လူမွဲ၏သားသမီးများအတွက် လိုအပ်ချက်များ၊

(၃) လူမွဲ၏ လိုအပ်ချက်များမှအပ အခြားသောအခြေအနေများ။

(ဂ) ဤအပိုင်းအရ လူမွဲပိုင်ပစ္စည်းများအား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပထမဆုံး တရားဝင်လွှဲပြောင်းရောက်ရှိသွားသည့် အချိန်မှစ၍ တစ်နှစ်ကုန်ဆုံးပြီးနောက်မှ ပုဒ်မခွဲ(က)အရ လျှောက်လွှာတင်သွင်းခြင်းဖြစ်လျှင် ထူးခြားသော အခြေအနေ မရှိပါက မြီရှင်များ၏ အကျိုးစီးပွားများကို အခြားသောအချက်များထက် ဦးစားပေး စဉ်းစားရမည်။

**နေထိုင်ခွင့် အခွင့်အရေးများ**

**လူမွဲ၏ဇနီး၊ ခင်ပွန်းမှ နေထိုင်ခွင့်**

၃၂၃။ (က) လူမွဲ၏ လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်က လူမွဲပိုင်ပစ္စည်းတွင် နေထိုင်ခွင့်ပြုရန် တရားရုံးသို့ လျှောက်ထားလာလျှင် တရားရုံးသည် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားလျက် အမိန့်ချမှတ်နိုင်သည်-

(၁) မြီရှင်များ၏အကျိုးစီးပွား၊

(၂) လူမွဲဖြစ်စေသည့် ၎င်း၏လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်၏ ပြုမူဆောင်ရွက်ချက်၊

(၃) လူမွဲ၏ လက်ရှိ သို့မဟုတ် ယခင်အိမ်ထောင်ဖက်၏ လိုအပ်ချက်များနှင့် ငွေကြေးအခြေအနေ၊

(၄) လူမွဲ၏သားသမီးများအတွက် လိုအပ်ချက်များ၊

(၅) လူမွဲ၏ လိုအပ်ချက်များမှအပ အခြားသောအခြေအနေများ။

(ခ) ဤအပိုင်းအရ လူမွဲပိုင်ပစ္စည်းများအား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပထမဆုံး တရားဝင်လွှဲပြောင်းရောက်ရှိသွားသည့် အချိန်မှစ၍ တစ်နှစ်ကုန်ဆုံးပြီးနောက်မှ ပုဒ်မခွဲ (က) အရ လျှောက်လွှာတင်သွင်းခြင်းဖြစ်လျှင် ထူးခြားသော အခြေအနေ မရှိပါက မြီရှင်များ၏ အကျိုးစီးပွားများသည် အခြားသော အချက်များထက် ဦးစားပေးစဉ်းစားရမည်။

**လူမွဲ၏နေထိုင်ခွင့်**

၃၂၄။ (က) အောက်ပါအခြေအနေများတွင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်-

(၁) နေအိမ်ဥပစာတွင် အကျိုးသက်ဆိုင်ပြီး နေထိုင်ခွင့်ရှိသူသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခံရခြင်း၊

(၂) လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းချိန်နှင့် လူမွဲဖြစ်မှု စတင်သည့်အချိန်တွင် ထိုအိမ်ဥပစာ၌လူမွဲနှင့်အတူ အသက် ၁၈ နှစ်အောက်ရှိသူ တစ်ဦးက နေထိုင်ခဲ့ခြင်း။

(ခ) လူမွဲသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည် -

(၁) တရားရုံး၏ခွင့်ပြုချက်မှတစ်ပါး ထိုနေအိမ်ဥပစာ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းကို လက်ရှိနေထိုင်နေလျှင် ယင်းဥပစာ သို့မဟုတ် အစိတ်အပိုင်းမှ နှင်ထုတ်ခံရခြင်း သို့မဟုတ် ဖယ်ရှားခံရခြင်းမှ ကင်းလွတ်ခွင့်၊

(၂) လက်ရှိနေထိုင်ခြင်းမရှိလျှင် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ထိုနေအိမ် ဥပစာသို့ ဝင်ရောက်ခွင့်နှင့် နေထိုင်ပိုင်ခွင့်။

(ဂ) တရားရုံးသည် လူမွဲ၏လိုအပ်ချက်မှအပ မြီရှင်များ၏အကျိုးစီးပွား၊ လူမွဲ၏ သားသမီးများအတွက် လိုအပ်ချက်များနှင့် ငွေကြေး အခြေအနေအပြင် အခြားသောအခြေအနေများကို ထည့်သွင်းစဉ်းစား၍ သင့်သည်ထင်မြင်သည့်အမိန့် ချမှတ်နိုင်သည်။

(ဃ) ဤအပိုင်းအရ လူမွဲပိုင်ပစ္စည်းများအား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပထမဆုံး တရားဝင်လွှဲပြောင်းရောက်ရှိသွားသည့်နေ့မှ တစ်နှစ်ကုန်ဆုံးပြီးနောက်မှ ပုဒ်မခွဲ (က) အရ လျှောက်လွှာတင်သွင်းခြင်းဖြစ်လျှင် ထူးခြားသော အခြေအနေမရှိပါက မြီရှင်များ၏ အကျိုးစီးပွားများကို အခြားသောအချက်များထက် ဦးစားပေးစဉ်းစားရမည်။

**ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စများကို ပြန်လည်ချိန်ညှိခြင်း**

**ငွေစာရင်းအရကြွေးမြီများကို သာမန်လွှဲပြောင်းပေးအပ်ခြင်းအား ပျက်ပြယ်စေခြင်း**

၃၂၅။ (က) စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေသူတစ်ဦးသည် အခြားတစ်စုံတစ်ဦးအား လက်ရှိကာလတွင် ဖြစ်စေ၊ အနာဂတ်ကာလတွင် ဖြစ်စေ ငွေစာရင်းအရ ကြွေးမြီများ သို့မဟုတ် ယင်းကြွေးမြီများအနက်မှ ကြွေးမြီအမျိုးအစားတစ်ရပ်ရပ်ကို ပေးဆပ်ပြီးနောက်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရလျှင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာတင်သွင်းခြင်းမပြုမီ ပေးချေခြင်းမပြုရသေးသည့် ငွေစာရင်းအရ ကြွေးမြီများကို လွှဲပြောင်းပေးအပ်ခြင်းသည် ပျက်ပြယ်စေရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့်(ခ) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ-

(၁) လွှဲပြောင်းပေးအပ်ခြင်းဆိုရာတွင် ငွေစာရင်းအရ ကြွေးမြီအပေါ် အာမခံထားရှိခြင်း နည်းလမ်းဖြင့်ဖြစ်စေ၊ ကြွေးမြီတာဝန်တင်ရှိစေခြင်း နည်းလမ်းဖြင့်ဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းလည်း ပါဝင်သည်။

(၂) သာမန်လွှဲပြောင်းပေးအပ်ခြင်းတွင် အောက်ပါတို့ ပါဝင်ခြင်းမရှိစေရ-

(ကက) သက်ဆိုင်သည့်မြီစားထံမှ အချိန်စေ့ရောက်သည့် ကြွေးမြီကို လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် သီးခြားပဋိညာဉ်အရ ပေးဆပ်ရန် အချိန်စေ့ရောက်သော ကြွေးမြီများကို လွှဲပြောင်းပေးအပ်ခြင်း၊

(ခခ) သဘောရိုးဖြင့် တန်ရာတန်ကြေးဖြင့် စီးပွားရေးလုပ်ငန်းကို လွှဲပြောင်းပေးအပ်ရာတွင်ဖြစ်စေ၊ မြီရှင်များ၏ အကျိုးစီးပွားအလို့ငှာ ပစ္စည်းများကို လွှဲပြောင်းပေးရာတွင်ဖြစ်စေ ငွေစာရင်းအရ ကြွေးမြီများကို လွှဲပြောင်းပေးအပ်ခြင်း။

**လူမွဲပါဝင်ချုပ်ဆိုထားသော ပဋိညာဉ်များ**

၃၂၆။ (က) တစ်ဦးတစ်ယောက်သည် ပဋိညာဉ်တစ်ရပ်၌ စာချုပ်ဝင်အဖြစ် ပါဝင်ချုပ်ဆိုပြီးနောက် မကြာမီ လူမွဲအဖြစ် စီရင်ဆုံးဖြတ်ခြင်းခံရလျှင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) ပဋိညာဉ်တွင် ပါဝင်သည့်အခြားသူတစ်ဦးက လျှောက်ထားသည့်အခါ တရားရုံးသည် လျှောက်ထားသူ၏ သို့မဟုတ် လူမွဲ၏ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာကြေးကို စည်းကမ်းချက်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုသော အမိန့်ဖြစ်စေ၊ အခြားတရားမျှတသည် ထင်မြင်သည့် အမိန့်ဖြစ်စေ ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မအရ တရားရုံးက ချမှတ်သော အမိန့်တစ်ရပ်ကြောင့် လူမွဲကပေးချေရန်ရှိသည့် နစ်နာကြေးတစ်ရပ်ရပ်ကို လူမွဲပိုင်ပစ္စည်းအပေါ်တွင် ရရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်တစ်ရပ်အဖြစ် သက်သေတင်ပြနိုင်ခွင့်ရှိသည်။

(ဃ) လူမွဲဖြစ်မှုမှ ရပ်စဲခြင်းမရှိသေးသောလူမွဲသည် အခြားသူတစ်ဦးနှင့် ပူးတွဲ၍ ပဋိညာဉ် တစ်ရပ်ရပ်ကို ချုပ်ဆိုခဲ့လျှင် ထိုသူသည် ယင်းပဋိညာဉ်နှင့်စပ်လျဉ်း၍ လူမွဲပါဝင်ခြင်းမရှိပဲ တရားစွဲဆိုခွင့် သို့မဟုတ် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

*စာမျက်နှာ ၂၀ သို့*

*စာမျက်နှာ ၁၉ မှ*

**အတည်ပြုသည့်လုပ်ထုံးလုပ်နည်းများ**

၃၂၇။ (က) လူမွဲဖြစ်မှုမစတင်မီအချိန်၌ မြီရှင်တစ်ဦးက –

(၁) လူမွဲပိုင်မြေကွက် သို့မဟုတ် ကုန်စည်များအပေါ် ဒီကရီ အတည်ပြု ဆောင်ရွက်ခဲ့သည့်ကိစ္စ သို့မဟုတ်

(၂) အခြားတစ်စုံတစ်ဦးထံမှ လူမွဲကရရန်ရှိသော ကြွေးမြီ တစ်ရပ်အတွက် ဝရမ်းကပ်စေခဲ့ သည့်ကိစ္စတွင် ဒီကရီ အတည်ပြုခြင်း သို့မဟုတ် ဝရမ်းကပ်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်း သို့မဟုတ် ငွေကြေးအပြည့်အဝ ပေးချေခြင်း မရှိသေးသည့်ကိစ္စတွင် မြီရှင်သည် ဒီကရီ အတည်ပြုခြင်း သို့မဟုတ် ဝရမ်းကပ်ခြင်းမှရရှိခဲ့သော အကျိုး ခံစားခွင့်များ သို့မဟုတ် ဒီကရီအတည်ပြုခြင်းကိုဖြစ်စေ၊ ဝရမ်းကပ်ခြင်းကိုဖြစ်စေ ရှောင်ရှားရန် အတွက် ပေးအပ်ခဲ့သော ငွေကြေးများနှင့်စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရ သူကို ဆန့်ကျင်ရယူခွင့်မရှိစေရ။

(ခ) (၁) တစ်ဦးတစ်ယောက်၏ ကုန်စည်အပေါ် ဒီကရီ အတည်ပြု ဆောင်ရွက်မှုပြီးပြတ်ခြင်း မရှိသေးမီ ထိုသူသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရကြောင်းကို ထိုသူက ဒီကရီအတည်ပြုသူအရာရှိထံသို့ အကြောင်းကြားစာပေးပို့ပြီးသည့်အခါ ထိုအရာရှိသည် ဒီကရီ အတည်ပြုလုပ်စဉ်က သိမ်းဆည်းခဲ့သော သို့မဟုတ် ပြန်လည်ရယူထားခဲ့သော ကုန်စည်များ သို့မဟုတ် ငွေကြေးများကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသို့ ပြန်လည်ပေးအပ်ရမည်။

(၂) သို့ရာတွင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုကုန်စည်အား ရောင်းချ၍ရငွေ သို့မဟုတ် ရယူသိမ်းဆည်းခဲ့သည့် ငွေများအနက်မှ ဒီကရီအတည်ပြုလုပ်စဉ်က ကုန်ကျခဲ့သည့် စရိတ်များ အတွက် ဦးစားပေး ပေးချေရမည်။

(ဂ) အကယ်၍ ဒီကရီအတည်ပြုလုပ်ရာတွင် တစ်ဦးတစ်ယောက်၏ ကုန်စည်အား ရောင်းချခြင်း သို့မဟုတ် ထိုသို့ရောင်းချမှုမပြုရန် လိုအပ်သည့် ငွေကြေးပေးချေခြင်းပြုပြီးနောက် ထိုသို့ပြု သည့်နေ့မှ ၁၄ ရက်အတွင်း လူမွဲအဖြစ်ခံယူစေရန် လျှောက်လွှာတင်သွင်းခဲ့ကြောင်း အကြောင်းကြားစာကို ဒီကရီအတည်ပြုသူအရာရှိထံသို့ ပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် ယင်းလျှောက်လွှာအရ ထိုသူအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခဲ့ပါက ဒီကရီအတည်ပြုစဉ်က ကုန်ကျစရိတ် များကို နုတ်ယူပြီးနောက် ကျန်ရှိသော ကုန်စည်ရောင်းရငွေ သို့မဟုတ် ပေးချေခဲ့သော ငွေကြေးသည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်စေရမည်ဖြစ်ပြီး ထိုငွေကြေးများထဲမှ ဒီကရီအတည်ပြု သူမြီရှင်၏ ကြွေးမြီအား ဦးစားပေး ပေးချေရမည်။

(ဃ) ပုဒ်မခွဲ(ဂ) ပါ ဖော်ပြထားသောငွေပမာဏသည် ဒီကရီ အတည်ပြုရာမှ ရရှိသည့်ငွေပမာဏထက် ကျော်လွန်လျှင် ဒီကရီအတည်ပြုသူအရာရှိသည် အောက်ပါတို့ကိုလိုက်နာ ရမည်–

(၁) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားစာပေးပို့ထားသော လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာအား စစ်ဆေးနေစဉ်အတွင်း သို့မဟုတ် ထိုသတ်မှတ်ထား သည့် ၁၄ ရက်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုပုဒ်မခွဲတွင် ဖော်ပြထားသော ကျန်ငွေကို စီမံခန့်ခွဲ ခြင်း မပြုရ၊

(၂) ထိုကျန်ငွေသည် လူမွဲ၏ပစ္စည်းတွင် ပါဝင်ခဲ့လျှင် ထိုကျန်ငွေအား တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသို့ ပေးအပ်ရမည်။

(င) ဒီကရီအတည်ပြုခြင်း သို့မဟုတ် ဝရမ်းကပ်ခြင်းပြုသူ မြီရှင်၏အကျိုးစီးပွား အလို့ငှာ ပုဒ်မခွဲ (က) မှ (ဂ) အရ တရားဝင် ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူသို့ အပ်နှင်း ထားသော အခွင့်အရေးများကို တရားရုံးသည် စည်းကမ်းချက် များ သတ်မှတ်၍ သင့်သည်ဟု ထင်မြင်သော အတိုင်းအတာ နှင့်အညီ ပယ်ဖျက်နိုင်သည်။

(စ) ကုန်စည်တစ်ရပ်အား ဒီကရီအတည်ပြုသူအရာရှိထံမှ သဘောရိုးဖြင့် ဝယ်ယူလက်ရောက်ရယူပြီးဖြစ်ပါက တရားဝင် ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူမှ အဆိုပါ ပစ္စည်းကို ပြန်လည်သိမ်းယူရန် ဤပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ အခွင့်အာဏာပေးသည်ဟု မှတ်ယူခြင်း မပြုရ။

(ဆ) လူမွဲဖြစ်မှုစတင်ပြီးနောက် လူမွဲကလက်ဝယ်ရရှိလာသော သို့မဟုတ် ဆက်ခံရရှိလာသောပစ္စည်းပေါ်တွင် ဒီကရီ အတည်ပြုရာ၌ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ဒီကရီအတည်ပြုခြင်း စတင်ပြီးနောက် ပြီးဆုံးခြင်းမရှိသေးမီ အောက်ပါအခြေအနေ များနှင့် အကျုံးဝင်လျှင် ထိုပုဒ်မခွဲများသည် သက်ဆိုင်စေ ရမည်–

(၁) ထိုပစ္စည်းသည်ပုဒ်မ ၂၈၆ အရ လူမွဲပိုင်ပစ္စည်းအဖြစ် တောင်းဆိုပြီးဖြစ်ခြင်း၊

(၂) ပုဒ်မ ၂၈၆ အရ အကြောင်းကြားစာမိတ္တူတစ်ရပ်ကို ဒီကရီ အတည်ပြုသူ အရာရှိထံသို့ ပေးပို့ခဲ့ပြီးဖြစ်ခြင်း။

**ငှားရမ်းခအတွက် တောင်းဆိုခွင့်**

၃၂၈။ လူမွဲထံမှ ရရန်ရှိသော ငှားရမ်းခအတွက် အိမ်ရှင် သို့မဟုတ် အိမ်လခ ထိုက်ခွင့်ရှိသော အခြားတစ်စုံတစ်ဦးက လူမွဲပိုင်ပစ္စည်းများအပေါ်တွင် ကြွေးမြီ တစ်ရပ်ကဲ့သို့ သက်သေတင်ပြ တောင်းဆိုနိုင်သည်။ သို့ရာတွင် လူမွဲဖြစ်မှု စတင်ခြင်းမပြုမီ အချိန်ကာလ ၆ လစာအတွက်သာ တောင်းဆိုခွင့်ရှိစေရမည်။

**အလုပ်သင်များ**

၃၂၉။ (က) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စများအလို့ငှာ သက်ဆိုင်စေရမည် –

(၁) လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းထားချိန်၌ တစ်စုံတစ်ဦးသည် လူမွဲဖြစ်လာမည့် သူထံတွင် အလုပ်သင်အဖြစ် ဝင်ရောက် လုပ်ကိုင်နေစဉ် အတွင်း ထိုသူအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်သည့်အခါ၊

(၂) လူမွဲ သို့မဟုတ် အလုပ်သင်က ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အလုပ်သင်အဖြစ်မှ ရပ်စဲကြောင်း အကြောင်းကြားစာ ပေးပို့သည့်အခါ။

(ခ) အလုပ်သင်ခန့်အပ်မှုဆိုင်ရာ သဘောတူညီချက်သည် လူမွဲဖြစ်မှု စတင်ချိန်မှစ၍ ရပ်စဲရမည်။

**စာအုပ်စာတမ်းများရယူသိမ်းဆည်းခွင့်မရှိစေခြင်း**

၃၃၀။ (က) လူမွဲထံမှ စာအုပ်စာတမ်းများ သို့မဟုတ် အခြားသော မှတ်တမ်း များအား ဒီကရီအတည်ပြုသူ အရာရှိမှ အတည်ပြုဆောင်ရွက် လျှင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူမှ လက်ဝယ်ထားထိန်းသိမ်းခွင့်ကို ငြင်းပယ်ရာရောက်စေမည်ဆိုပါ က ယင်းကဲ့သို့ အတည်ပြုဆောင်ရွက်ခြင်း မရှိစေရ။

(ခ) ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့် စာရွက်စာတမ်း များဖြစ်လျှင် ပုဒ်မခွဲ(က)နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**လူမွဲပါဝင်ချုပ်ဆိုထားသော အနုညာတသဘောတူညီချက်**

၃၃၁။ (က) လူမွဲဖြစ်မှုစတင်ခြင်းမပြုမီ လူမွဲပါဝင်ချုပ်ဆိုထားသော ပဋိညာဉ် တစ်ရပ်၌ အနုညာတသဘောတူညီချက်ပါရှိလျှင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပဋိညာဉ်ကို သဘောတူလက်ခံပါက ထိုပဋိညာဉ်ပါ အနုညာတသဘောတူညီချက်ကို အတည်ပြု ဆောင်ရွက်နိုင်သည် သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းကို ခံယူနိုင်သည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပဋိညာဉ်ကို သဘောတူလက်ခံခြင်း မရှိသော်လည်း မြီရှင်များ ကော်မတီကဖြစ်စေ၊ ၎င်းတို့ကိုယ်စား ယုံမှတ်အပ်နှံခြင်းခံရသူမှတစ်ဆင့်ဖြစ်စေ၊ ထိုသဘောတူညီချက် တွင်ပါဝင်သော အခြားစာချုပ်ဝင်တစ်ဦးဦးက ဖြစ်စေ တရားရုံး သို့ ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတစီရင်ဆုံးဖြတ် ခြင်း နည်းလမ်းအရ ဖြေရှင်းစေရေးလွှဲအပ်စေသည့် အမိန့် တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားနိုင်သည်။

**အခန်း(၈)**

**လူမွဲဖြစ်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများ**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၃၃၂။ (က) တရားရုံးသည် လျှောက်ထားချက်အရ မြီစားအပေါ် လူမွဲ အဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်သည်ဖြစ်စေ၊ မပယ် ဖျက်သည်ဖြစ်စေ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင် စေရမည်။

(ဂ) နောက်ထပ်လူမွဲဖြစ်မှုနှင့်စပ်လျဉ်း၍ ထိုလူမွဲ၏ပေးရန် တာဝန် များကို ထိခိုက်စေခြင်း မရှိဘဲ လူမွဲအဖြစ်မှရပ်စဲပြီးနောက်ပိုင်း ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လူမွဲသည် ဤအခန်းပါ ပြစ်မှု တစ်ရပ်အတွက် ပြစ်ဒဏ်ထိုက်သင့်ခြင်းမရှိစေရ။ သို့ရာတွင် လူမွဲဖြစ်မှုမရပ်စဲမီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်အတွက် မှုခင်း တစ်စုံတစ်ရာဖြင့် တရားစွဲဆိုဆောင်ရွက်ခြင်းကို ဤအပိုင်းပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်း မရှိစေရ။

(ဃ) ဤအခန်းအရ ပြစ်မှုတစ်ရပ်အတွက် တရားစွဲဆိုသော မှုခင်း တစ်ရပ်တွင် ယင်းပြစ်မှုကို နိုင်ငံတော်ပြင်ပတွင် ကျူးလွန်ခဲ့သည် ဆိုသော အကြောင်းပြချက်ဖြင့် ခုခံချေပခွင့် မရှိစေရ။

(င) မည်သူမဆို ဤအခန်းပါပြစ်မှုကို ကျူးလွန်လျှင် တရားရုံးသည် ထိုသူအား ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ် သိန်းငါးဆယ်အထိ ချမှတ်နိုင်သည်။

(စ) ဤအခန်းတွင်–

(၁) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သောပစ္စည်း သို့မဟုတ် တရား ဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံ သို့ဖြစ်စေ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုသတ်မှတ်ထား သော ပစ္စည်းဆိုသောစကားရပ်တွင် ပုဒ်မ ၂၈၆ သို့မဟုတ် ၂၈၇ အရ အကြောင်းကြားစာ ပေးပို့တောင်းခံသည့် ပစ္စည်းများလည်း ပါဝင်ရမည်၊

(၂) **ကြားကာလ** ဆိုသည်မှာ လူမွဲအဖြစ်ခံယူစေသည့် အမိန့် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းချိန်မှစ၍ ယင်းအမိန့် ချမှတ်သည့်အထိ ကြာသော ကြားကာလကို ဆိုသည်။

**ကြံရွယ်ချက် မရှိကြောင်း ခုခံချေပခြင်း**

၃၃၃။ ဤအခန်းပါ ပြစ်မှုတစ်ရပ်နှင့် စွဲဆိုခြင်းခံရသူသည် ၎င်း၏လုပ်ငန်း ကိစ္စများကို ဆောင်ရွက်ရာ၌ လိမ်လည်ရန် သို့မဟုတ် ဖုံးကွယ်ရန် ကြံရွယ် ချက်မရှိကြောင်း သက်သေထင်ရှားပြသနိုင်လျှင် ထိုသူသည် ဤအပိုင်းပါ ပြစ်မှုကိုကျူးလွန်ခြင်းမရှိဟု ဤပုဒ်မအရ မှတ်ယူနိုင်သည်။

**လူမွဲဖြစ်မှုမစတင်မီနှင့် စတင်ပြီးနောက်ပိုင်း လူမွဲ၏ကျူးလွန်မှုများ ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခြင်း**

၃၃၄။ (က) လူမွဲသည် အောက်ပါတို့ကို ထုတ်ဖော်ရန်ပျက်ကွက်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် –

(၁) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်း ခံရသူထံသို့ မိမိပစ္စည်းစာရင်းကို မိမိသိရှိသည့်အတိုင်း ဖော်ထုတ်ပြောကြားရန် ပျက်ကွက်ခြင်း၊

(၂) လူမွဲက ၎င်းပိုင်ပစ္စည်းတစ်ရပ်ရပ်အား မည်သည့်အချိန်က မည်သူ့ထံသို့ မည်သည့်တန်ဖိုးဖြင့် ရောင်းချခဲ့သည် သို့မဟုတ် မည်သို့မည်ပုံ စီမံခန့်ခွဲခဲ့သည်ကို တရားဝင် ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ သတင်းပေးပြောကြားရန် ပျက်ကွက်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)ပါပြဋ္ဌာန်းချက်သည် လူမွဲက မိမိ လုပ်ငန်းအား လုပ်ဆောင်မြဲ နည်းလမ်းများအတိုင်း ဆောင်ရွက်ရာ၌ မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏မိသားစု အတွက် သာမန်ကုန်ကျစရိတ်များကို ပေးချေမှုတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ပိုင်ဆိုင်မှုကို ဖုံးကွယ်ထားခြင်း**

၃၃၅။ (က) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်–

(၁) ဥပဒေအရ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုထားသည့် မိမိ၏လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင် ရှိသော လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ် ကို တရားဝင်ပစ္စည်းထိန်းထံဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်း ခံရသူထံဖြစ်စေ၊ ထိုသူတို့က ညွှန်ကြားထားသည့် အတိုင်းဖြစ်စေ လက်ရောက်ပေးအပ်မှုမရှိခြင်း၊

(၂) မိမိရရန်ရှိသော ကြွေးမြီ သို့မဟုတ် မိမိပေးရန်ရှိသော ကြွေးမြီတစ်ရပ်ကို ဖုံးကွယ်ထားခြင်း သို့မဟုတ် နည်းဥပဒေများအရသတ်မှတ်ထားသော ငွေပမာဏ ထက်မနည်းသော တန်ဖိုးရှိသောပစ္စည်းကို ဖုံးကွယ်ထားခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မိမိအားဆင့်ဆိုထားသည့် ပစ္စည်းကို လက်ဝယ်ထားခြင်း၊

(၃) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်း မပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ်(၂) အရ ပြစ်မှု တစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ် ခံယူစေသည့်အမိန့်ချမှတ်ပြီးနောက် ပြုလုပ်ခဲ့လျှင်။

(ခ) နည်းဥပဒေများအရ သတ်မှတ်ထားသော ငွေပမာဏထက် မနည်းသည့်တန်ဖိုးရှိပြီး တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုထားသည့် မိမိလက်ဝယ်ရှိပစ္စည်းတစ်ရပ်ကို ကြားကာလအတွင်း၌ လူမွဲက ဖယ်ရှားလျှင်ဖြစ်စေ၊ ဖယ်ရှားခဲ့လျှင်ဖြစ်စေ ၎င်းသည် ပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(ဂ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားရုံးက လူမွဲအား အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန် ဆင့်ဆိုခဲ့ရာ၌ ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ၎င်းသည် ပြစ်မှုကျူးလွန်ရာ ရောက်သည် –

(၁) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လကာလအတွင်း သို့မဟုတ် ကြားကာလအတွင်း လူမွဲပိုင်ပစ္စည်းများ အနက်မှ အများစုဆုံးရှုံးခဲ့မှုနှင့်စပ်လျဉ်း၍ တာဝန်ယူ စာရင်းရှင်းလင်းတင်ပြစေခြင်း သို့မဟုတ်

(၂) ထိုဆုံးရှုံးမှုအတွက် ကျေနပ်လောက်ဖွယ်ရာ ရှင်းလင်း တင်ပြစေခြင်း။

**စာအုပ်စာတမ်းများကို ဖုံးကွယ်ထားခြင်းနှင့် လိမ်လည်ရေးသွင်းခြင်း**

၃၃၆။ (က) လူမွဲပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ၎င်း၏လက်ဝယ် သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်ရှိသော စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို တရားဝင် ပစ္စည်းထိန်းအရာရှိထံဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံ ဖြစ်စေ၊ ထိုသူတို့က ညွှန်ကြားထားသည့်အတိုင်းဖြစ်စေ လက်ရောက်ပေးအပ်ခြင်းမပြုလျှင် ၎င်းသည် ပြစ်မှုကျူးလွန် သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# လိုင်ဗားဆည်မှ ဖလမ်းမြို့သို့ ရေပေးဝေရေးဖွင့်ပွဲအခမ်းအနား ဖလမ်း၌ ပြုလုပ်

**ဖလမ်း မတ် ၉**

ပြည်ထောင်စု သီးသန့်ရန်ပုံငွေကျပ်သန်း ၅၀၀၀ ဖြင့် ပြုလုပ်သည့် လိုင်ဗားဆည်မှ ဖလမ်းမြို့သို့ ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် မြန်မာ့ဆက်သွယ်ရေးရုံးအနီးရှိ အမှတ် (၄) ဂါလန်တစ်သိန်း ဆံ့ရေလှောင်ကန်ရှေ့၌ ပြုလုပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ရေပေးဝေရေးဖွင့်ပွဲ အခမ်းအနားမှခ်ဦးကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရာလ်နှင်နှင့် ဖလမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထန်ကီးယိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရေပေးဝေရေး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်ပြီး ရေပေးဝေရေးဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖဒုတိယဥက္ကဋ္ဌ ဦးရှုလ်ဇမ်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖလမ်းမြို့ ရေပေးဝေရေးလုပ်ငန်း စီမံကိန်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ လိုင်ဗား ရေလှောင်တမံမှ ဖလမ်းမြို့ အထိ ရေပိုက်လိုင်းသွယ်ယူခြင်း၊ ဆောင်ရွက်မည့် ပိုက်လိုင်းလမ်းကြောင်းများ၊ ပိုက်အရွယ်အစား၊ ပိုက်အမျိုးအစားနှင့် ဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်လေးလုံးကို သတ်မှတ် ထားသည့် အရွယ်အစားအတိုင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ရာ ဖလမ်းမြို့အတွင်းသို့ ရေရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

**တလွန်းအာ(ပြန်/ဆက်)**



# အသားဖြန့်ဖြူးရောင်းချရာတွင် ဇီဝလုံခြုံရေးစနစ်များကို လိုက်နာရန်လို

**မကွေး မတ် ၉**

တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှု မရှိစေရေးအတွက် အသားဖြန့်ဖြူးရောင်းချသူများအနေဖြင့် ဇီဝလုံခြုံရေးစနစ်များကို လိုက်နာရန် လိုအပ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

သားသတ်လုပ်ငန်း လုပ်ဆောင်သူများအနေဖြင့် တိရစ္ဆာန်သွေးနှင့် တိရစ္ဆာန်မှထွက်သည့် အရည်များ ခန္ဓာကိုယ်သို့ တိုက်ရိုက်မထိတွေ့စေရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်း၊ ရှေ့ဖုံးအကာ အင်္ကျီ၊ လက်အိတ်၊ လည်ရှည်ဖိနပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် လုပ်ငန်းပြီးဆုံးချိန်တွင် လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရန် စသည့် ဇီဝလုံခြုံရေးစနစ်များကို လိုက်နာကျင့်သုံးရန်လိုအပ်သည်။

" ကြက်၊ ဘဲ ဈေးတွေ၊ သားသတ်ရုံတွေ၊ တိရစ္ဆာန်အသားစိမ်းရောင်းချရာ ဈေးတွေမှာ လုပ်ကိုင်သူတွေကို တိရစ္ဆာန်ကတစ်ဆင့် ရောဂါကူးစက်နိုင်ခြေ အများဆုံးလို့ သတ်မှတ်ထားပါတယ်။ အဲဒါကြောင့် သူတို့ ကိုယ်တိုင်ရောဂါ မဖြစ်အောင်၊ အခြားသူတွေကိုလည်း မကူးစက်ရအောင် နေ့တိုင်းသန့်ရှင်းရေးတွေကို စနစ်တကျ ဆောင်ရွက်ဖို့ ဌာနဆိုင်ရာတွေပူးပေါင်းပြီး ကြီးကြပ်နေပါတယ် " ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်မျိုးသိန်းက ပြောသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ ပူးပေါင်း၍ မတ် ၆ ရက်က မကွေးမြို့ ချမ်းမြေ့သာယာရပ်ကွက်ရှိ သားသတ်ရုံသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ အသားရောင်းချရာ ဈေးများကိုလည်း ကြပ်မတ်စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် လက်ရှိဖြစ်ပွားနေသော COVID-19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုကြီးကြပ် ဆောင်ရွက်ပေးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညှိနှိုင်းလာမှုအပေါ် တိုင်းဒေသကြီးအစိုးရက ဆက်နွယ်ဌာနများကို ညွှန်ကြားခဲ့ခြင်းကြောင့် ယင်းသို့ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကန့်ဘလူမြို့နယ်အတွင်း တာတမံနှင့် ရေပေးမြောင်းများ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကန့်ဘလူ မတ် ၉**



ဒေသခံ တောင်သူလယ်သမားများ စိုက်ပျိုးရေ ရယူသုံးစွဲရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း တာတမံများ၊ ရေပေးမြောင်းများ၊ ရေဟန့်များ၊ တံတားများ၊ ရေကန်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၁၃ သိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်း/ သာမန် ခွင့်ပြုငွေကျပ်သိန်း ၂၉၅၉ ဒသမ ၃၀၀ တို့ဖြင့် တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း **(ယာပုံ)** မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများမှာ ကျေးပင်အက်တမံထိပ် ကုန်းဆင်းကုန်းလျှော (ဆင်ခြေလျှော)များပြုပြင်ခြင်း၊ လက်တံ(၃) တူးမြောင်း၊ အကူမြောင်းပေါင်မြှင့်တင်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေး ရေနုတ်မြောင်းများ ပြုပြင်ခြင်း၊ ပေကြီးတမံမြောင်းမကြီး လှည်းကူး တံတားပြုပြင်ခြင်း၊ တမံအောက်ဘက်တံတားတည်ဆောက်ခြင်း၊ လင်ပန်းတမံ လက်တံ(၁) အဝင်အထွက် ကျောက်ကွက်များ၊ မြောင်းမကြီး ပြုပြင်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ အခိုင်အမာ ပြုပြင်ခြင်း၊ လေးထုတ် တူးမြောင်းဖြတ်တံတား တည်ဆောက်ခြင်း၊ ဇကာချောင်းရေဟန့်များ ပြုပြင်ခြင်း၊ ရေတံခါးတပ်ဆင်ခြင်း၊ တံတား တည်ဆောက်ခြင်း၊ အုတ်ခင်းကန်၊ နဂါးပေါ်ကန်များ ပြုပြင်ခြင်း၊ ညောင်ကိုင်းကန်၊ မောင်းတိုင်ကန်များ ပေါင်မြှင့်တင်ခြင်း၊ သောက္ကန်တမံနှင့် ရေပိုလွှဲပြုပြင်ခြင်း၊ ရေပေးမြောင်းများ သဲနုန်းတူးဖော်ခြင်း၊ မြောင်းပုံစံကျပြုပြင်ခြင်း၊ ကျောက်လိုင်နင်စီခြင်း၊ ရေတံခါးရွက်များ တပ်ဆင်ခြင်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများကို ဇန်နဝါရီ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သောက္ကန်တမံနှင့် ရေပိုလွှဲပြုပြင်ခြင်းနှင့် နဂါးပေါ်ကန်ပြုပြင်ခြင်း၊ လင်ပန်းတမံလက်တံ (၁)အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှူးဦးသူရဇော်က ပြောပြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အလုံမြို့နယ်တွင် ၈၅ နှစ်နှင့် အထက် အဘိုးအဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် မတ် ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် အဘိုးအဘွားများအား နိုင်ငံတော်မှ လူမှုရေးပင်စင်ထောက်ပံ့ငွေများကို တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် လစဉ်ထောက်ပံ့ပေးလျက်ရှိရာ မတ်လပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၂၇၂ ဦးတို့အားပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များက ပါဝင်ကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**တီးတိန် မတ် ၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ဖလမ်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့် တာဝန်ရှိသူတို့က မတ်လပထမပတ်က ကွင်းဆင်းစစ်ဆေးကြသည်။

ဂမ်ငိုင်ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း၊ ဆဘွာလ်းကျေးရွာ ရေပိုက်နှစ်မိုင် လဲလှယ်ခြင်းလုပ်ငန်း၊ ဗားလ်ဗုမ်းကျေးရွာ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခု၊ ကုန်ထုတ်လမ်းလေးမိုင်နှင့် ရေပြွန်လေးစင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် တွီးဒီးလ်ကျေးရွာကုန်ထုတ်လမ်း ၀ ဒသမ ၆ မိုင်၊ ရေပိုက်လဲလှယ်ခြင်း သုံးမိုင်နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများကို ကွင်း ဆင်းစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပေါင်ကျင့်မုန် (ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ စွမ်းအားမြင့်မီးဖိုများ ကျေးရွာအရောက် အခမဲ့ဖြန့်ဝေ

**ဒေးဒရဲ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်း၍ သစ်တောပြုန်းတီးမှုကာကွယ်ရေး၊ ထင်းသုံးစွဲမှုလျှော့ချရေး၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး ရည်ရွယ်၍ စွမ်းအားမြင့်မီးဖိုများကို ယမန်နေ့က ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက ချောင်းဖျားကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူ များအား စွမ်းအားမြင့် မီးဖို ၄၁၆ လုံးကို ပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးရေးစီမံကိန်းအပိုင်း(A)တွင် ဒေးဒရဲမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအုပ်စု ၃၄ အုပ်စုအတွက် စွမ်းအားမြင့်မီးဖိုအလုံး ၁၈၀၀၀ ကို ပြည်သူများ လက်ဝယ်အရောက် အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

# မြောင်မြို့နယ် ပေါက်တော(န) ကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**မြောင် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ပေါက်တော(န)ကျေးရွာ၌ ယမန်နေ့က လျှပ်စစ်လမ်းမီးဖွင့်ပွဲ ကျင်းပသည်။

အဆိုပါ မီးဖွင့်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်-၂ ဒေါ်အေးမြတ်မွန်၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းအောင်တို့က ဖွင့်လှစ်ပေးသည်။

ပေါက်တော(န)ကျေးရွာကို တိုင်းဒေသကြီး ရန်ပုံငွေ ငွေကျပ် ၁၉၀ ဒသမ ၄၀၇ သန်းထဲမှ ၎င်းကျေးရွာကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိမ်ထောင်စု၂၇၇ စု၊ လူဦးရေ ၈၉၆ ဦးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာဖြင့် လျှပ်စစ်လမ်းမီးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးနေမျိုးဇော်က ပြောသည်။

**မွေးကြူဇင်**

# အင်းလေးကန်အနီးမှ မြို့ဟောင်း နှစ်ခု

မောင်သာ(ရှေးဟောင်းသုတေသန)

ပြည်တွင်း ပြည်ပခရီးသွားများအကြားတွင် အလွန်ထင်ရှားသည့် မြန်မာနိုင်ငံ၏ အထင်ကရခရီးသွားနယ်မြေ တစ်ခုဖြစ်သော အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်အတွင်း မြင့်မားသောတောင်တန်းများအလယ်၌ ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၂၉၀၀ တွင် တည်ရှိနေသည်။ လှပသာယာသောရှုခင်းများနှင့်အတူ ရေအရင်းအမြစ်များ စုစည်းနေသည့် အင်းလေးကန် သည်မြန်မာနိုင်ငံ၏ဒုတိယအကြီးဆုံး သဘာဝရေချိုအိုင်ကြီးဖြစ်သည်။ ညောင်ရွှေမြို့နယ်အတွင်းရှိ ရှေးမြို့ဟောင်းများအနက် မိုင်းသောက်နှင့် စံကားတို့သည် အင်းလေးကန်အနီး၌ တည်ရှိနေကြပေသည်။

## ညောင်ရွှေနှင့် မြို့ဟောင်းများ

သမိုင်းမှတ်တမ်းများအရ ညောင်ရွှေမြို့ကို မတည်ထောင်မီ ပေါရိသတ်၊ ရမ္မာဝတီနှင့် မိုင်းသောက်မြို့တို့ကို တည်ထောင်ခဲ့သဖြင့် လက်ရှိ ညောင်ရွှေဒေသ၌ မြို့ဟောင်းသုံးခု ကျန်ရှိနေခဲ့သည်။ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် သာကီဝင်မင်းမျိုးဘိရာဇာ အနွယ် စော်ဘွားကြီးသည် ညောင်ရွှေမြို့၏ မြောက်ဘက်ရှိ ပေါရိသတ်ဘုရားအနီး၌ ကောသမ္ဗီမြို့ကို တည်ထောင်အုပ်ချုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အတူ အင်းလေးဖောင်တော်ဦးသမိုင်းတွင် ကောသမ္ဗီမြို့ကို ညောင်ရွှေပြည်နယ်၏ ပထမမြို့တော်ဟု ဖော်ပြခဲ့သည်။ ကောသမ္ဗီသည် ရှမ်းအမည် ကောက်ဆံပြီဖြစ်၍မြန်မာများကကောသမ္ဗီဟု အသံထွက်ကြသည်။ သို့သော်ကောသမ္ဗီမြို့ဟောင်း၏ တောင်ဘက်မြို့ရိုးအပြင်၌ မြို့ရိုးနှင့်ကပ်လျက် တည်ရှိနေသည့် ပေါရိသတ်ဘုရားကို အစွဲပြုလျက် ကောသမ္ဗီမြို့ဟောင်းသည် ပေါရိသတ်မြို့ဟောင်းဟု ပိုမိုထင်ရှားခဲ့သည်။

အနားပြိုင်စတုဂံတစ်ခုနှင့်တူညီကာ မြောက်ဘက်တွင် လေးဒီဂရီ ယိုင်ပြီး မှန်ကူကွက်ပုံ တည်ထားခဲ့သည့် ပေါရိသတ်မြို့ ဟောင်းသည် ယခုအချိန်တွင် မြို့ရိုးမြို့ရာများပေါ်လွင်ထင်ရှားခြင်း မရှိတော့ဘဲ မြို့ဟောင်းကို ဖြတ်သန်းဖောက်လုပ်ထားသည့် လမ်းမှ ဖြတ်သွားသည့်တိုင် မြို့ဟောင်းကို မသိရှိနိုင်တော့ချေ။ ထို့ကြောင့် မြို့ဟောင်းကို ဖြတ်သန်းနေသည့် မော်တော်ကားလမ်းအတိုင်း တောင်ဘက် မှ မြောက်ဘက်သို့သွားလျှင် မြင်တွေ့ရသည့် ပေါရိသတ်ဘုရားတည်နေရာကို ပေါရိသတ်မြို့အဝင်နေရာဟု မှတ်သားထားရပေသည်။

ကောဇာသက္ကရာဇ် ၄၇၅ ခုနှစ်တွင် တရုတ်တို့က ကောသမ္ဗီမြို့ကို ဖျက်ဆီးခဲ့သဖြင့် တောင်ဘက်သို့ပြောင်းရွှေ့ကာ မိုင်းသောက်အင်းရွာနှင့်သလဲဦးရွာအကြား၊ပေပင်အင်းရွာ၏ အနောက်ဘက်၌ ရမ္မာဝတီမြို့ကို အင်းလေးကန်အတွင်း၌တည်ထောင်ခဲ့သည်ဟု ဆိုသည်။ သို့သော် ရမ္မာဝတီ၏ အနောက်ဘက်ဒေသရှိ ဟဲဟိုး သီခေါင်နယ်မှ တောင်ပြိုမှုကြောင့် ဟဲဟိုးချိုင့်ဝှမ်းမှ ရေများသည် ညောင်ရွှေအင်းသို့ စီးဝင်ခဲ့ပြီး ရမ္မာဝတီမြို့သည် ပျက်စီးခဲ့သည်။

ရမ္မာဝတီပျက်ပြီးသည့်နောက် အရှေ့မြောက်ဘက်ရှိ မန်ကျဉ်းစင် ပန်းဖယ်တွင်မြို့သစ်တည်ထောင်ကာ စော်ဘွားအဆက်ဆက် စိုးစံခဲ့ပြီးနောက် ဆီဆိုင်စော်ဘွားလက်ထက်တွင် ညောင်ရွှေသို့ပြောင်းရွှေ့ခဲ့သဖြင့် ပန်းဖယ်သည် မိုင်းသောက်မြို့ဟောင်းအဖြစ် ကွင်းကျန်ခဲ့သည်။

## မိုင်းသောက်မြို့ဟောင်း

မိုင်းသောက်မြို့၏ တည်နေရာ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၄ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ်အကြားဖြစ်သည်။

မိုင်းသောက်ကျေးရွာသည် အင်းလေးကန်၏ အရှေ့ဘက်ကမ်း၌ တည်ရှိကာ ညောင်ရွှေမြို့မှ တောင်ဘက်သို့ ၁၀ ဒသမ ၈ ကီလိုမီတာ ကွာဝေး၍ ညောင်ရွှေမှ မိုင်းသောက်သို့ မော်တော်ကားဖြင့် မိနစ် ၂၀ အတွင်းရောက်ရှိသည်။ ထို့အတူ အင်းလေးကန်ကို ဖြတ်သန်း၍ ရေလမ်းခရီးမှ စက်လှေဖြင့်လည်း သွားရောက်နိုင်သည်။ လက်ရှိ မိုင်းသောက်၏ အရှေ့ဘက် တစ်မိုင်ခွဲတွင် မိုင်းသောက် မြို့ဟောင်းရာများကျန်ရှိနေသည်။

အင်းလေးကန်အရှေ့ဘက်မှ ကန်အတွင်းသို့ စီးဝင်ခဲ့သည့် ရေဝေရေလဲချောင်းတစ်ခုသည် ဘူမိအနေအထား တစ်ရပ်ကြောင့် သဲသောင်ခုံတစ်ခုအဖြစ်သို့ပြောင်းလဲခဲ့သည်။ မိုးရေနှင့် ချောင်းရေများက ယင်းနေရာရှိ သဲများပြီး



စံကားမြို့ဟောင်းမှ ရှေးဟောင်း စေတီများ

ရေတိုက်စားလွယ်သော မြေသားများကို မျောပါစေကာ ချောင်းအဆုံးပိုင်းတွင် သဲနုန်းများပို့ချရာမှ မြစ်ဝကျွန်းတစ်ခုဖြစ်သွားခဲ့သည်။ ထို့ကြောင့် မိုင်းသောက်ဒေသတွင် တြိဂံပုံ သဲနုန်းမြေပြင် (Alluvium fan) ဖြစ်ပေါ်ခဲ့ပြီး အင်းလေးကန်အတွင်းသို့ စီးဝင်ခဲ့သည့် ချောင်းက ပျောက်သွားခဲ့သည်။ နှစ်ကာလရှည်ကြာလာချိန်တွင် မြေထုကြီးများ ကျယ်ပြန့်လာခဲ့ကာ လူများနေထိုင်စိုက်ပျိုးခဲ့ကြပြီး မိုင်းသောက်မြို့ ပေါ်ထွန်းလာခဲ့သည်။ လက်ရှိ ညောင်ရွှေမြို့ဝန်းကျင်ရှိ မြို့ဟောင်းသုံးခုအနက် ရမ္မာဝတီမြို့ဟောင်းကို တွေ့ရှိနိုင်ခြင်း မရှိတော့ချေ။

## မိုင်းသောက်မြို့ဟောင်းရာ

မြန်မာနိုင်ငံ အရပ်ရပ်ရှိ မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံများရိုက်ကူးခဲ့သည့် သစ်တောမင်းကြီး ဦးအောင်မြင့်က မိုင်းသောက်မြို့ဟောင်းနေရာကို ကောင်းကင်မှ ဓာတ်ပုံရိုက်ကူးခဲ့သည်။ မိုင်းသောက်မြို့ဟောင်းကို ကောင်းကင်ဓာတ်ပုံတွင် စတင်မြင်တွေ့ခဲ့စဉ်က ဘုရားပရိဝုဏ် တစ်ခုဟု ထင်မှတ်ခဲ့သော်လည်း လေးထောင့် စတုရန်းပုံပေါ်နေသည့် မြို့ဟောင်းအတွင်း၌ ဘုရား၊ ပုထိုး၊ စေတီ အပြိုအပျက်များမရှိသဖြင့် ဘုရားစေတီတစ်ခုခု၏ ပရိဝုဏ် မဟုတ်နိုင်ကြောင်း ကောက်ချက်ချခဲ့သည်။ ထို့အတူ ခန့်မှန်း ဧရိယာငါးဧကနီးပါး ကျယ်ဝန်းသဖြင့် ဘုရားပရိဝုဏ်မဖြစ်နိုင်ဟု ယူဆနိုင်ခဲ့ကြောင်း ဦးအောင်မြင့်က ရေးသားခဲ့သည်။

ဦးအောင်မြင့်သည် မိုင်းသောက်မြို့ဟောင်း၏ တံတိုင်းနှစ်ထပ်အရာကို တွေ့ရှိခဲ့ပြီး အပြင်တံတိုင်းမှ ပေ ၁၅၀ အကွာတွင် အတွင်းတံတိုင်းရှိ၍ တံတိုင်းနှစ်ခုအကြားကို ကျုံးအဖြစ် တူးဖော်ထားဟန်မရှိခဲ့ချေ။ အပြင်တံတိုင်းသည် တစ်ဖက်လျှင် ကိုက် ၅၀၀ ရှည်လျားကာ အရံအတားအဖြစ် ကာရံထားသည့် မြို့ရိုးတံတိုင်း၏ အတွင်းပိုင်းဧရိယာသည် ဧက ၅၀ ကျော်ရှိကြောင်း ခန့်မှန်းခဲ့သည်။ မိုင်းသောက်မြို့ဟောင်း၏ အတွင်းတံတိုင်းသည် အရှေ့ဘက်တွင် မရှိတော့ဘဲ မြောက်ဘက်တံတိုင်းက တစ်စိတ်တစ်ပိုင်း ကျန်ရှိနေသည်။ မြို့ဟောင်း၏ အနောက်ဘက်နှင့် တောင်ဘက် တံတိုင်းတို့ကို တွေ့ရှိနိုင်သေးပြီး တံတိုင်းများ၏ ထောင့်ချိုးများသည် ကွေးဝိုင်းနေခြင်းမရှိဘဲ ထောင့်မတ်ကျနေကြကာ မြို့တံတိုင်း၏ အရှေ့ဘက်၌ အင်းတစ်ခုနှင့် တူသည့် ရေကန်နှစ်ခုကို မြင်တွေ့ရသည်။

ဦးအောင်မြင့်၏ ရေးသားချက်အရ မိုင်းသောက်သည် ဗြိတိသျှတို့၏ ခံတပ်ဟောင်း( Fort Stedman) ဖြစ်ခဲ့သည်ဟု ဆိုသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို အုပ်စိုးခဲ့စဉ် စစ်ရေးနှင့် နယ်မြေဒေသ လုံခြုံရေးကို ထိန်းချုပ်နိုင်ရန် ခံတပ်များတည်ဆောက်ခဲ့ရာ မိုင်းသောက်ခံတပ်သည် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ သို့သော် ဗြိတိသျှတို့သည် မိုင်းသောက်ခံတပ်တွင် ကြာရှည်စွာ တပ်မစွဲဘဲ ဖျက်သိမ်းသွားခဲ့ကြသည်။

## စံကားမြို့ဟောင်း

မိုင်းသောက်မြို့ဟောင်းကဲ့သို့ပင် ညောင်ရွှေမြို့နယ်ရှိ ထင်ရှားသော မြို့ဟောင်းသည် အင်းလေးကန်အတွင်းရှိစံကား ဖြစ်သည်။စံကားမြို့ဟောင်းသည် အင်းလေးကန်မှ တောင်ဘက်သို့ မိုင် ၄၀ ကွာဝေး၍ စံကားမြို့ဟောင်းသို့ ညောင်ရွှေမြို့မှ တစ်ဆင့် ကန်ပတ်လမ်းအတိုင်းသွားနိုင်သကဲ့သို့ အင်းလေးကန်ကို ဖြတ်သန်း၍ ရေလမ်းဖြင့်လည်းသွားရောက်နိုင်သည်။

သမိုင်းမှတ်တမ်းများအဆိုအရ စံကားမြို့ကို ခရစ်နှစ် ၁၄၇၉ ခုနှစ်တွင် ရှမ်းစော်ဘွား စဝ်ပြားက တည်ထောင်ခဲ့ပြီးမြို့လယ်၌ ပုထိုးတော် တစ်ဆူတည်၍ တရုတ်စံကားသားဖြင့် ထုလုပ်ထားသည့် ဗုဒ္ဓ ဆင်းတုတော်ကို ဌာပနာခဲ့ကာ စံကားရွှေဂူဘုရားဟု ဘွဲ့ အမည်သမုတ်ခဲ့သည်။

စံကားကို အုပ်ချုပ်ခဲ့ကြသူများသည် ဘုရင့်နောင်မင်းတရား လက်ထက်မှစ၍ မြန်မာဘုရင်များနှင့် ဆက်ဆံမှုများရှိခဲ့သည်။ ခရစ်နှစ် ၁၈၈၇ ခုနှစ်တွင် စံကားကို စော်ဘွား စဝ်စိန်ဖူးက အုပ်ချုပ်ခဲ့ကာ စံကားမြို့၏ နောက်ဆုံး စော်ဘွားသည် စောဝ်ခွန်ကြည်ဖြစ်သည်။

အင်းလေးကန်သည် တောင်ဘက်တွင် ဘီလူးချောင်းအတွင်းသို့ စီးဝင်နေပြီး စံကားမြို့ကို အင်းလေးကန်မှ တောင်ဘက် မိုင် ၄၀ အကွာ ဘီလူးချောင်း၏ အနောက်ဘက်ကမ်းတွင် တည်ထောင်ခဲ့သည်။ လောပိတရေအား လျှပ်စစ်စီမံကိန်းဆောင်ရွက်ရန် စံကားရွာ၏ တောင်ဘက်ရှိ ဖယ်ခုံမြို့၊ မိုးဗြဲကျေးရွာအနီးတွင် မိုးဗြဲ ရေလှောင်ကန်ကို တည်ဆောက်ခဲ့သဖြင့် စံကားရွာအနီးတစ်ဝိုက်၌ ဘီလူးချောင်းရေမျက်နှာပြင်မြင့်တက်လာရာမှ စံကားအင်း ပေါ်ပေါက်ခဲ့သည်။

ထိုအချိန်တွင် စံကားရွာတွင်နေထိုင်ခဲ့ကြသူများသည် အနောက်ဘက်ရှိ တာခေါင်ဘုရားရှိရာ ကုန်းမြင့်နေရာသို့ ပြောင်းရွှေ့ ခဲ့ကြရသည်။ ထို့ကြောင့် စံကားရွာသည် စံကားအင်းခြားလျက် အရှေ့ဘက်ခြမ်းနှင့်အနောက်ဘက်ခြမ်းဟူ၍ နှစ်ပိုင်းဖြစ်သွားခဲ့သည်။

## စံကားအင်းနှင့် စေတီဟောင်းများ

၂၀၁၇ ခုနှစ် မေလတွင် ထုတ်ပြန်ခဲ့သည့် ပြည်သူ့အင်အားဦးစီးဌာန၏ ထုတ်ပြန်ချက်အရ စံကားကျေးရွာ၌ အိမ်ထောင်စု ၈၄၀ နှင့် လူဦးရေ ၃၉၂၇ ဦး နေထိုင်လျက်ရှိသည်။ စံကားအင်း၏ အရှေ့ဘက်ခြမ်းရှိ စံကားရွာမတွင် စည်ပင်သာယာဈေး၊ အစိုးရ အထက်တန်းကျောင်း၊ ရဲစခန်း နှင့် ၁၆ ခုတင်ဆံ့စံကားတိုက်နယ်ဆေးရုံ တို့ကို ဖွင့်လှစ်ထားသည်။

စံကားရွာမအလယ်၌ နံ့ရွှေဂူဘုရား၊ အင်းစပ်၌ ရေမြုပ်လုနီးဖြစ်နေသည့် နှစ်ကျိပ်ရှစ်ဆူ ဘုရားစု၊ မြို့မဘုန်းကြီးကျောင်းဝင်း၌ ရှေးဟောင်းစေတီနှင့် ရှေးဟောင်းသိမ်တို့ကို မြင်တွေ့နိုင်ကြသည်။ ထို့အတူ အင်းအနောက်ဘက်စံကားတွင် သာခေါင် မွေတော် ဘုရားစု တည်ရှိသည်။

ရှေးအခါက စံကားမြို့ဟောင်းတွင် ကျိုင်းတောင်းကျောင်း၊ ဘီလူးနှစ်ကောင်ကျောင်း၊ ကျောင်းလျှန်ကျောင်း ( ခေါ် ) ကျောင်းနီ၊ လေးမျက်နှာကျောင်း၊ တောရကျောင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားကျောင်း၊ တွဲ့ဟုန်းကျောင်း၊ အရှေ့ကျောင်းနှင့် ကျောင်းသစ်ကျောင်းဟူသည့် ဘုန်းကြီးကျောင်း ကိုးကျောင်းရှိခဲ့သည်။ ကျောင်းသစ်ကျောင်းသည် ယခုအချိန်တိုင် စံကားမြို့ဟောင်း၌ မြို့မကျောင်းအမည်ဖြင့် ကျန်ရှိနေသည်။

မြို့မကျောင်းအနီးဝန်းကျင်၌ ဘုရားဆင်းတုတော်ဟောင်းများနှင့် ဆင်းတုတော်များကို ထားရှိခဲ့သည့် အုတ်ပလ္လင်ကြီးများ ကျန်ရှိနေကာ ယခင်က တည်ရှိခဲ့သည့် သစ်သားအဆောက်အအုံများမှာမူ ပျက်စီးခဲ့ပြီဖြစ်သည်။ ယခင်က ရှိခဲ့သည်ဟုဆိုသည့် ဘုန်းကြီးကျောင်း ကိုးကျောင်းသည် ယခုအခါ မြို့မကျောင်းဟု ထင်ရှားသည့် ကျောင်းသစ်ကျောင်း အနီးတစ်ဝိုက်၌ ရှိခဲ့ဟန်ဖြစ်၍ အလွန်ကြီးမားသော ကျောင်းတိုက်များ မဟုတ်နိုင်ခဲ့ချေ။

ဘီလူးနှစ်ကောင်ကျောင်းနှင့် လေးမျက်နှာကျောင်းတို့မှ ဆင်းတုတော်များကို သစ်သားကျောင်းဆောင်တစ်ခုတွင် ထိန်းသိမ်းထားသည်။ အုတ်ပလ္လင်၏ အရှေ့နှင့်အနောက်တွင် ဆင်းတုတော် နှစ်ဆူစီနှင့် တောင်ဘက်နှင့် မြောက်ဘက်တွင် ဆင်းတုတော် တစ်ဆူစီကို ထားရှိပြီး ထောင့်လေးခု၌ လက်အုပ်ချီထားသည့် သာဝကရုပ်တု တစ်ပါးစီကို ထားရှိသည်။

ကျောင်းလျှန်ကျောင်း (ခေါ်) ကျောင်းနီကျောင်းမှကျန်ရှိသည့် အုတ်ခုံတွင် ဆင်းတုတော်ကြီးသုံးဆူကို နှစ်ဆင့်လည်ပေါ် ပြာသာဒ်အဆောက်အအုံဖြင့် ထိန်းသိမ်းခဲ့သည်။နှစ်ကျိပ်ရှစ်ဆူ ဘုရားများသည် စံကားအင်းစပ်၌ တည်ရှိ၍ တစ်ချိန်က ကုန်းပေါ်၌ တည်ရှိခဲ့မည်ဖြစ်သော်လည်း ယခုအချိန်တွင် စေတီတော်များ၏ အောက်ခံ ခုံလုံးများသည် ရေမြုပ်နေကြပြီဖြစ်သည်။ စံကားမြို့ဟောင်း၏အနိမ့်ပိုင်းတွင် တည်ထားခဲ့သည့် စေတီများကို စံကားအင်းရေပြင်အလယ်၌ တွေ့ရှိကြရသည်။

## နတ်တာရိုး နှင့် နံ့ရွှေဂူ

စံကားရွာမှ အင်းထဲသို့ ထိုးထွက်နေပြီး ရေတစ်ဝက်မြုပ်နေသော မိုင်ဝက်ဝန်းကျင်ရှည်လျားကာ သဘာဝ ကျောက်တန်းကြီးတစ်ခုဟု ထင်မှတ်ရသည့် တာရိုးကို ဒေသခံများ နတ်တာရိုးဟု ခေါ်ကြသည်။ ယင်းတာရိုးကို ဖိုးခင်နှင့် ဖိုးတင် အမည်ရှိ နတ် ညီနောင် နှစ်ပါးက ပြုလုပ်ခဲ့သည်ဟု ယုံကြည်ကြသော်လည်း လူသားများပြုလုပ်ခဲ့သည့် တမံ ဘောင်တစ်ခုသာ ဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

**"မြန်မာနိုင်ငံ အရပ်ရပ်ရှိ မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးခဲ့သည့် သစ်တောမင်းကြီး ဦးအောင်မြင့်က မိုင်းသောက်မြို့ဟောင်းနေရာကို ကောင်းကင်မှ ဓာတ်ပုံရိုက်ကူးခဲ့သည်။ မိုင်းသောက်မြို့ဟောင်းကို ကောင်းကင်ဓာတ်ပုံတွင် စတင်မြင်တွေ့ခဲ့စဉ်က ဘုရားပရိဝုဏ် တစ်ခုဟု ထင်မှတ်ခဲ့သော်လည်း လေးထောင့် စတုရန်းပုံပေါ်နေသည့် မြို့ဟောင်းအတွင်း၌ ဘုရား၊ ပုထိုး၊ စေတီ အပြိုအပျက်များမရှိသဖြင့် ဘုရားစေတီတစ်ခုခု၏ ပရိဝုဏ် မဟုတ်နိုင်ကြောင်း ကောက်ချက်ချခဲ့သည်။ ထို့အတူ ခန့်မှန်း ဧရိယာ ငါးဧကနီးပါး ကျယ်ဝန်းသဖြင့် ဘုရားပရိဝုဏ်မဖြစ်နိုင်ဟု ယူဆနိုင်ခဲ့ကြောင်း"**

# မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း၌ ကိုယ်အပူချိန်တိုင်းစက်ကိရိယာဖြင့်အဖျားတိုင်းစစ်ဆေးခြင်းစတင်

**မန္တလေး မတ် ၉**

မန္တလေးမြို့မဟာအောင်မြေမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း၌ COVID-19 နှင့် ပတ်သက်၍ ကိုယ်အပူချိန်တိုင်း စက်ကိရိယာဖြင့် အဖျားတိုင်းတာစစ်ဆေးခြင်းကို မတ် ၉ ရက်တွင် စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ကျောက်ဝိုင်းအပေါက်တွေမှာ ကိုယ်အပူချိန်တိုင်းကိရိယာနဲ့တိုင်းတာစစ်ဆေးတာတွေကိုဆောင်ရွက်တော့မှာပါ၊ Mask တွေလည်းပေးဝေသွားမှာ၊ ကျန်းမာရေးကဝန်ထမ်းတွေနဲ့ပူးပေါင်း လုပ်သွားမှာပါ၊ ကျောက်ဝိုင်းမှာ တောင်၊ မြောက်၊ အရှေ့၊ အနောက်က အဝင်အပေါက်တွေမှာ ကျန်းမာရေးဝန်ထမ်းက စက်ကိရိယာလေးနဲ့တိုင်းမယ်၊ သူတို့နဲ့ ပူးပေါင်းပြီး နေ့စဉ်တိုင်းတဲ့နည်းပညာကို သင်ပေးမှာ၊ နောက်ပိုင်း အကျိုးတော်ဆောင်အဖွဲ့က သူတွေနဲ့ တစ်လှည့်စီ လုပ်သွားမှာပါ၊ ထူးခြားချက်ရှိလာခဲ့မယ် စောင့်ကြည့်လူနာ သံသယလူနာ တွေ့ရှိခဲ့မယ်ဆိုရင် ကျန်းမာ ရေးဌာနနဲ့ပူးပေါင်းလုပ်သွားမှာ၊ အစိုးရနဲ့ တိုင်ပင်ပြီး ကျောက်ဝိုင်း ပိတ်သင့်ပိတ်ထိုက်တာမျိုးတွေကို လုပ်သင့် လုပ်ရမှာပါ၊ အဲဒီအဆင့်ထိရောက်မယ်လို့ မထင်ပါဘူး"ဟု မဟာ အောင်မြေကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်းက ပြောသည်။

အဆိုပါစခန်းတွင် COVID-19 နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နည်းအသိပညာပေးအနေဖြင့် နေ့စဉ် မနက်ပိုင်းနှင့်နေ့လယ်ပိုင်းတို့တွင် ကျန်းမာရေးအသိပညာပေးအသံအားထုတ်လွှင့်ခြင်း၊ အသိပညာပေး ဟောပြောခြင်းများမကြာခဏပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျောက်သမားတစ်ဦးက ကျောက်ဝိုင်းသူ ဝိုင်းသားတွေအတွက် ကျန်းမာရေးစစ်ဆေးမှုမှာ လိုအပ်မယ့်ကိုယ်အပူချိန်တိုင်းစက်ကိရိယာတွေနဲ့ Mask တွေ၊ လက်ဆေးရည်ဘူးတွေ လှူဒါန်းခဲ့တယ်၊ ကျန်းမာရေး အသိပညာပေးအသံလွှင့်တာတွေ၊ ကိုယ်အပူချိန်တိုင်းတာတွေ၊ Mask ဝေတာတွေလုပ်ခြင်းဖြင့် အတိုင်းအတာတစ်ခုထိရောက်မယ်ထင်ပါတယ်၊ ကျောက်ဝိုင်းအတွင်း ဝင်၊ ထွက်သွားလာနေတဲ့ ကျောက်သမားတွေတစ်ဦးချင်းစီက အစ ကျန်းမာရေးအသိသတိရှိဖို့နှိုးဆော်ထားတယ်"ဟု ဆက်လက်ပြောသည်။

အဆိုပါ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်စခန်းမှာ မြန်မာပြည်ကိုယ်စားပြု ပြည်တွင်းကျောက်မျက်ဈေးကွက်ကြီးတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပမှရောင်းဝယ်လုပ်ကိုင်နေကြသူများဖြင့် စည်ကားလျက်ရှိရာ နေ့စဉ်အဝင်အထွက် တစ်သိန်းအထက်တွင်ရှိသည်။ **ထိပ်ထားနိုင်**



မန္တလေးမြို့ မဟာအောင်မြေ မြို့နယ်ရှိ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း

## ကျေးရွာများ နွေရာသီ ရေရှားပါးပြတ်လပ်ပါက တောင်းခံနိုင်

**မင်းလှ မတ် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ပေါ်ပေါက်လာပါက မင်းလှမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်းနံပါတ် ၀၆၅-၄၅၆၂၄၊ ၀၉-၂၅၆၆၄၂၀၄၂ သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကူအညီ တောင်းခံနိုင်ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

မင်းလှမြို့နယ်တွင် ကျေးရွာပေါင်း ၁၅၃ရွာ၊ အိမ်ခြေ ၂၇၄၃၇၊ လူဦးရေ ၁၁၂၆၂၉ ဦးတို့ နေထိုင်လျက်ရှိရာ ကျေးလက်နေပြည်သူများ အနေဖြင့် မိမိတို့ကျေးရွာများအတွင်းရှိ ရေအရင်းအမြစ်များ နွေရာသီကာလတွင် ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းမိပါကလည်း ကြိုတင်အကြောင်းကြား နိုင်ကြောင်း သိရသည်။

ယခုနွေရာသီကာလသို့ ကူးပြောင်းရောက်ရှိ လာပြီဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ မည်သည့်ကျေးရွာမဆို သောက်သုံးရေရှားပါး ပြတ်လပ်မှုဖြစ်ပေါ်ပါက မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း မင်းလှ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နန္ဒာအိ ကပြောသည်။

"ကျွန်မတို့ဦးစီးဌာနအနေနဲ့ လက်ရှိအချိန်မှာ ကျေးရွာတွေရဲ့ရေအရင်းအမြစ်စစ်တမ်းတွေ၊ သောက်သုံးရေသုံးစွဲမှုအခြေအနေတွေကို ကွင်းဆင်းကောက်ယူနေပါတယ်၊ ယခုနှစ် နွေရာသီမှာတော့ သက္ကယ်ကျင်း ကျေးရွာမှာ သောက်သုံးရေရှားပါးနိုင်တယ်လို့ ခန့်မှန်းထားပြီး အဆိုပါကျေးရွာကို သောက်သုံးရေရရှိဖို့ လတ်တလောနဲ့ရေရှည်ဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်တွေကိုလည်းဆောင်ရွက်ထားပြီးဖြစ်တယ်"ဟု မြို့နယ်ဦးစီးမှူးက ပြောပြသည်။

မင်းလှမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် လည်း နွေရာသီကာလ သောက်သုံးရေဖူလုံ စွာရရှိစေရေးအတွက် ကျေးရွာ ၁၁ရွာမှာ မြေသားရေကန် ကိုးကန်တူးဖော်ခြင်း၊ အိမ်တိုင်ရာရောက် သောက်သုံးရေရရှိရေး လုပ်ငန်းနှစ်ခုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၃၉ သန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **ငြိမ်းသူ(စလင်း)**

## ကလေး၊ တမူး၊ ကသာ၊ အင်းတော်၊ ထီးချိုင့် မြို့နယ်များတွင် ကုန်ထုတ်လမ်း ၁၆ လမ်းနှင့် ရေကျော်တံတား ၅၂ စင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မုံရွာ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေး၊ တမူး၊ ကသာ၊ အင်းတော်၊ ထီးချိုင့် မြို့နယ်များတွင် ကုန်ထုတ်လမ်း၊ မြေသားလမ်း၊ ဂျင်းလမ်း၊ ရေကျော်တံတားများ တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၁၀၁၄ ဒသမ ၇ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

ထို့နောက် ကလေးမြို့နယ်တွင် ကုန်ထုတ်လမ်းလေးလမ်းနှင့် ရေကျော်တံတားကိုးစင်း ကို ငွေကျပ် ၂၅၆ ဒသမ ၁ သန်းဖြင့် လည်းကောင်း၊ တမူးမြို့နယ်တွင် ကုန်ထုတ်လမ်း သုံးလမ်းနှင့် ရေကျော်တံတား ၂၅ စင်းကို ငွေကျပ် ၁၀၁ ဒသမ ၄ သန်းဖြင့် လည်းကောင်း၊ ကသာမြို့နယ်တွင် ကုန်ထုတ်လမ်း နှစ်လမ်းနှင့် ရေကျော်တံတားသုံးစင်းကို ငွေကျပ် ၁၉၂ ဒသမ ၃ သန်းဖြင့်လည်းကောင်း၊ အင်းတော်မြို့နယ်တွင် ကုန်ထုတ်လမ်း ငါးလမ်းနှင့် ရေကျော်တံတား ၁၂ စင်းကို ငွေကျပ် ၃၀၈ ဒသမ ၇ သန်းဖြင့် လည်းကောင်း၊ ထီးချိုင့်မြို့နယ်တွင် ကုန် ထုတ်လမ်း နှစ်လမ်းနှင့် ရေကျော်တံတား သုံးစင်း ကို ငွေကျပ် ၁၅၆ ဒသမ ၂ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာကုန်ထုတ်လမ်း တစ်လမ်းကို တွေ့ရစဉ်။

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထွက်ကုန်၊ ထုတ်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့် လမ်းများ ဖြစ်ပေါ်လာစေရေးအတွက် မြို့နယ်ငါးမြို့နယ်တွင် ကုန်ထုတ်လမ်း၊ မြေသားလမ်း၊ ဂျင်းလမ်း စုစုပေါင်း ၁၆ လမ်း၊ လမ်းရှည်ပေ ၁၅၁၃၈၄ ဒသမ ၂ ပေ ၊ မိုင်အားဖြင့် (၂၆ မိုင် ၂၀ ဒသမ ၃၇ ဖာလုံ) နှင့် ရေကျော်တံတား ၅၂ စင်းကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။ **မွေးကြူဇင်**

*စာမျက်နှာ ၂၂ မှ*

ရှမ်းတောင်တန်းဒေသမှ ဂဝံနှင့်ဆင်သည့်မြေများဖြင့် ဖို့ထားခဲ့သည့် တာရိုးသည် နှစ်ကာလရှည်ကြာလာချိန်တွင် ကျောက်တန်းတစ်ခုသဖွယ် ဖြစ်လာခဲ့သည်။

ရှမ်းစော်ဘွားစဝ်ပြားသည် စံကားကို တည်ထောင်ခဲ့ချိန်က မြို့နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေတာရိုးများဖို့လျက် အရှေ့ဘက်ရှိ နန်းဟူးနှင့် လင်လန် ရေထွက်ဒေသများမှ ရေကို စံကားသို့ သွယ်ယူခဲ့သည်။ ယခုအချိန်တွင် တာရိုး၏ အချို့နေရာများသည် ပြိုပျက်နေပြီဖြစ်သည်။

စံကားနယ် နံ့ရွှေဂူ ဘုရားစုသည် စံကားတိုက်နယ် ဆေးရုံ၏ မျက်နှာချင်းဆိုင်ရှိ ကွင်းပြင်၏ တောင်ဘက်၌ရှိသည်။ စေတီ အများစုသည် ရှမ်းပြည်နယ်တွင် တွေ့ရှိရသည့် စေတီတော်များကဲ့သို့ပင် လုံးပတ်တော် သွယ်လျ၍ ဖောင်းရစ်များစွာပါရှိသည်။ စေတီအချို့ကို ပြုပြင်ထားပြီး အချို့မှာ မူလလက်ရာ အတိုင်းရှိ နေကြသည်။

နံ့ရွှေဂူဘုရားစုအတွင်းမှ မူလစေတီတော်ကြီးကို ရှမ်းစော်ဘွားစဝ်ပြားက တည်ထားပြီး တရုတ်စံကားသားဖြင့် ထုလုပ်ထား သည့် ဗုဒ္ဓဆင်းတုတော်ကို ယင်းစေတီတော်၌ ဌာပနာခဲ့သဖြင့် စံကားရွှေဂူဘုရားဟု ဘွဲ့မည်တွင်ခဲ့သည်။ စေတီတော်၏ လိုဏ်အတွင်းပိုင်းကို ဗုဒ္ဓဝင် နိပါတ်တော်လာ ဇာတ်ကွက်များ ထုလုပ်ထားသည့် အင်္ဂတေ ရုပ်တုများဖြင့် တန်ဆာဆင်ခဲ့သည်။ စေတီတော်ကြီးလိုဏ်တွင် မင်းဝတ်ဘုရားနှစ်ဆူ၊ထိုင်တော်မူဆင်းတုများနှင့် သိကြားရုပ်၊ ဆင်ရုပ်၊ မာရ်နတ်ရုပ်များ ရှိ၍ ယခုအချိန်တွင် ယင်းတို့ကို ရွှေဆေးများ သုတ်ထားသဖြင့် ရှေးဟောင်းရုပ်တုများနှင့် မတူညီတော့ချေ။

### တာခေါင်မွေတော်

စံကားမြို့ဟောင်းတွင် အထင်ရှားဆုံးဖြစ်သည့် တာခေါင်မွေတော် ဘုရားနေရာ၌ စေတီနှင့် ဆင်းတုတော်များစုဝေး တည်ရှိနေပြီး စံကားအင်း၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ယင်းနေရာသို့ အရှေ့ဘက် စံကားရွာမဘက်ကမ်းမှ အနောက် ဘက်ကမ်းသို့ အင်းကို ဖြတ်ကာ စက်လှေဖြင့် ၁၅ မိနစ် ဝန်းကျင်သွားကြရသည်။ တာခေါင်မွေတော်ဘုရားစုတွင် စေတီ ၂၃၆ ဆူရှိကာ များစွာသော ရုပ်လုံးရုပ်ကြွများကို လေ့လာနိုင်ကြသည်။

ကုန်းမြင့်ပေါ်၌ တည်ရှိသည့် တာခေါင်မွေတော်ဘုရားစုတွင် အရွယ် မျိုးစုံစေတီများရှိကာ စံကားအင်းထဲမှ လှေဖြင့် ဖြတ်သန်းလာစဉ်မှာပင် မြင်တွေ့ကြရပေသည်။ဘုရားမှ လှေဆိပ်အထိ သွယ်တန်းထားသည့် စောင်းတန်းများအတိုင်း စေတီတော် ရင်ပြင်သို့ သွားရောက်ကြရသည်။ ရင်ပြင်တော်တန်ဆောင်းအတွင်း၌ လုံးတော်ပြည့်ရွှေချထားသော ဆင်းတုတော်ကြီးရှိကာမွမ်းမံပြင်ဆင်မှုများကြောင့် မူလလက်ရာများ ပျောက်ကွယ်နေပြီဖြစ်သည်။

တာခေါင်မွေတော်ဘုရားကို ၁၅ ရာစု အလယ်က တည်ထားခဲ့ကာ ဘုရားရင်ပြင် မြောက်ဘက်၌ မှတ်တမ်းစာ နှစ်ကြောင်း ရေးထိုးထားသည့် ခေါင်းလောင်းတွင် မြန်မာဘာသာဖြင့် "သက္ကရာဇ် ၁၁၅၈ ခု တပေါင်လဆန်း ၂ ရက် သွန်းသည်"ဟု ပါရှိသည်။ ခေါင်းလောင်းစာပါ သက္ကရာဇ်အရ ကုန်းဘောင်ခေတ်၊ ဗဒုံမင်းနန်းစံချိန်တွင် သွန်းလုပ်လှူဒါန်းခဲ့သည့် ခေါင်းလောင်းဖြစ်ပြီး တောင်ဘက်မှ ခေါင်းလောင်းတွင်မူ "ကျေးအချိန်ပေါင်း ၆၄၀ ရှိပါသည်"ဟု ရေးထိုးထားသည့် စာကြောင်းကို ဖတ်ရှုနိုင်ကြပေသည်။

မြန်မာနိုင်ငံနေရာဒေသ အသီးသီးတွင် ရှိနေကြသည့် ရှေးမြို့ဟောင်းများသည် တစ်ခုနှင့် တစ်ခု မတူညီကြဘဲ မိမိတို့ သွင်ပြင် လက္ခဏာကိုယ်စီရှိကြသည်။ မြို့ဟောင်းများသည် တစ်ချိန်က လူများအခြေချနေထိုင်ခဲ့သည့် နေရာများဖြစ်သဖြင့်ယင်းနေရာများတွင် သမိုင်းနှင့် ယဉ်ကျေးမှု ရုပ်ဝတ္ထု အမွေအနှစ်များ ကြွင်းကျန်ရှိနေကြမြဲဖြစ်ပေသည်။ ထို့ကြောင့် ရှေးမြို့ဟောင်းများသည် သုတေသီများအတွက် အထူးစိတ်ဝင်စားဖွယ် နေရာများဖြစ်ကြကာ လူမျိုးနှင့်ဒေသဆိုင်ရာ သမိုင်းအထောက်အထားများ များစွာ ကျန်ရှိ နေသည့် ယဉ်ကျေးမှု ရတနာသိုက်များဖြစ်ကြပေသည်။ ။

## ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာကျင်းပ

**သီပေါ မတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါ မြို့နယ် ပေါ်ကြိုကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပြီးမြောက်ခြင်း အောင်ပွဲမင်္ဂလာ အခမ်းအနားကို တပေါင်းလပြည့်နေ့က ဘုရားကြီး အရှေ့မုခ်၌ ကျင်းပသည်။

ရှမ်းပလောင် တိုင်းရင်းသားများသည် ပေါ်ကြိုဘုရားကြီးကို ဖူးမြော်နိုင်ရန် အဖိတ်နေ့တွင် တောင်ပေါ်ဒေသအသီးသီးမှ ထွက်ခွာကြပြီး လပြည့်နေ့တွင် ဘုရားကြီးသို့ အရောက်လှမ်းကြရသည်။

ပေါ်ကြို ဘုရားကြီး မုခ်လေးမုခ်မှ ဗုဒ္ဓဆင်းတုတော်များအား ရွှေသက်န်း ကပ်လှူကြပြီး တပေါင်းလပြည့်နေ့ နံနက် ၄ နာရီမှ စတင်ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကို သဒ္ဓါကြည်ညိုစိတ်အား ထက်သန်စွာဖြင့် ကပ်လှူပူဇော်ကြသည်။



ယခုနှစ်တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ COVID-19 ရောဂါနှင့် ပတ်သက်၍ လူစုလူဝေးများပြားရာ နေရာများနှင့် ပွဲလမ်းသဘင်ရှိရာ နေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြရန်၊ မဖြစ်မနေ ကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကို သာ ပြုလုပ်ကြရန် စသည့် ညွှန်ကြားချက်များကြောင့် ပွဲလမ်းသဘင် ထည့်သွင်းခြင်းကို ပြုလုပ်ခြင်း မရှိကြောင်း ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌဦးဆန်စိုင်းသာညွန့်က ပြောသည်။

**စိုင်း(သီပေါ)**

## ငဖဲမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ လယ်ယာစိုက်ပျိုးဧက ၁၂၀၀ ကျော်အား အကျိုးပြုမည့် ကုန်ထုတ်လမ်းများဖောက်လုပ်

**ငဖဲ မတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ ကျေးရွာသုံးရွာမှ ကျေးလက်နေပြည်သူများ လယ်ယာထွက်ကုန်သီးနှံများကို အချိန်ကုန်ငွေကြေးကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့ ရာသီမရွေး အချိန်မီ တင်ပို့ရောင်းချရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ရာတွင် သာစည်ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၆၉၅၀၊ အကျယ် ၁၂ ပေ၊ ထုတစ်ပေ ကိုးလက်မ ချောင်းသဲကျောက်တင်ပြီး မြေနီကျောက်စရစ်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ် ရေပြွန်ခြောက်စင်း တည်ဆောက်ခြင်းကိုလည်းကောင်း၊ ပေါက်ရင်းကုန်းကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၆၀၀၀၊ အကျယ် ၁၂ ပေ၊ ထုကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ် ရေပြွန်လေးစင်း တည်ဆောက်ခြင်းကိုလည်းကောင်း၊ ပေါင်းကလေးကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၃၉၀၀၊ အကျယ် ၁၂ ပေ၊ ထုတစ်ပေကိုးလက်မ ချောင်းသဲကျောက်တင်ပြီး မြေနီကျောက်စရစ်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ် ရေပြွန်သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက လယ်ယာစိုက်ပျိုးဧက ၁၂၀၀ ကျော်အား အကျိုးပြုသွားမည် ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းမောင်က ပြောသည်။

**သူရိန်(မင်းဘူး)**

## ဘုတလင်မြို့နယ်တွင် မီးသတ်ကားများ ရေအဆင်သင့်ရယူနိုင်ရန်ဆောင်ရွက်

**ဘုတလင် မတ် ၉**

ပူပြင်းခြောက်သွေ့သော နွေရာသီကိုရောက်ရှိလာပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် မီးဘေးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာခဲ့ပါက မီးသတ်ကားများ ရေအဆင်သင့်ရယူနိုင်ရန် ရေစက်ရုံများတွင် ရေကန်များနှင့် မီးသတ်ရေပိုက်ခေါင်းများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **(ယာပုံ)**

"ဘုတလင်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် ရေစက်ရုံခြောက်ရုံမှာ ရေစင်တွေနဲ့ ရေကန်ရှစ်ကန်ရှိပါတယ်။ ရေကန်အားလုံးမှာ ရေဂါလန်ပေါင်း ၃၄၅၀၀ ရှိပါတယ်။ ရေစက်ရုံတွေနားက ရေကန်တွေကနေ မြို့တွင်းကို သောက်သုံးရေဖြန့်ဝေပေးသလို မီးသတ်ကားတွေ ရေအဆင်သင့်ရယူနိုင်အောင် ရေပိုက်ခေါင်းတွေလည်း ထားရှိထားပါတယ်။ မီးလောင်မှုကြုံတွေ့လာတဲ့အခါ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ခဲ့ရင်လည်း မီးစက်တွေနဲ့ ရေရယူနိုင်အောင် ကြိုတင်ပြင်ဆင်ထားရှိပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်စိုးက ပြောသည်။



ရေစက်ရုံများသို့ မီးသတ်ကားများ အလွယ်အတကူ ဝင်ရောက်ပြီး ရေရယူနိုင်ရေးနှင့် မြို့မဈေးရှိ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ ထားရှိမှု၊ လျှပ်စစ်သွယ်တန်း ထားရှိမှုတို့ကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လက်တွေ့ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ပြည်သူ့စကားဝိုင်းကျင်းပ

**ဖရူဆို**

ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒေါတကလဲကျေးရွာ ပန်းချယ်ရီခန်းမဆောင်၌ မတ် ၈ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဖရူဆိုမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်လင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဒေးဖဲ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စိုးမမတို့က ဆွေးနွေးကာ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**တောင်ကုတ်**

သံတွဲခရိုင် တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ကျေးလက်ဒေသပြည်သူ့စကားဝိုင်းကို မတ် ၈ ရက်က သလိန်ပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူတို့က အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်း ကျင်းပရခြင်းကိုလည်းကောင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ချေးငွေရန်ပုံငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးက COVID-19 အကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းများအား ဆွေးနွေးပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးရန် အဓိကလိုအပ်ချက်များကို မေးမြန်းပြီး ပြည်သူများက ကျေးရွာအတွင်း အဓိကလိုအပ်လျက်ရှိသော လမ်းတံတားလိုအပ်ချက်များအား တင်ပြခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖားကန့်၌ နွေရာသီကျောင်းပိတ်ချိန် သင်တန်းများဆက်တိုက် ဖွင့်လှစ်ပေးမည်

**ဖားကန့် မတ် ၉**

ကချင်ပြည်နယ် ဖားကန့်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီကျောင်းပိတ်ချိန်တွင် ကျောင်းသားကျောင်းသူများက မိမိနှစ်သက်ရာ လေ့လာသင်ယူနိုင်ရန်အတွက် အခမဲ့ ရက်တိုအချိန်ပိုင်းသင်တန်းများ ဆက်တိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းများမှာ စကားပြောစွမ်းရည်မြှင့်သင်တန်း၊ ပန်းချီရေးဆွဲနည်းသင်တန်း၊ အခြေခံအင်္ဂလိပ်သဒ္ဒါသင်တန်း၊ မြန်မာစာ အရေး အသားပြေပြစ်ချောမွေ့စွာ ရေးသားနည်း သင်တန်းများအပြင် အခြေခံသတင်း ရေးသားနည်းသင်တန်းတို့ ပါဝင်သည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်ကိုကိုဦးက ''ကျောင်းသား ကျောင်းသူတွေ နွေရာသီကျောင်းပိတ်ချိန် လေ့လာသင်ယူနိုင်ဖို့ပါ၊ မူးယစ်ဆေးဝါးပေါများတဲ့ဒေသမှာ လူငယ်လူရွယ်တွေ အလဟဿအချိန်ကုန်စိတ်ပျံ့လွင့်ပြီး လမ်းမှားမရောက်စေဖို့လည်း ရည်ရွယ်ပါတယ်'' ဟု ပြောသည်။

စကားပြောစွမ်းရည်မြှင့်သင်တန်းအား ပို့ချပေးမည့် I.E.L.T မှ ဆရာဦးအောင်ငွေစိုးက ''ကလေးတွေ စကားပြောစွမ်းရည်တိုးတက်လာစေဖို့၊ စဉ်းစားတွေးခေါ်မှုမြှင့်တက်လာစေဖို့၊ အချက်အလက်တွေမှိုငြမ်းကိုးကားတတ်လာဖို့၊ အနည်းဆုံးစာဖတ်ရှိန်မြင့်တက်လာစေဖို့ လေ့ကျင့်ပေးသွားမှာပါ'' ဟု ပြောသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နွေရာသီကာလ ပထမဆုံးဖွင့်လှစ်မည့် Debate စကားပြော စွမ်းရည်မြှင့်သင်တန်းအား အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၀ ဖြင့် မတ် ၁၇ ရက်မှ ၂၀ ရက် နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများအနေဖြင့် မြို့နယ်ပညာရေးမှူးရုံးတွင်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင်လည်းကောင်း မတ် ၁၀ ရက်မှစတင်ကာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# မြတ်နိုးတန်ဖိုးထားစရာ မြန်မာ့မှန်စီရွှေချအနုပညာ

**မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)**

ရှေးယခင်အခါက မြန်မာလူမျိုးတို့၏ ပန်းဆယ်မျိုး အတတ်ပညာရပ်ထဲတွင် မှန်စီရွှေချ အတတ်ပညာသည်လည်း တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ ဤအတတ်သည် အနုစိတ်လက်မှု အနုပညာဖြစ်သည့်အလျောက် တတ်မြောက်သူများလည်း ရှားပါးသည်။ မှန်စီရွှေချပညာရပ်သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဘုရားကျောင်းကန်များ၏ မျက်နှာကြက်များ၊ မုခ်ဦးတန်ဆောင်းများ၊ မင်းခမ်းမင်းနားအသုံးအဆောင်များ၊ ပလ္လင်နောက်ခံ ဒီဇိုင်းဆင်ယင်မှုများမှာ ကြွကြွလှလှနေရာယူခဲ့သည့် မြန်မာမှုအနုလက်ရာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများ၏ တန်ဆောင်းပြာသာဒ်များ၊ ဘုရားပလ္လင်တော်နှင့် ဂန္ဓကုဋိတိုက် နံရံများတွင်လည်းကောင်း အရောင်အမျိုးမျိုးရှိသည့် ဖန်စမှန်စတို့ဖြင့် စီခြယ်ထားသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ဤသို့ မှန်ကျောက်တို့ဖြင့် စီမံခြယ်လှယ်ခြင်းကို ရှေးမြန်မာဘုရင်များ၏ နန်းတော်များနှင့် ဘုရား၊ ကျောင်းစသော သာသနိကအဆောက်အအုံများ၌ အထူးပြုလုပ်ခဲ့ကြသည်။

**မှန်ကြမ်းစီရွှေချလက်ရာ**

ဤမှန်ကျောက်စီပညာသည် ယခုခေတ်မှသာ ပေါ်ပေါက်လာသည်မဟုတ်ဘဲ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ပေါ်ပေါက်ခေတ်စားခဲ့သည်။ မှန်စီရွှေချပညာရပ်သည် ၁၆ ရာစု ဝန်းကျင် ညောင်ရမ်းခေတ်၊ အမရပူရခေတ်၊ အင်းဝခေတ်ကာလမှ စတင်ခဲ့ခြင်းဖြစ်ပြီး မှန် ကြမ်းစီရွှေချနှင့် မှန်နုစီရွှေချဆိုပြီး နှစ်မျိုးနှစ်စား ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ မှန်ကြမ်းစီရွှေချ ဆိုသည်မှာ အရွယ်အစား တစ်လက်မထက်ပိုကြီးသော မှန်များကို ခပ်ကြီးကြီးဖြတ်ပြီး အနုမစိတ်ဘဲ ခပ်ကြမ်းကြမ်းစီထားသော လက်ရာများကို ခေါ်ခြင်းဖြစ်သည်။ ဘုရားစောင်းတန်းများ၊ မုခ်ဦးများမှာ တွေ့ရလေ့ရှိသော အရောင်တဖျပ်ဖျပ် မှန်စီရွှေချလက်ရာများသည် မှန်ကြမ်းစီရွှေချလက်ရာများပင် ဖြစ်သည်။

မှန်အကြည်ကိုသုံးခြင်းမဟုတ်ဘဲ အနောက်ဘက်တွင် ပြဒါးသုတ်ထားသော ကြည့်မှန်ကဲ့သို့ မှန်မျိုးနှင့် ရွှံလုံးများကို လိုအပ်သလို အသေးစိတ်ဖြတ်ကပ်ကာ သရိုးပန်းခင်း ရုပ်ကြွများနှင့် ပံ့ပိုးထားသော အင်မတန်မှအနုစိတ်သော ပညာရပ်တစ်ခုဖြစ်သည်ဟု မြန်မာမှုဗိသုကာပညာရှင်ဖြစ်သော ဦးဝင်းမောင် (တမ္ပဝတီ)မှ ပြောခဲ့သည်ဟု သိရှိရပါသည်။ မြန်မာမှုအနုလက်ရာ မှန်စီ ရွှေချ ပညာရပ်သည် ၁၆ ရာစုအစောပိုင်းတွင် ပေါ်ပေါက်ခဲ့သော်လည်း လက်ရာအများစုမှာ ပျောက်ကွယ်ပျက်စီးခဲ့ပြီး ၁၉ ရာစုဝန်းကျင် ရတနာပုံခေတ်၌ လက်ရာတချို့ကိုသာ တွေ့ရှိနိုင်တော့သည်ဟု ဦးဝင်းမောင်(တမ္ပဝတီ)မှ ပြောခဲ့သည်။ အနည်းစုသာ ကျန်ရှိတော့သည်ကို ၁၉ ရာစုဝန်းကျင် ရတနာပုံခေတ် မှန်စီရွှေချလက်ရာများကို မန္တလေးမြို့ နန်းတွင်းပြတိုက်မှ ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုနဲ့ အသုံးအဆောင်များပြသထားသောအဆောင်တွင် ထိန်းသိမ်းထားရှိသည်။ အင်မတန်အနုစိတ်ကာ ရှေးကျ၍ပညာသားပါလှသော အမရပူရခေတ် မှန်စီရွှေချလက်ရာများကို မန္တလေးမြို့ ၂၆ လမ်းပေါ်မှ ရမည်းသင်းကျောင်းတိုက်တွင် တွေ့နိုင်ပေသည်။ ၁၆ ရာစုဝန်းကျင်က ရှေးမြန်မာမင်းတို့၏ မှန်စီရွှေချအသုံးအဆောင်ပစ္စည်းများသည် ကျောက်မျက်ရတနာအစစ်များနှင့် ဖန်တီးစီခြယ်ခဲ့သော်လည်း ကုန်းဘောင်ခေတ်နောက်ပိုင်း မှန်စီရွှေချလက်ရာများကို မှန်များနှင့်သာ ဖန်တီးစီခြယ်ခဲ့ကြသည်။ ထိုကဲ့သို့ ဖန်တီးထားသောနေရာများတွင် ရွှံလုံးများကို မိမိလိုချင်သော ဖြူနီဝါပြာ စသော အရောင်ထည့်ပြီး ခဲပိတ်ကာ ရောင်စုံမှန်များအဖြစ် ဖန်တီးပြုလုပ်ခဲ့ခြင်းဖြစ်သည်။



**အပိုင်းကြီး ငါးပိုင်းခွဲခြားနိုင်**

ယွန်းထည်လုပ်ငန်းနှင့် ဆက်စပ်နေသော မြန်မာလက်မှုအနုပညာတစ်ရပ် မှာ မှန်စီရွှေချလုပ်ငန်းဖြစ်သည်။ မှန်စီရွှေချအတတ်သည် ယွန်းထည်၊ သစ်ပန်းပုထည်များကို ဆက်လက်မွမ်းမံသောလုပ်ငန်းဖြစ်သည်။ ယွန်းထည်ကို မှန်စီရွှေချလုပ်ကိုင်ရာ၌ ယွန်းထည်၏လုပ်ငန်းအဆင့်ဆင့်အတိုင်း သစ်စေးနှင့် သရိုးကို အခြေခံအသုံးပြုရသည်။ ထိုလုပ်ငန်းတွင် အပိုင်းကြီးငါးပိုင်း ခွဲခြားနိုင်ရာ (၁) ပြာတင်၊ ကျောက်တိုက်၊ သစ်စေးသုတ်ခြင်း၊ (၂) ကြိုးခင်းခြင်း၊ (၃)ပန်း၊ အရုပ်ဖော်ခြင်း၊ (၄) မှန်စီခြင်းနှင့် (၅) ရွှေချခြင်းအပိုင်းတို့ ဖြစ်ကြသည်။

မှန်စီရွှေချပြုလုပ်မည့် အထည်တို့ကို ရှေးဦးစွာ အချောတိုက်ပေးရသည်။ စောင်းကဲ့သို့ ပစ္စည်းမျိုးဆိုလျှင် စပါးဖွဲကြမ်းကို ပြာချ၍ သစ်စေးစိမ်းနှင့်ရောကာ အထည်တစ်ခုလုံးကို သုတ်ပေးရသည်။ ယင်းသို့ပြုလုပ်ခြင်းကို ပြာတင်သည်ဟုခေါ်သည်။ အချို့အထည်များကိုမူ သစ်စေးသုတ်လိုက်၊ ပြာဖြူးလိုက်ဖြင့် တစ်ထပ်စီပြာတင်ခြင်းပြုရသည်။ သစ်သားပန်းပုထည်များကိုမူ သစ်သားရှိ အနာအဆာပေါက်များ ပိတ်ဆို့ချောမွေ့သွားစေရန် သုံးဦးစပ်ဖြင့် ထေပေးရသည်။ သုံးဦးစပ်ဆိုသည်မှာ သစ်စေးစိမ်း၊ လွှစာမှုန့်နှင့် ထမင်းရည်တို့ကို သုံးမျိုးစပ်၍ ထောင်းတေထားခြင်းဖြစ်ပြီး ထောင်းသရိုးဟုလည်း ခေါ်ကြသည်။ ထောင်းသရိုးနှင့်ထေး၍လည်းကောင်း၊ ပြာတင်ပြီးလျှင်လည်းကောင်း သစ်စေးအိပ်စေရန် တိုက်သွင်းရသည်။ သစ်စေးအိပ်လောက်သည့်ရက်တွင် ပြန်ထုတ်၍ ကျောက်တိုက်ရသည်။ ကျောက်တိုက်သည်ဆိုသည်မှာ ကျောက်ပွဖြင့် ချောစားပေးခြင်း ဖြစ်လေသည်။ အထည်ကောင်းသည်ထက်ကောင်းစေလိုလျှင် ကျောက်တိုက်ပြီးလျှင် တစ်ဖန်ပြန်၍ သစ်စေးသုတ်ပေးရပြန်သည်။ ထို့ပြင် ကြိုးခင်းခြင်းသည် သရိုးကြိုးကို သစ်စေးအခံပေါ်တွင် လက်သည်းစောင်းဖြင့်နှိပ်၍ လက်ယာမှ လက်ဝဲသို့ တစ်စ တစ်စ ကပ်ပေးသွားရခြင်းဖြစ်သည်။ တန်းကြိုးများသည် ပန်းများကို တစ်ကန့်စီ နယ်နိမိတ် သတ်မှတ်ပေးရသည်။

အရုပ်များဖော်မည်၊ မှန်များစီမည်ဆိုလျှင် ကြိုးခင်းကတည်းကပင် တိုင်းတာ၍ နေရာသတ်မှတ်ချန်လှပ်ထားရသည်။ မှန်မစီဘဲ ပန်းချည်းသက်သက် ဖော်ထားလျှင် ကြိုးနုခင်းသည်ဟု ခေါ်သည်။ ဖြတ်ထားပြီး မှန်ချပ်ကလေးများကိုထိပ်တွင် သရိုးအနည်းငယ်ပါသော တုတ်ကလေးဖြင့် တို့ယူပြီးနောက် ကြိုးခင်းသူ ချန်လှပ်ထားသောနေရာများတွင် သစ်စေးအခံပေါ်၌ ကပ်ပေးရသည်။ ဆစ်တန်းဟုခေါ်သော မှန်ကလေးများသည် အလျားရှည်၍ အနံတိုသည်။ မှန်ကလေးများဖြင့် အပွင့်ပြုလုပ်လျှင် ခြယ်သည်ဟု ခေါ်သည်။ အပွင့်ခြယ်ရာ၌ အလယ်တွင် ကျောက်ပြာထည့်လျှင် ဘေးမှကျောက်ဖြူဖြင့် ရံပေးရသည်။ ပုလဲ၊ ပလာဖြူ၊ ပြောင်ပြာ၊ မန်ကျည်းရွက်၊ ခြောက်ကွက်တွက် စသည်ဖြင့် ကျောက်တုမျိုးစုံရှိသည်။ အစီအခြယ်သမားများသည် အသွေးအရောင် လိုက်လျောမှု၊ ဆန့်ကျင်မှု၊ တောက်ပမှုတို့ကို နားလည်၍ ပန်းချီမျက်စိရှိရန် လိုလေသည်။

**ကျောက်တိုက်ပေးရ**

မှန်မစီဘဲ ကြိုးနုခင်းသည့် ယွန်းထည်ဖြစ်လျှင် ကြိုးခင်းပြီး၍ သုံးလေးရက်အတွင်း ကြိုးဖုံးရည် သုတ်ပေးရသည်။ သို့မှသာ ပန်းများခိုင်မြဲသည်ဟုဆိုသည်။ မှန်စီထည်ဖြစ်လျှင် မှန်ဖုံးရည်သုတ်ရသည်။ သို့မှသာ ရွှေချပြီးသောအခါ မှန်ခွာ၍လွယ်သည်။ ကြိုးဖုံးရည်၊ မှန်ဖုံးရည်တို့သည် သစ်စေးကို ရေရောထားခြင်းဖြစ်သည်။ ထိုအရည်များသုတ်ပြီးလျှင် တိုက်သွင်း၍ အိပ်အောင်ထားရသည်။ အရောင်ရည်များ ထပ်တလဲလဲသုတ်၍ စိတ်ကြိုက်အရောင်တက်လာသောအခါ နောက်ဆုံးဖြစ်သော ရွှေခံရည်ကိုသုတ်ရသည်။ ရွှေခံရည်သည် စံကားဝါရောင်ဆေးကို ရေနွေးဖျော်၍ သစ်စေးနှင့်ရောထားခြင်းဖြစ်သည်။ ရွှေခံရည်မသုတ်မီ သစ်စေးသုတ်ပြီးတိုင်း တိုက်သွင်းရသည်။ မြေတိုက်မှထုတ် တိုင်းပန်းများလွတ်သောနေရာ ပြောင်ကွက်လပ်များကို ကျောက်တိုက်ပေးရသည်။ ရွှေခံရည်သုတ်ပြီးလျှင်မူ ကျောက်မတိုက်ရတော့ပေ။

ရွှေခံရည်အိပ်သောအခါ ရွှေချမည့်နေရာလွတ်ဟူသမျှကို ဟင်္သပြဒါးနှင့် သစ်စေးရော၍ သုတ်ရသည်။ သစ်စေး၏ သဘာဝမှာ သစ်စေးစစ်လျှင် ကျဲ၍ ရေရောလေ ပျစ်လေဖြစ်သည်။ ရွှေချမည့်သစ်စေးမှာ အစေးနည်းရန် ရေရောထားသဖြင့် အလွန်ပျစ်သည်။ ယင်းကို ဂွမ်းဖြင့် တို့ယူ၍ ရွှေချမည့်နေရာများတွင် သုတ်ပေးရသည်။ ဂွမ်းနှင့်တို့မရသည့်နေရာများကို ဝက်မွေးစုတ်တံနှင့် ခပ်ပေးရသည်။ ထို့နောက် ထိုနေရာများတွင် သစ်စေးပြောင်သွားအောင် ဂွမ်းဖြင့်ပင် ပွတ်ပေးရသည်။ ယင်းသို့ သစ်စေးကို ဂွမ်းဖြင့်သုတ်ပြန်၍ပွတ်ခြင်းကို အသုတ်အနုတ် ပြုသည်ဟု ခေါ်သည်။ စင်စစ်အားဖြင့် ရွှေချခြင်းသည် သစ်စေးအငွေ့ကလေးမျှဖြင့် ကပ်နေစေခြင်းဖြစ်သည်။

သစ်စေးသုတ်နုတ်ထားသော နေရာများတွင် ရွှေဆိုင်းပြားများကို တစ်ခုချင်းစီ၍ ကပ်သည်။ ဂွမ်းဖြင့်ဖိပေးသည်။ ရွှေပေါက်သော နေရာများကို ဖာထေးရသည်။ ရွှေအဆိုင်းလိုက်မဝင်သော ပန်းများနေရာတွင် နွားနားမွေးစုတ်ဖြင့် ရွှေကို တို့ယူရသည်။ ပြီးနောက် ဖြူစင်သော ဂွမ်းဖြင့် ရွှေချထားပြီးသော နေရာများကို ခပ်ဖွဖွပွတ်ပေးခြင်းဖြင့် ရွှေရောင်ဝင်းလက်တောက်ပြောင် စေလေသည်။ မှန်စီရွှေချရာတွင် အောက်ခံယွန်းထည် သစ်သားထည်များကို အပေါက်အပွဲ၊ အဖုအထစ်မရှိရအောင် ဖာထေးပြုပြင်ရသည်။ ပြီးလျှင် သစ်စေး၊ သရိုးနှင့်အခံရည်တို့ကို အထပ်ထပ်သုတ်ပေးခြင်းဖြင့် အောက်ခံအထည်များကို ပိုးမွှားဖျက်ဆီးခြင်း၊ ရာသီဥတုဒဏ်ခံရခြင်းတို့မှ ကာကွယ်ပေးသည်။ ထို့ကြောင့် မှန်စီရွှေချခြင်းသည် ယွန်းပညာရှင်၊ ပန်းပုပညာရှင်တို့၏ လက်ရာများကို ကာလရှည်ကြာစွာ ခိုင်ခံ့စေသည်။ ရွှေရောင် မှန်ရောင် တဝင်းဝင်းဖြင့် တစ်မျိုးတစ်ဖုံ ခံ့ညားတင့်တယ်စေပေသည်။

ယနေ့ခေတ်မှာတော့ မှန်စီရွှေချလက်ရာအများစု၏ မှန်များသည် ရွှံလုံးများနှင့် ဖန်တီးထားသော မှန်များမဟုတ်ဘဲ ရောင်စုံမှုတ်ဆေးများ ခြယ်သထားသော မှန်များပင်ဖြစ်သည်။ မှန်နောက်တွင် ခဲပိတ်သည့်မျိုး မရှိတော့ဘဲ ခဲပိတ်သောနေရာ၌ ခဲရောင်မှုတ်ဆေးကို အသုံးပြုထားခြင်းဖြစ်သည်။ ထို့ကြောင့် မှန်၏အရည်အသွေးကို နိမ့်ကျသွားသကဲ့သို့ တာရှည်ခံမှုမှာလည်း ကွာခြားသွားသည်။ ရှေးယခင်ခေတ်ကာလ မှန်စီလက်ရာ မှန်များသည် ယခုခေတ်အထိ အဝတ်ဖြင့်တိုက်လိုက်ရင် ပြောင်လက်သွားသည်။ ယခုခေတ်မှာ ၎င်းမှန်မျိုးကို မရတော့ချေ။ ယခုခေတ်တွင် မှန်စီလက်ရာကောင်းကောင်း လုပ်ချင်ပါက ယခင်မှန်စီလက်ရာများထဲမှ ဟောင်းနွမ်းစုတ်ပြတ်၍ မသုံးတော့သော ပစ္စည်းဟောင်းများကို ရှာဖွေစုဆောင်းရသည်။ ထို့နောက်မှ ကိုယ့်ဖန်တီးမှုလက်ရာများတွင် ပြန်လည်ထည့်သွင်းလုပ်ကိုင်ကြသည်။

**လှပသေသပ်အောင် ဖန်တီး**

၁၉၇၀ ပြည့်နှစ် ဝန်းကျင်ခန့်က ခေတ်စားသောမှန်ကို လိုအပ်သလိုအဝိုင်း၊ လေးထောင့်၊ ဆန္ဓင်းမကင်းပုံဖြတ်ပြီး အင်္ဂတေနှင့်ကပ်သောပညာရပ်များသည် ယနေ့ခေတ်၌ လုပ်ကိုင်သူ နည်းပါးလာသည်။ ယင်းပညာရပ်သည် မှန်နုစီ ရွှေချ ပညာရပ်လောက် အနုမစိတ်သော်လည်း ပညာသားပါသော ပညာရပ်တစ်ခု ဖြစ်သည်။ လက်ရာမြောက်သော မှန်ကြမ်းစီ ရွှေချ နံရံတစ်ချပ်သည် ပန်းချီကားတစ်ချပ်ကဲ့သို့ လှပသေသပ်အောင် ဖန်တီးလုပ်ဆောင်ရသော ပညာရပ်ဖြစ်သည်။

မှန်ကြမ်းစီရွှေချ နံရံတစ်ချပ်ဖြစ်လာရန် မှန်မစီခင်၌ လိုအပ်သော ဒီဇိုင်းပုံကြမ်းကို ဦးစွာဆွဲပြီး မည်သည့်နေရာတွင် မှန်ဝိုင်းသုံးမည်၊ မည်သည့်နေရာတွင် မှန်လေးထောင့်သုံးမည်၊ မည်သည့်နေရာတွင် မှန်အနီရောင်သုံးမည်၊ မည်သည့် နေရာတွင် မှန်အဝါရောင်သုံးမည်၊ မည်သည့်နေရာတွင် အရောင်မပါသော မှန်သုံးမည်၊ မည်သည့်နေရာကို ကနုတ်လုပ်ထားမည်၊ ထိုကနုတ်အတိုင်း မှန်နှင့် ပုံဖော်ရမည်ဆိုသည်များကို တွက်ချက်ရခြင်းဖြစ်သည်။ ကြာရှည်ခံအောင် အင်္ဂတေကို အချိုးကျဖော်စပ်ရသည်။ အင်္ဂတေဖော်စပ်မှုမကောင်းလျှင် မှန်စီ လက်ရာ မည်မျှကောင်းကောင်း ကြာရှည်ခံရန် မလွယ်ကူလှပေ။ မှန်စီသော နေရာတွင် စကေးမှာ အဓိကကျလှသည်။ မှန်မစီမီ ကြိုတင်တွက်ထားရသည်။

မိမိတွက်ထားသော စကေးအတိုင်း မှန်စီသောအခါ တိကျရန်လိုသည်။ မှန်စီသမားမှာ အင်္ဂတေမစိုမခြောက်၌ မည်သည့်အနေအထားလောက်တွင် ကပ်ရမည်ဆိုသည်ကို သိရှိထားရန်လိုပေသည်။ အင်္ဂတေနှင့်မှန်ကြမ်းစီသော နေရာတွင် ယခင်ခေတ်ကာလမှ မှန်စီဆရာများသည် မှန်ကောင်းရစေရန် ပြဒါးကို ကိုယ်တိုင်သုတ်ပြီး စီကြခြင်းဖြစ်ပြီး အနောက်ဘက်မှ ပြဒါးထူသည့်အတွက် မှန်မှာလည်း ပို၍ တာရှည်ခံသည်။ ယနေ့ခေတ်တွင် မှန်စီဆရာများက မှန်ကိုကိုယ်တိုင်မလုပ်ကြတော့ဘဲ အသင့်သုံးမှန်များကိုအသုံးပြုပြီး ပြဒါးကိုလည်း ခပ်ပါးပါးသာ အသုံးပြုသည့်အတွက် တာရှည်မခံနိုင်ပေ။ မှန်စီရွှေချထည်များ၌လည်း ခြူးပန်းခြူးနွယ်များ၊ ဘုရင်၊ မိဖုရား၊ မင်းညီ မင်းသား အရုပ်များ၊ ဂဠုန် နဂါးအစရှိသော အရုပ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ရှုချင်စဖွယ် မွမ်းမံတန်ဆာဆင်ထားသည်။ ထို့ကြောင့် ယဉ်ကျေးမှုအနုပညာသရုပ်ပြ ယွန်းထည်၊ မှန်စီရွှေချထည်များကား အလွန် လက်ဝင်လှသည်။ အနုစိတ်လှသည်။ လုပ်ငန်းကျယ်ပြန့်သည့်အလျောက် အချိန်ကုန်ပေသည်။ ထိုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ပညာရှင်များမှာ စိတ်ပါဝင်စားပြီး ဘက်စုံကျွမ်းကျင်လိမ္မာမှု ရှိနေရန်လည်း လိုအပ်ပေသည်။ မှန်စီရွှေချလုပ်ငန်းသည် မြန်မာနိုင်ငံရှိ ရိုးရာလုပ်ငန်းများထဲတွင် မြတ်နိုးတန်ဖိုးထားစရာ လက်မှုလုပ်ငန်းဖြစ်သည့်အတွက် ယခုကဲ့သို့ ထိန်းသိမ်းထားနိုင်သည်မှာ ချီးကျူးဖွယ်ရာဖြစ်ပါသည်။ ဆက်လက်၍လည်း မှန်စီရွှေချပညာရှင်များနှင့် ၎င်းတို့၏အနုလက်ရာများကိုလည်း မြန်မာ့မြေပေါ်တွင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည် ဖြစ်ပါတော့သည်။

> **"မှန်စီရွှေချပညာရပ်သည် ၁၆ ရာစုဝန်းကျင် ညောင်ရမ်းခေတ်၊ အမရပူရခေတ်၊ အင်းဝခေတ်ကာလမှ စတင်ခဲ့ခြင်းဖြစ်ပြီး မှန်ကြမ်းစီရွှေချနှင့် မှန်နုစီရွှေချဆိုပြီး နှစ်မျိုးနှစ်စား ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ မှန်ကြမ်းစီရွှေချဆိုသည်မှာ အရွယ်အစား တစ်လက်မထက်ပိုကြီးသော မှန်များကို ခပ်ကြီးကြီးဖြတ်ပြီး အနုမစိတ်ဘဲ ခပ်ကြမ်းကြမ်းစီထားသော လက်ရာများကို ခေါ်ခြင်းဖြစ်သည်။ ဘုရားစောင်းတန်းများ၊ မုခ်ဦးများမှာ တွေ့ရလေ့ရှိသော အရောင်တဖျပ်ဖျပ် မှန်စီရွှေချလက်ရာများသည် မှန်ကြမ်းစီရွှေချလက်ရာများပင် ဖြစ်သည်"**

## ဇမ္ဗူသီရိမြို့နယ်တွင် နွေရာသီ သိုင်းပြောင်းပြန် ကိုယ်ခံပညာသင်တန်း ဖွင့်လှစ်



**နေပြည်တော် မတ် ၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက် ခရေအိမ်ရာ ဓမ္မာရုံဘေးတွင် သိုင်းပြောင်းပြန် ရက်တိုသင်တန်းများကို မတ်လ နွေရာသီကျောင်းပိတ်ရက်အတွင်း ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်သည်။**(ယာပုံ)**

အဆိုပါ သင်တန်းများကို နည်းပြဆရာများဖြစ်သည့် ဆရာကြီး ဦးကျော်မြင့်၊ ဦးမျိုးထွန်း၊ ဦးအောင်ငွေနှင့် ဦးစိုင်းထွန်းအောင်ကျော်တို့က အခြေခံလက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်းများအပြင် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ လက်သိုင်း ၆၃ မောင်းကိုလည်း သင်ကြားပေးမည်ဖြစ်ကာ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၈ နာရီနှင့် ညနေ ၄ နာရီ နှစ်ကြိမ်၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် နေ့စဉ် ညနေ ၄ နာရီတွင် လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများ တက်ရောက်သင်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဝင် နာယကဆရာကြီး ဦးမောင်လေး၏ ကမ္ဘောဇနန်းတွင်းခူးကာချန့် သိုင်းအဖွဲ့ကို မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် နွေရာသီသင်တန်းသည် လေးနှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်းနှင့် ယင်းသင်တန်းများပြီးဆုံးသွားခဲ့သော်လည်း ဆက်လက်လေ့ကျင့်သင်ကြားလိုသူ များအတွက် အမြဲမပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## စိမ်းလန်းသန့်ရှင်းသော ကျေးရွာဖော်ဆောင်နိုင်ရေးနှင့် အပန်းဖြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**သီပေါ မတ် ၉**

စိမ်းလန်းသန့်ရှင်းသောကျေးရွာဖော်ဆောင်နိုင်ရေးနှင့် ဒုဋ္ဌဝတီမြစ် အခြေပြု အပန်းဖြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် တိန်းချေ၊ တိမ်းစံကျေးရွာအုပ်စု နောက်ကတ်ကျေးရွာ ရွှေတောင် (လွယ်ခမ်း) ပညာအလင်း စာကြည့်တိုက်၌ ကျင်းပရာ ဒေသခံပြည်သူများ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးက စိမ်းလန်းသန့်ရှင်းသော ကျေးရွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ချက်များ၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြစ်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပူးတွဲဆောင်ရွက်၍ လက်ရှိတည်ရှိပြီးသော စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေ လုပ်ငန်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရန်လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို စံချိန်စံညွှန်းခြောက်ခု၊ အညွှန်းကိန်း ၁၈ ခုနှင့်အညီ ဆောင်ရွက်နိုင်ရန် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**စိုင်းသာလှိုင်**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ပြည်သူ့အကျိုးပြု မှုခင်းဖော်ထုတ်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်၌ လူမြင်ကွင်းတွင် ဆိုင်ကယ်စီးအမျိုးသမီးတစ်ဦးထံမှ ဆွဲကြိုးဖြတ် လုယူထွက်ပြေးသွားသည့် ပြစ်မှုကျူးလွန်မှုတွင် ပါဝင်ခဲ့သူများနှင့် ဆက်စပ်သည့် အခြားမှုခင်းများ ကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးပေးခဲ့သည့် တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ကူညီခဲ့သည့် ပြည်သူတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မတ် ၇ ရက်က ၉၃ ရပ်ကွက် အောင်သုခ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းသြဝါဒကထာ မိန့်ကြားပြီး မှုခင်းကျဆင်းရေးတွင် ပြည်သူ့ အကျိုးပြု မှုခင်းဖော်ထုတ်ဆုအဖြစ် တိုင်းဒေသကြီး ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ဦးစီးအရာရှိ ငါးဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် တာဝန်သိစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည့် ရာအိမ်မှူးနှင့် ပြည်သူခုနစ်ဦးတို့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာ၊(စခန်းမှူး) ဒုရဲမှူးကျော်ဝင်းမောင်နှင့် အလှူရှင် ထက်လင်းရင်လူးဆေးနှင့် ပြည်သူများက ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရ ပစ္စည်းများအား ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကျင်မောင်**

## ဟိုပုံးမြို့၌ စစ်တုရင်သင်တန်းနှင့် ကရာတေးဒိုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟိုပုံး မတ် ၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့်



အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော နွေရာသီအားကစားစစ်တုရင်သင်တန်းနှင့် ကရာတေးဒိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။**(ဓါတ်ပုံ)**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က စစ်တုရင်အားကစားနည်းနှင့် ကရာတေးဒိုကစားနည်းသည် အနာဂတ်မျိုးဆက်သစ် ကလေးလူငယ်များ၌ ပေါ်ထွန်းလာစေပြီး ကလေးငယ်များ၏ ဉာဏ်ရည် ဉာဏ်သွေးများ တိုးတက်လာရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သိန်းက စစ်တုရင်အားကစားနည်းသည် ဦးနှောက်ဖြင့်စဉ်းစားရသော ကစားနည်းဖြစ် သောကြောင့် ကလေး၊ လူကြီးများ၏ ဉာဏ်ရည်ဉာဏ်သွေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကရာတေးဒိုအားကစားနည်းသည် မိမိကိုယ်ကိုယ် ခုခံကာကွယ်နိုင်မည့် အားကစားနည်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါ စစ်တုရင်သင်တန်းကို မတ် ၉ ရက်မှ ၂၂ ရက်အထိ သင်တန်းဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကရာတေးဒိုသင်တန်းကို မတ် ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

### ဘုရားမှာစိန် ကျောင်းမှာသိမ် သက်န်းမှာ ကထိန် အမြတ်ဆုံးသိမ်အလှူရှင်အဖြစ်ခံယူပါ

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့၏ စာအမှတ် ၁၇၁၀/ပြင်ပ/စည်ပင်ယာ/အုံ(ပုံစံ)။ ၂၈-၂-၂၀၂၀ရက်စွဲပါဖြင့် ခွင့်ပြုမိန့်ရရှိပြီးသော ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ကျားကူးပရိယတ္တိစာသင်တိုက်အတွင်း၌ တည်ရှိနေသော ရှေးဟောင်းသမိုင်းဝင် ရဟန္တာများသမုတ်ထားသော [ရန်ကုန်မြို့သမိုင်းဝင်သိမ်ကြီး (၉) လုံးတွင် တစ်လုံးအပါအဝင်ဖြစ်သော]ကျားကူးသိမ်တော်ကြီးအား ရှေးမူလက်ရာမပျက် လက်ရှိမူလပကတိ အနေအထားအတိုင်း အကြီးစားပြုပြင်ခြင်းများကို ကျားကူးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရမှ ဦးစီးပဓာနပြုလုပ်၍ ပြုပြင်မည်ဖြစ်ပါသည်။ သို့ပါ၍ မြတ်သောသိမ်အလှူရှင်အဖြစ် ခံယူလှူဒါန်းလိုသော ဒါယကာ ဒါယိကာမများအနေဖြင့် ဆရာတော် ဘဒ္ဒန္တဥတ္တရ ဖုန်း-၀၁-၈၃၈၁၂၂၊ ၀၉-၈၇၂၁၁၆၃၊ KBZ Bank Account -35630100401920601သို့ လည်းကောင်း၊ ဦးနာဂဝံသ ဖုန်း-၀၉-၅၅၀၀၃၈၁သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ အဆောက်အဦအထူးအဖွဲ့(၂)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်(အောက်တိုဘာမှ စက်တင်ဘာ) အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် နေပြည်တော်ကောင်စီနယ်မြေရှိ သမ္မတရုံးဝန်ကြီးဌာနရုံးအသစ် (၁၃၂၉၆၀ စ/ပေ) သံကူကွန်ကရစ်(၃)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် စံချိန်စံညွှန်းမီ အရည်အသွေး ပြည့်ဝသော တည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၃-၂၀၂၀ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပိတ်သည့်ရက်** - ၂-၄-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတိတိ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၃-၄-၂၀၂၀ရက် မွန်းလွဲ ၁ နာရီ တိတိ ညွှန်ကြားရေးမှူး(မြို့ပြ)လမ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
(ဃ) **ဆက်သွယ်ရန်ဖုန်း** - ၀၉-၅၁၂၁၉၂၃၊ ၀၉-၂၅၀၁၈၉၇၅၀၊ ၀၉-၂၅၀၁၈၉၈၂၀

(အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦအထူးအဖွဲ့(၄)၊ မြို့သစ်(၂)လမ်း၊ လယ်ဝေးမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/9992၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/7791 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါ သည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက(သနပ်ပင်) နဝမတန်း(A)မှ ဦးသန်းဇော်ဦး၏သား မောင်ဝေယံထက်လင်း၏ အမည်မှန်မှာ မောင်ဇော်ဇော်ဦး ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂-၃-၂၀၀၅ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/57934 Honda C-90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင်ဦး ၉/စကန(နိုင်)၀၀၅၈၃၄က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/2946 Toyota RAV 4L Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၈/ပခက(နိုင်)၀၂၆၅၅၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြီးသင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ၊ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၈၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ။

09254009334, 09254009335, 09254009336

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (၅/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၄၀)၊ မြေယာအမှတ်(40)၊ မြေဧရိယာ ဝ.၁၁၃ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးရန်နိုင်ဆန်း ၉/မရတ(နိုင်)၀၂၇၆၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ပြင်ဦးလွင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၁၀၄၆၇ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းနွယ်ဌေး ၉/မနမ(နိုင်)၀၀၆၀၂၈က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**မန္တလေးမြို့**

## သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ်ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၃၂၂၉ ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅ ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀
ဦးကင်းဝန်(အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ (၂)လပိုင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ ရေ-မီး ပဒေသာပင်အလှူရှင်များစာရင်း

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၁ | ဓမ္မကာယကျောင်းဒါယကာဦးငြိမ်း-ကျောင်းဒါယိကာမ ဒေါ်သင်၊ သမီး-ဒေါ်ဒေါင်းရီ၊ တူ-ဦးမြင့်အောင်တို့အားရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးမြစ်များကောင်းမှု | 6500000 |
| ၂ | ဓမ္မကာမမုဒိတာကျောင်း အလှူရှင်များ စုပေါင်းကောင်းမှု | 6000000 |
| ၃ | ဖခင်ကြီးဦးရန်ချိမ့် မိခင်ကြီးဒေါ်ကျန်ရှုမေ (၂)နှစ်ပြည့်အား ရည်စူး၍ သမီး-ဒေါ်ကြူလီ ဒေါက်တာနွယ်နွယ်မွန် သား-ဦးမောင်မောင်ထွေး ဒေါက်တာစန်းစန်းဝင်း မိသားစု မန္တလေး | 5000000 |
| ၄ | ဦးငွေဌေး၊ ဦးညွန့်ဝေ၊ ဦးညွန့်ဆွေ မိသားစု ကောင်းမှု မြိုင်မြို့နယ်၊ ကျော်ရွာ | 2000000 |
| ၅ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြရွှေဆိုင် မိသားစု (လစဉ်) | 1000000 |
| ၆ | သုဓမ္မမဏိဇောရဂုဦးအောင်နိုင်ဆွေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်နွယ် သား-မောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော် သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစု (လစဉ်) မန်းမြို့ဈေး မန္တလေး | 1000000 |
| ၇ | ဦးညီညီမောင်-ဒေါ်နုနုအေး သားသမီးမြေးတစ်စု မြနှင်းဆီ မင်္ဂလာခန်းဝင်ပစ္စည်းနှင့် ပရိဘောဂရောင်းဝယ်ရေး၊ မိတ္ထီလာ | 1000000 |
| ၈ | ဦးမြင့်ကြိုင်-ဒေါ်အမာကြည် သားသမီးများနှင့် မြေး-မသီတာချမ်းမြေ့ဦး အမှတ် (၂၄၅) ပိတောက်မြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန် | 1000000 |
| ၉ | မိခင်ကြီး ဒေါ်ခင်မမတင်အားရည်စူး၍ ဖခင်ကြီး ဦးတင်အေး အေးချမ်းသာမိသားစု ကောင်းမှု | 1000000 |
| ၁၀ | ဦးကျော်စိုးအောင်-ဒေါ်သန်းသန်းဌေး သမီး-မကေသီစိုး၊ သား-မောင်ဖြိုးဟိန်းကျော်၊ မောင်ဉာဏ်လင်းထက် ဌေးဝင်းဆီစက် မန္တလေး | 1000000 |
| ၁၁ | ကွယ်လွန်သူဦးချစ်ဝင်းနှင့် ဒေါ်စန်းစန်းတင့်တို့အားရည်စူး၍ ဒေါ်မြမြမိသားစု အမှတ် ၁၄ အောင်မင်းခေါင်ဘုရားလမ်း G.Diamond Hill Resitence ကမာရွတ်မြို့နယ် ရန်ကုန် | 1000000 |
| ၁၂ | မိခင်ကြီး ဒေါ်သိန်းလှိုင် (၉၃)နှစ်အားရည်စူး၍ မီမီချို၊ ခင်ဇော်ဝင်း၊ မီမီခင်၊ ချိုချိုမိုး၊ ဝေဝေမွန်၊ စန္ဒာမြ၊ သန်းသန်းအေး၊ မိုးစန္ဒာတို့သူငယ်ချင်းတစ်စု | 950000 |
| ၁၃ | ဒေါ်ထားထားရီ၊ ဒေါ်ခင်မာလှ သား-မောင်ဇေယျာမောင် မိသားစု ၆၀x၆၁ လမ်းကြား သာယာဝတီမင်း၊ ပြူစောမင်းလမ်းကြား ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး | 800000 |
| ၁၄ | ဦးတင်မြင့်-ဒေါ်နှင်းအေး သားသမီးမြေးမြစ် မိသားစု သံ/နောက် လက်ပန်ရပ် မဟာအောင်မြေ မန္တလေး | 750000 |
| ၁၅ | ပျော်ဘွယ်မြို့နေ ဦးစိုးသန်း-ဒေါ်ကျင်မြိုင်တို့အား ရည်စူး၍ ဦးအောင်ကျော်ညွန့်-ဒေါ်ခင်သန်းဌေး မောင်နှမ သားသမီးတစ်စု၊ အောင်မြေသာစံ ၂၂/၂၃ ကြား ၉၁ လမ်း မန္တလေး | 500000 |
| ၁၆ | မစိုးရိမ်တိုက်သစ်ကျောင်းသားဟောင်းများအဖွဲ့ စစ်ကိုင်းမြို့မှ | 500000 |
| ၁၇ | မိခင်ကြီး ဒေါ်တုတ်တုတ်အားရည်စူး၍ ဦးစန်းမောင်မိသားစု နိုင်စက်မှုလက်မှု စိန်ပန်း ဥပုသ်တော်ရပ် မန္တလေး | 500000 |
| ၁၈ | ဦးကျော်မိုး-ဒေါ်ငွေအေး မိသားစု ကောင်းမှု မြိုင်မြို့နယ်၊ ကျော်ရွာ | 500000 |
| ၁၉ | ဦးရွှေပေါ-ဒေါ်သန္တာဝင်း၊ ညောင်ကွဲရပ်၊ မန္တလေး | 500000 |
| ၂၀ | ပ.သ.အ တွဲဖက်အတွင်းရေးမှူး ဦးစိုးလွင်-ဒေါ်မြင့်မြင့်သန်း ဇင်ယော်ပလတ်စတစ် ရှမ်းပွဲရပ်၊ မန္တလေး | 500000 |
| ၂၁ | ဦးခင်မောင်-ဒေါ်ကြင်မြိုင် သမီး-မခင်အေးအေးသန်း သိင်္ဂီရတနာရွှေဆိုင် ရေစကြိုမြို့ | 500000 |
| ၂၂ | ဦးကြည်အားရည်စူး၍ ဒေါ်မြင့် မမြင့်အလှကုန် မိသားစု ၃၃x၃၄ လမ်းကြား၊ လမ်း-၉၀၊ ချမ်းအေးသာစံ မန္တလေး | 500000 |
| ၂၃ | ဦးစိုင်းငွေအောင်(လက်ထောက်ညွှန်မှူးပြည်တွင်းအခွန်-ငြိမ်း) ၆၃နှစ်ပြည့် မွေးနေ့အလှူ ဦးစိုင်းငွေအောင်-ဒေါ်နန်းလှခင် သားသမီးမြေးတစ်စု၊ မန္တလေး | 500000 |
| ၂၄ | မိခင်ကြီးဒေါ်ရင်ရွှေ(၁ နှစ်ပြည့်အလှူ)ဦးလှမြင့်နှင့်သားသမီးမြေးတစ်စုကောင်းမှု | 500000 |
| ၂၅ | ဒေါက်တာအောင်စည်ဟိန်း-ဒေါက်တာအေးအေးမွန် သား-မောင်ဇေယံထက်၊ မောင်နိုင်အောင်လင်း၊ ငြိမ်းချမ်းရေးပဲခွဲစက်မိသားစု မန္တလေး | 500000 |
| ၂၆ | ဒေါ်သန်းသန်းနွယ်မိသားစု | 400000 |
| ၂၇ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ အဒေါ်-ဒေါ်စိုးမြင့်နှင့်အစ်ကိုကြီးဦးကျော်ရွှေ၊ ဆရာသုတဇော်တို့အား အမှူးထားလျက် ဒေါ်ပြုံးပြုံးကြည် (YCDC) | 300000 |
| ၂၈ | ဖခင်ကြီးဦးသန်းမောင်(၈)နှစ်ပြည့် မိခင်ကြီးဒေါ်တင်ဌေးအားရည်စူး၍ ကျန်ရစ်သူသားသမီးတစ်စုကောင်းမှု | 300000 |
| ၂၉ | ဦးအောင်ဝင်း-ဒေါ်လှလှရီ PRESENTဟိုတယ် မြတ်သုခ တည်းခိုခန်း၊ မုံရွာမြို့ | 300000 |
| ၃၀ | ဒေါ်လှမြင့်၊ ဒေါ်တူးတူး၊ ဒေါ်ယဉ်ယဉ်ထွေး တူ-သင်းမလူကြီး သုဓမ္မမဏိဇောတရဒေါက်တာကျော်သက်နိုင် ရွှေမြန်မာထောပတ်မိသားစု မြစ်ငယ်မြို့ ဒေါ်တူးတူး၏ မွေးနေ့အထိမ်းအမှတ်ကုသိုလ် | 300000 |
| ၃၁ | မိခင်ကြီးဒေါ်မြင့်သန်းအားအမှူးထား၍ ဦးသက်လှိုင်ထွန်း-ဒေါ်မြင့်မြင့်ထွန်းနှင့် တရားနာပရိသတ်အများကောင်းမှု ဇော်မင်းရပ်၊ သံ/နောက်၊ မဟာအောင်မြေ၊ မန္တလေး | 300000 |
| ၃၂ | မိခင်ကြီး ဒေါ်ရီရီ(၃)နှစ်ပြည့်အားရည်စူး၍ ဦးမြင့်အောင်(သမီး)ဒေါ်သင်းသင်းလွင်၊ အမျိုးသားဆပ်ပြာနှင့် ကံတက်အမွေးတိုင်လုပ်ငန်း သားသမီးမြေးမိသားတစ်စု၊ မန္တလေး | 300000 |
| ၃၃ | ဦးအုန်းရွှေ-ဒေါ်ခင်သန်း မိသားစု မိတ္ထီလာ | 300000 |
| ၃၄ | ကိုကျော်မျိုးသူ-မကေသူသူအောင်မိသားစု မိတ္ထီလာ | 300000 |
| ၃၅ | အဘွားဒေါ်စန်းရီအားရည်စူး၍ သမီး-မအေးစုစုဝင်း၏ (၂၄)နှစ်ပြည့်မွေးနေ့အလှူ ဒေါ်နွဲ့ကြည်နှင့်သားသမီးမြေးတစ်စုကောင်းမှု | 300000 |
| ၃၆ | အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းသူ/သားများကောင်းမှု၊ ရမည်းသင်းမြို့ | 300000 |
| ၃၇ | ဒေါ်ခင်စမ်းလွင်နှင့်တူ ဦးကျော်တင့်၊ ရန်ကုန် | 300000 |
| ၃၈ | မြေးရတနာမောင်အောင်ဖုန်းပြည့်ဦး၏ မွေးနေ့အလှူ တာတာစာရေးကိရိယာနှင့်လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး လမ်း ၄၀၊ ၇၉x၈၀ကြား၊ မန္တလေး | 300000 |
| ၃၉ | ဖခင်ကြီးဦးသိုက်စံအားရည်စူး၍ မိခင်ကြီးဒေါ်ဝင်းရည်အားအမှူးထား၍ ဒေါက်တာအောင်ကျော်စိုးစံမိသားစု မိဘကျေးဇူးကုန်မာဆိုင်၊ ဆယ်ဇင်ရွာ | 300000 |
| ၄၀ | ဖခင်ကြီးဦးမြအောင်-မိခင်ကြီးဒေါ်ခင်ကြည်၊အစ်ကိုကြီး-ကိုခင်မောင်သိန်းတို့အားရည်စူး၍ ကျန်ရစ်သူ မိသားစု ကောင်းမှု၊ ၈၃လမ်း ၃၂/၃၃ကြား၊ မန္တလေး | 300000 |
| ၄၁ | ဒေါက်တာခိုင်နော်ဆိုင်-ဒေါက်တာစုဇင်မာ သားစိုင်းရွှေခေတ်မိသားစု၊ ဟုမ္မလင်းမြို့ | 300000 |
| ၄၂ | အနန္တောအနန္တငါးပါးအားအမှူးထား၍ ဒေါ်ပြုံးပြုံးကြည်(YCDC)အမှတ်(၅၀)မြေညီထပ် ထက်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် | 200000 |
| ၄၃ | ဦးအံ့ဘုန်းထိုက်-ဒေါ်နှစ်နှစ်ဆွေ ရွှေပါရမီ မိုဘိုင်း သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန် | 200000 |
| ၄၄ | မစိုးရိမ်တိုက်သစ် ကျောင်းသားဟောင်းများအဖွဲ့ ကောင်းမှု | 200000 |
| ၄၅ | ဦးစိန်-ဒေါ်သိုက်မိသားစု မန္တလေး | 200000 |
| ၄၆ | ဦးထွန်းကြိုင်-ဒေါ်စန်းရွှင်မိသားစု ပေကုန်းရွာ၊ ရွာရှည်(တ)အုပ်စု၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | 200000 |

ဆက်လက်ဖော်ပြသွားပါမည်

နယ်လှည့်ဓမ္မကထိက
မေတ္တာအေးဆရာတော် အရှင်သုဇာတ ၏
မေတ္တာအေးတရားပေါင်းချုပ်
တတိပြားဖုံး အခန့်ချုပ် အတွဲ (၁) တန်ဖိုး- ၆၀၀၀ ကျပ်
ဖြန့်ချိရေး- ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ဝင်း၊ ကမ္ဘာအေး။
ဖုန်း- ၀၉ ၂၅၀၉၀၃၉၆၉၊ ၀၉ ၅၀၂၅၄၀၉၊ ၀၉ ၆၉၀၆၀၆၉၆၁၊ ၀၉ ၀၉ ၆၉၂၂၀၆၃၉၉

ဖောင်းကြွနံပါတ်ပြားပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် 4P/8678 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (သာယာဝတီ)

ဦးဘညိန်သား-စတုမဓူ အစာအာဟာရဆေး
ကမ္ဘာ
ရဟန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသုံးကပါ။
အမှတ်-၂၈၊မြောက်ဘက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၄၉၁၁၆
1010YR003261




## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

ဒေါ်ဝါဝါလင်း နှင့် ဦးမြင့်နိုင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးအလင်း)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၆၁၄တွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ပြည့်နှစ် မတ် ၃၁ရက် (၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၈ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း</u>**

(က) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရေတမာလမ်း၊ အမှတ်-၄/ခ မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေးငွေကျပ် ၂၀၀၀၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ထောင်တိတိ)**

(တရားရှုံးနှင့်အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချမည်။)

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေကွက်အမှတ်-၂၂၊ မြေယာနံပါတ် ၃၂၀ မြေနှင့် မြေပေါ်ရှိ အမှတ်-၂၆၃၊ ၈လမ်းနှင့်ကျုံးကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်ဟုခေါ်တွင်သော (၃)ထပ်တိုက်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေးငွေကျပ် ၁၀၀၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်သောင်းတိတိ)**

(တရားရှုံးနှင့်အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချမည်။)

**<u>လေလံစည်းကမ်းချက်များ</u>**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်၊ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ (၁၅)ရက်မြောက် ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**အမိန့်အရ**
**(ခင်ခင်အေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**


ထီတိုင်းထော
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
MPT4U APP မှာ
ထောဘီပတ်ကော့ချ်ဝယ်ပြီး ထီပေါက်ကစားလျှင်
ထောဘီဖုန်းဘောလ်တွေ အဆ ၁၀၀ အထိ ကံထူးနိုင်ပါပြီ
အဆ ၈၀
အဆ ၁၀၀
အဆ ၂၀
အဆ ၅၀
လက်ကျန်ကစားခွင့်
1
ကံစမ်းရန်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106
call free
24 hours everyday



ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ဆင်ရွာမြင်းမှူးအသင်းနှင့် လိပ်ဆံခွန်အသင်းတို့ ယှဉ်ပြိုင်စဉ်။

# ပဥ္စမအကြိမ်မြောက် ကျောက်စိမ်းဘုရား ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝိုင်းဖွဲ့ခြင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

အမရပူရ မတ် ၉

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့် ကမ္ဘာ့ပထမဆုံး 'ဝေရောစန'ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ပဥ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၊ ကြံ့နှစ်ကောင်ဘိလပ်မြေ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ဒေသခံပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အဆင့်မြင့် ၈ ပေါက်တန်းနှင့် ၆ ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း အမျိုးသား၊ ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီတွင် စေတီတော်အနီးရှိ အားကစားကွင်း၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ဆင်ရွာမြင်းမှူးအသင်းက လိပ်ဆံခွန်အသင်းကို ၂ပွဲ - ၁ ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး မြစ်တူး(ခ)အသင်းက တတိယနှင့် လိပ်ဆံခွန်အသင်းက ဒုတိယရရှိကြသည်။

ဝိုင်းဖွဲ့ခြင်းလုံးခတ် ပထမတန်းအဆင့် ၆ ပေါက်တန်းပြိုင်ပွဲတွင် ပြည်ရွှေဘိုအသင်းက ၉၇၁ မှတ်ဖြင့် ပထမ၊ စစ်ကိုင်းတိုင်းအသင်းက ၉၁၁ ဖြင့် ဒုတိယ၊ ဝိုင်းဖွဲ့ခြင်းလုံးခတ် ဒုတိယတန်းအဆင့် ၈ ပေါက်တန်း ပြိုင်ပွဲတွင် 2 Two club ရန်ကုန်အသင်းက ၁၂၅၄ မှတ်ဖြင့် ပထမ၊ Spider-၊ ဉာဏ်တိမောင် မန္တလေးအသင်းက ၁၁၇၃ မှတ်ဖြင့် ဒုတိယ၊ မျိုးဆက်သစ် ရန်ကုန်အသင်းက ၁၀၆၀ မှတ်ဖြင့် တတိယ၊ ဝိုင်းဖွဲ့ခြင်းလုံးခတ်

စာမျက်နှာ ၁၂ ကော်လံ ၁ ◆

ရန်ကုန်မြို့တွင် ပါရာဒီဆို ရုပ်ရှင်ရုံသစ်များ ဖွင့်လှစ်
စာ-၁၀

ပေါင်၊ ကျွန်းစု၊ မန္တလေးနှင့် မလှိုင်မြို့နယ်တို့တွင် မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံး
စာ-၁၃

ကမ်းမမြင်လမ်းမမြင် အိုပက်အဖွဲ့ရဲ့ ရေနံထုတ်လုပ်မှု လျှော့ချမယ့် အစီအစဉ်
စာ-၁၅

## COVID-19 ရောဂါကြောင့် မြန်မာအသင်းယှဉ်ပြိုင်နေသည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲများ ရွှေ့ဆိုင်း

ရန်ကုန် မတ် ၉

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID-19 ရောဂါကြောင့် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့က ထုတ်ပြန်ကြေညာခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ မတ်နှင့် ဇွန်လတွင်ကျင်းပမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲများကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲများမှာ ပြီးဆုံးရန် သုံးပွဲနှင့်လေးပွဲသာ လိုတော့ပြီး COVID-19 ရောဂါကြောင့် ပွဲစဉ်များရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပွဲများကို အောက်တိုဘာနှင့် နိုဝင်ဘာတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသော်လည်း ရောဂါအခြေအနေအပေါ် မူတည်ကြောင်း သိရသည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်လက်ကျန်ပွဲများအဖြစ် မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ဇွန် ၉ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းပွဲများ ယှဉ်ပြိုင်ကစား

စာမျက်နှာ ၁၂ ကော်လံ ၅ ■

## ရှမ်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၃) ယနေ့ကျင်းပမည်



AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် မတ် ၉

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၃)ကို မတ် ၁၀ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ် (၃) အဖြစ် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ မြန်မာကလပ် ရန်ကုန်အသင်းနှင့် စင်ကာပူကလပ် ဟောင်အန်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စင်ကာပူနိုင်ငံ၌ စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရမှတ်ရရှိမှု အနေအထားအရ မြန်မာကလပ်အသင်းနှစ်သင်းစလုံး နိုင်ပွဲရရန် လိုအပ်နေပြီး အမှတ်ပြည့်ရမှသာ နောက်တစ်ဆင့်တက်ရန် ဆက်လက် မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် အုပ်စုတတိယပွဲကို တစ်ရက်တည်း

စာမျက်နှာ ၁၂ ကော်လံ ၅ ●

## ပြိုင်ဆိုင်မှု ပြင်းထန်သည့် မန်ချက်စတာဒါဘီ မန်ယူတို့ အနိုင်ရရှိ



ပရီမီယာလိဂ် ပွဲစဉ်(၂၉) အဖြစ် မတ် ၈ ရက် ညပိုင်းက မန်ယူနှင့် မန်စီးတီးအသင်းတို့ မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းအတွက် ဂိုးများကို မာရှယ်နှင့် မက်တွန်မီနေးတို့က သွင်းယူပေးခဲ့ကြသည်။ အဆိုပါပွဲသို့ ပရိသတ် ၇၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

မန်ယူအသင်းသည် အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်တွင် ဒါဘီအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည့် လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ပြီး မန်စီးတီးအသင်းကို ရင်ဆိုင်လာစေခဲ့သည်။ ဂိုးသမားနေရာတွင် ဒီဂီယာပြန်လည်ပါဝင်လာခဲ့ပြီး မက်ဂွိုင်းယား၊ ဝမ်ဘစ်ဆကာ၊ မာတစ်၊ ဖရက်၊ ဂျိမ်းစ်၊ ဖာနန်ဒက်စ်၊ မာရှယ် စသည်တို့ကို ထည့်သွင်းပွဲထွက်လာကာ မန်စီးတီးအသင်းကလည်း အော့တာမန်ဒီ၊ ကန်ဆယ်လို၊ ဇင်ချန်ကို၊ ဖာနန်ဒင်ဟို၊ ဂန်ဒိုဂန်၊ ရိုဒရီ၊ အဂူရို၊ စတားလင်းတို့နှင့် ဂိုးသမားနေရာတွင် အီဒါဆင်ကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။

မန်ယူအသင်းသည် ပွဲစသည်နှင့် မန်စီးတီးအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှုများ၊ ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ်ခဲ့သည်။ မန်စီးတီးအသင်းသည် ပထမပိုင်းပွဲချိန်အတွင်း မန်ယူအသင်းဘက်သို့ ဂိုးကန်သွင်းယူမှု နည်းပါးခဲ့ပြီး မန်ယူအသင်းကသာ အကြိမ်ကြိမ်ဖိအားပေးနေခဲ့သည်။ မန်စီးတီးအသင်းမှ စတားလင်းသည် မန်ယူအသင်းဘက်သို့

စာမျက်နှာ ၁၂ ကော်လံ ၅ ❑